SAMPLE BOOK

RICH DAD'S

# RICH KID SMART KID

Robert T. Kiyosaki
Sharon L. Lechter




# ချမ်းသာတဲ့ကလေး ပါးနပ်တဲ့သူငယ်


ညီညီနိုင်

ဒုတိယအကြိမ်

mgyoe.com

## ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်၏စာအုပ်များ

mgyoe.com
SAMPLE BOOK

























mgyoe.com

mgyoe.com

တန်ဖိုး
၅၀၀၀ ကျပ်
●
အုပ်ရေ
၅၀၀ အုပ်
●
ဒုတိယအကြိမ်
၂၀၂၂ ခုနှစ် ဇွန်လ
●
မျက်နှာဖုံး
ခိုင်ခိုင်
●
ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
●
ပုံနှိပ်သူ
ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press ပုံနှိပ်တိုက်၊
အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
●
စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

Rich Dad's

# RICH KID SMART KID

Robert T.Kiyosaki

# ချမ်းသာတဲ့ကလေး ပါးနပ်တဲ့သူငယ်

ညီညီနိုင်

mgyoe.com

mgyoe.com SAMPLE.BOOK

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး၊ |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး၊ |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး၊ |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

မိတ်ဆက်နိဒါန်း ၇

အပိုင်း - ၁
ငွေဆိုတာ အကြံဉာဏ် တစ်ခုပါပဲ ၂၁

အခန်း - ၁ ၂၃
ကလေးအားလုံးဟာ ချမ်းသာပြီး စာတော်ဖို့ မွေးလာကြတာ
အခန်း - ၂ ၃၃
ခင်ဗျားရဲ့ကလေးဟာ ဉာဏ်ကြီးရှင်တစ်ယောက်လား
အခန်း - ၃ ၆၆
ကလေးတွေကို ငွေမပေးခင် စွမ်းအားသတ္တိ ပေးပါ
အခန်း - ၄ ၉၈
ချမ်းသာချင်ရင် အိမ်စာ, အိမ်အလုပ် မှန်မှန်လုပ်ပါ
အခန်း - ၅ ၁၁၈
သင့်ကလေးအတွက် အောင်မြင်ရေးဖော်မြူလာ ဘယ်နှစ်ခု လိုသလဲ
အခန်း - ၆ ၁၃၇
အသက် ၃၀ ရောက်ရင် ခင်ဗျားကလေးရဲ့တိုးတက်မှု ရပ်သွားမှာလား
အခန်း - ၇ ၁၅၆
အသက် ၃၀မတိုင်မီ အငြိမ်းစားယူနိုင်ပုံပလား

အပိုင်း - ၂ ၁၈၅
ငွေချမ်းသာအောင် လုပ်မပေးနိုင်ပါ

အခန်း - ၈ ၁၈၈
ကျွန်တော့်ဘဏ်ပိုင်ရှင်က ရီပိုကတ် ဘယ်တော့မှ မတောင်းပါ

mgyoe.com

mgyoe.com SAMPLE BOOK

**အခန်း – ၉** ၂၀၆
ကလေးတွေက ကစားရင်းနှင့် ပညာသင်ကြတာ
**အခန်း –၁၀** ၂၂၆
ငွေစုသူအရှုံးသမား

**အခန်း –၁၁** ၂၄၇
အကြွေးကောင်းနှင့် အကြွေးဆိုး ခြားနားမှု

**အခန်း –၁၂** ၂၆၄
တကယ့်ငွေအစစ်နှင့် သင်ကြားမှု
**အခန်း– ၁၃** ၂၇၉
ကလေးများ စီးပွားရေးအိုင်ကြူ မြင့်တတ်စေမယ့်နည်းများ
**အခန်း – ၁၄** ၃၀၀
မုန့်ဖိုးအပိုငွေ ဘာအတွက် ပေးတာလဲ

အပိုင်း – ၃ ၃၂၁
ကလေးတွေရဲ့ ဉာဏ်ရည်ကိုရှာခြင်း
**အခန်း – ၁၅** ၃၂၆
ကလေးရဲ့ ပင်ကိုဉာဏ်စွမ်း ရှာနည်း
**အခန်း – ၁၆** ၃၃၂
အောင်မြင်မှုဆိုတာ ဖြစ်ချင်တဲ့ဘဝကို လွတ်လွတ်လပ်လပ် ဖန်တီးခွင့်ရခြင်းပါ

နိဂုံး ၃၄၅
ကမ္ဘာပေါ်တွင် အရေးကြီးဆုံးအလုပ်
[ ရှုန်လက်ချ်တာ ရေးသည်။]

**နောက်ဆက်တွဲ – က** ၃၅၁
ကလေးများကို အသုံးစရိတ် ပေးသင့်,မပေးသင့်
**နောက်ဆက်တွဲ – ခ** ၃၆၅
စီးပွားရေးလောကသို့ လေ့လာရေးခရီး

mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်နိဒါန်း

သမိုင်းတစ်လျှောက်မှာ ဒီကနေ့ပညာရေးက ပိုအရေးကြီးနေပါတယ်။

ကျွန်တော်တို့ဟာက စက်မှုခေတ်ကို ကျောခိုင်းနောက်ချန်ထားခဲ့ပြီး၊ နည်းပညာခေတ်ထဲ ဝင်ခဲ့ကြတာနှင့်အမျှ ပညာရဲ့တန်ဖိုးက ဆက်လက်မြင့်တက်နေခဲ့တယ် ဆိုရမှာပါပဲ။

ဒီနေ့ပေါ်ပေါက်လာတဲ့ မေးခွန်းကတော့ ကလေးတွေ ကျောင်းမှာသင်ယူနေရတဲ့ ပညာရေးဟာ စိန်ခေါ်လာတဲ့ကမ္ဘာသစ်ကို ထိပ်တိုက် ရင်ဆိုင်နိုင်ပါ့မလား။

စက်မှုခေတ်မှာတုန်းကတော့ ကျောင်းတက်မယ်, ဘွဲ့ယူမယ်, အသက်မွေးဝမ်းကျောင်းဘဝကို စ,မယ်။ အပိုထပ်ဆောင်းတဲ့ပညာတွေ တတ်စရာ မလိုဘူး။ ဘာကြောင့်လဲဆိုတော့ အပြောင်းအလဲတွေက သိပ်မမြန်သေးလို့ပေါ့။ တစ်နည်းပြောရရင် ကျောင်းသင်ပညာရေးဟာ အဲဒီတုန်းက ဘဝအတွက် လုံလောက်တယ်လေ။

ဒီနေ့ အငြိမ်းစားယူတော့မည့်ဆဲဆဲ သန်းပေါင်းများစွာသော သက်ကြီးအိုတွေထဲက အများစုဟာ သူတို့တတ်ခဲ့တဲ့ပညာတွေနှင့် ခေတ်သစ်, ကမ္ဘာသစ်ကို ရင်ဆိုင်ဖို့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ အမှန်တရားကို နားလည်ခဲ့ကြပါပြီ။

ပညာတတ်ဆိုတဲ့ ပုဂ္ဂိုလ်များစွာကိုယ်တိုင် ပညာမတတ်တဲ့လူတွေနှင့် တန်းတူ စီးပွားရေးအခက်အခဲတွေ ရင်ဆိုင်ရတာဟာ သမိုင်းမှာ ပထမဆုံး ကြုံရတဲ့ အဖြစ်ပါပဲ။

သူတို့ဟာ ထပ်ဆင့်ပညာတွေ သင်ယူလေ့ကျင့်နိုင်ပါမှ မျက်မှောက်ခေတ်လုပ်ငန်း လိုအပ်ချက်တွေနှင့် ကိုက်ညီမယ်ဆိုတာလည်း တွေ့သိခဲ့ကြရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မိတ်ဆွေရဲ့ ပညာရေးအောင်မြင်မှုကို ဘယ်အချိန်မှာ တိုင်းတာတွက်ချက်ရမှာလဲ။ ကျောင်းက ပေးအပ်ခဲ့တဲ့ပညာရေး တိုးတက်မှုအစီရင်ခံစာ (ရီပို့ကတ်)ရတဲ့ အချိန်မှာလား။ ဒါမှမဟုတ် ခင်ဗျား အငြိမ်းစားယူတဲ့အချိန် (အသက် ၆၅နှစ်)မှာရှိတဲ့ ပညာရေးရဲ့ အကျိုးသက်ရောက်မှုကိုလား။

သက္ကရာဇ် ၂၀၀၀ ခုနှစ် ဇူလိုင်လ ၁၆ ရက် တနင်္ဂနွေနေ့မှာ ထုတ်ဝေခဲ့တဲ့ ကျွန်တော်တို့မြို့က အရီဇိုနာ ရီပတ်ဗလစ် သတင်းစာမှာ ဆောင်းပါးတစ်ပုဒ် ပါခဲ့ပါတယ်။ အဲဒါကတော့...

'အမေရိကန် ကျန်းမာရေးစီမံကိန်းလုပ်ငန်းစုရဲ့ ဆန်းစစ်ချက်အရ သက်ကြီးရွယ်အို ခုနစ်သိန်းဟာ ကျန်းမာမှုထိန်းသိမ်းရေးအဖွဲ့အစည်းတွေရဲ့ ကျန်းမာရေး ပြုစုစောင့်ရှောက်တဲ့ အခွင့်အရေးတွေ ဖြတ်တောက်ခံရတော့မယ်'လို့ ဆိုခဲ့ခြင်းပါပဲ။

ဆောင်းပါးမှာ ဆက်ရေးထားတာက...

'သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးစရိတ်က နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသလို အသက် အာမခံကုမ္ပဏီတွေအတွက်လည်း အမြတ်မကျန်တာကြောင့် ကျန်းမာရေးထောက်ပံ့မှုတွေကို လျှော့ချရတော့မှာ ဖြစ်ပါတယ်'တဲ့။

နောက်ဆယ်နှစ်အတွင်းမှာ သက်ကြီးရွယ်အို ၇၅ သန်း ထပ်တိုးလာမှာဖြစ်တဲ့အတွက် ဘိုးဘွားတွေရဲ့ ကျန်းမာရေးပြုစု စောင့်ရှောက်ရေးဟာ ပြဿနာကြီးတစ်ရပ်ပါပဲတဲ့။

## ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကိန်းဂဏန်းများ

ကျန်းမာရေး ပညာရေးနှင့် လူမှုရေးဆိုင်ရာဌာနရဲ့ လေ့လာသုံးသပ်ချက်တစ်ရပ်မှာ ၆၅ နှစ်ရှိတဲ့ လူ ၁၀၀ မှာ ၁ ယောက်ပဲ ချမ်းသာပြီး၊ ၄ ယောက်က ချောင်ချောင်လည်လည် ရှိပါတယ်။ ငါးယောက်က အလုပ် ဆက်လုပ်နေရသလို ၅၆ ယောက်ကတော့ အစိုးရ ဒါမှမဟုတ်

mgyoe.com

mgyoe.com
SAMPLE BOOK

မိသားစုဆွေမျိုးတွေရဲ့ အထောက်အပံ့ခံ ဖြစ်နေရတယ်ဆိုပဲ။ ကျန်တဲ့လူတွေကတော့ ကွယ်လွန်သွားကြပါသတဲ့။

ဒီစာအုပ်ဟာ အဲဒီလိုချမ်းသာတဲ့ လူတစ်ယောက်အကြောင်း မဟုတ်ပါဘူး။ အထောက်အပံ့ခံဘဝရောက်တဲ့ ၅၆ ယောက်လို့မဖြစ်အောင် ရည်ညွှန်းချင်တာပါ။ အဲဒီထဲမှာ မိတ်ဆွေနှင့် မိတ်ဆွေရဲ့သားသမီးတွေ မပါစေချင်တာ အဓိကပါပဲ။

လူတွေက မကြာခဏ ကျွန်တော့်ကို ပြောပါတယ်။

"ကျုပ်တို့ အငြိမ်းစားယူချိန်မှာ ငွေ သိပ်မလိုတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ကျုပ်တို့ရဲ့ စားဝတ်နေရေးစရိတ်တွေကလည်း လျော့သွားမှာ ဖြစ်လို့ပါပဲ"တဲ့။

သူတို့ပြောတာ မှန်သင့်သလောက် မှန်ပေမယ်။ မမာမကျန်းကိစ္စကို သူတို့ ထည့်မတွက်ခဲ့တာ သေချာပါတယ်။ ဒါကြောင့်လည်း HMOလို့ ခေါ်တဲ့ ကျန်းမာမှုထိန်းသိမ်းရေးအဖွဲ့အစည်းတွေက လူအိုတွေရဲ့ ဆေးကုသစရိတ်တွေကို ဖြတ်ခဲ့ရတာပေါ့။ အိုမင်းမစွမ်း လူနာတွေကို ပြန်ထူထောင်လာအောင် ကုပေးဖို့ဟာ အလွန့်ကို ငွေကုန်ကြေးကျ များပါတယ်။

နောင်လာမယ့်နှစ်တွေမှာ သန်းပေါင်းများစွာသော လူအိုတွေရဲ့ သေရေးရှင်ရေးကိစ္စဟာ ပိုပြီးပြတ်သားလာမှာတော့ ဧကန်ပါပဲ။

အပွင့်လင်းဆုံးပြောရရင် ငွေရှိတဲ့လူသာ အသက်ရှင်မယ်။ ငွေမရှိရင်တော့ သေမှာပဲပေါ့။

မေးခွန်းက အဲဒီအဘိုးအိုတွေရဲ့ တတ်ကျွမ်းထားတဲ့ပညာရေးဟာ သူတို့ဘဝနေဝင်ချိန်မှာ ငွေကြေးအရ ဖူလုံမှုပေးနိုင်ပါ့မလား ဆိုတာပါပဲ။

နောက်မေးခွန်းအနေနှင့် ဒီ သက်ကြီးရွယ်အိုတွေရဲ့အခြေအနေဆိုးကိုကြည့်ပြီး၊ မိတ်ဆွေ့ရဲ့သားသမီးပညာရေးအတွက် ဘာလုပ်ပေးရမလဲ။

မေးခွန်း ၂ အတွက် အဖြေကလည်း ၂ ခု ရှိပါတယ်။

နံပါတ် ၁ အဖြေကတော့ မိတ်ဆွေရဲ့ရင်သွေးငယ်ဟာ ကျန်းမာရေးစရိတ် မပေးနိုင်တော့တဲ့ သန်းပေါင်းများစွာသော ဘိုးဘွားတွေအတွက် ပြုစုကုသပေးဖို့တာဝန် မလွှဲမသွေ ရှိလာတာပဲပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

နံပါတ် ၂ အဖြေအဖြစ်က နောက်ထပ်မေးခွန်းတစ်ခု ပေါ်လာပြန်ပါတယ်။ မိတ်ဆွေရဲ့သားသမီးတွေပညာရေးဟာ သူတို့ အလုပ် မလုပ်တော့တဲ့အခါ အိုမင်းမစွမ်းရှိချိန်မှာ အစိုးရနှင့် တခြားကျန်းမာရေး အထောက်အပံ့တွေ မလိုတော့လောက်အောင် ငွေရေးကြေးရေး ပြည့်စုံတောင့်တင်းမှုကို ပေးနိုင်ရဲ့လား။

ဥပဒေသတွေ
ပြောင်းကုန်ပြီ

စက်မှုခေတ်ရဲ့ဥပဒေသက ကျောင်းသွား, ပညာသင်, ဘွဲ့ကောင်းကောင်းယူ, အကျိုးအမြတ်နှင့် အာမခံချက်ရှိတဲ့အလုပ်ရှာ, အဲဒီ အလုပ်မှာ တစ်သက်လုံးလုပ်။

နောက် အနှစ် ၂၀ အကြာ၊ ဒါမှမဟုတ် အငြိမ်းစားယူတဲ့အချိန်မှာ ကုမ္ပဏီ၊ သို့မဟုတ် အစိုးရက နောက်ပိုင်းမှာ တာဝန်ယူစောင့်ရှောက်ပေးလိမ့်မယ်။

အခု နည်းပညာခေတ်မှာတော့ ဥပဒေသက ပြောင်းသွားပါပြီ။ ကျောင်းသွား, ပညာသင်, ဘွဲ့ကောင်းကောင်းယူ, အလုပ်တစ်ခုရှာ, အဲဒီအလုပ်တွေက မွမ်းမံလေ့ကျင့်, ပြီးတော့ကုမ္ပဏီအသစ် ထပ်ရှာ, အလုပ်အသစ်လုပ်, မွမ်းမံလေ့ကျင့်, နောက် ၆၅ နှစ်ကျော်တဲ့အထိ အလုပ်အသစ်လုပ်, ငိုပိုငွေလျှံလေးတွေစုဖို့ မျှော်လင့်ဆုတောင်း။ ဒါမှလည်း ၇၀ ပိုင်းမှာ ကောင်းကောင်းမွန်မွန် နေရမှာ။

စက်မှုခေတ်က ကိုင်စွဲတဲ့သီအိုရီက အိုင်စတိန်းရဲ့ $E= MC^2$ ဖြစ်ပါတယ်။

နည်းပညာခေတ်မှာ ကျင့်သုံးတဲ့သီအိုရီကတော့ မိုးရ်ရဲ့ ဥပဒေသပါ။ အဲဒီမှာ ၁–နှစ်ခွဲကြာတိုင်း မိမိရဲ့အယူအဆတွေထဲမှာ နည်းပညာသစ်, သတင်းအသစ်တွေကို ၂–ဆ ပေါင်းထည့်တဲ့ နည်းပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်မျိုးပြောရင် ပြောင်းလဲမှုကို အလျင်မီအောင်လိုက်ပြီး၊ ၁၈ လကြာတိုင်း ပညာဗဟုသုတတွေကို သဘောတရားပါ ထပ်ပြီး လေ့လာဆည်းပူးဖို့ လိုတယ်ဆိုတာပဲ ဖြစ်ပါတယ်။

စက်မှုခေတ်မှာ အပြောင်းအလဲက နှေးပါတယ်။ ကျောင်းသင်ပညာလောက်နှင့် တစ်သက်စာ လုံလောက်ပါတယ်။

သတင်းနှင့် နည်းပညာခေတ်မှာ ကိုယ်သိထားသမျှဟာ အချိန်တိုလေးအတွင်းမှာ တကယ့်ကို လျင်မြန်စွာ ခေတ်နောက်ကျသွားပါလိမ့်မယ်။

ကိုယ်က အရေးကြီးတယ်လို့ သင်ကြားထားတာတွေဟာ မြန်မြန်ထက်ထက်နှင့် ပြောင်းလဲသွားရာက အရေးမကြီးတော့တဲ့အဖြစ်နှင့် သတင်းသစ်အတွက် မှိုင်းမြိုင်းပြုစရာအနေနှင့်သာ ကျန်ခဲ့တာ ကြုံရပါတော့လိမ့်မယ်။

ကျွန်တော့်မိဘနှစ်ပါးစလုံးဟာ စီးပွားပျက်ကပ်ဆိုက်ချိန်မှာ ကြီးပြင်းလာကြတာပါ။ သူတို့အဖို့ အလုပ်အာမခံချက်ရှိရင်အားလုံး ပြည့်စုံတယ်လို့ယူဆခဲ့ကြပါတယ်။

ဒီနေ့အဖို့ကတော့ အလုပ်တွေက တစ်ပုံကြီးပါပဲ။ စိန်ခေါ်မှုကတော့ လက်ရှိအလုပ်ဟာ ခေတ်နောက်ကျကျန်ခဲ့ရာက ကိုယ်ကိုယ်တိုင်လည်း အောက်ကျနောက်ကျဘဝမှာ ငုတ်တုတ်မေ့မကျန်ခဲ့ဖို့ပါပဲ။

အသက်အရွယ်ကိုလိုက်ပြီး၊ ထူးခြားပြောင်းလဲမှုတွေလည်း အများကြီး ရှိပါသေးတယ်။

စက်မှုခေတ်မှာ အလုပ်ရှင်ဟာ အလုပ်သမားရဲ့ အငြိမ်းစားယူရေးကိစ္စအတွက် တာဝန်ခံရပါတယ်။

သတင်းခေတ်မှာတော့ အလုပ်သမားကပဲ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရပါတယ်။ အသက် ၆၅နှစ်နောက်ပိုင်း လက်ထဲမှာ ငွေမရှိတာဟာ သူ့ပြဿနာပဲဖြစ်ပြီး၊ ကုမ္ပဏီနှင့် ဘာမှမဆိုင်ပါဘူး။

စက်မှုခေတ်မှာ အသက်ကြီးလေ တန်ဖိုးပိုရှိလေပေါ့။

နည်းပညာခေတ်မှာတော့ အသက်ငယ်လေ တန်ဖိုးပိုရှိလေပါ။

စက်မှုခေတ်မှာ လူတွေဟာ အလုပ်သမားအဖြစ် တစ်သက်လုံးနေသွားကြရပါတယ်။

mgyoe.com

m:gyoe.com SAMPLE BOOK

နည်းပညာခေတ်ကျတော့ လွတ်လပ်တဲ့ကိုယ်စားလှယ်တွေ ပိုများလာကြပါပြီ။

စက်မှုခေတ်တုန်းက စာတော်တဲ့ချာတိတ်တွေဟာ ဆရာဝန်တွေ၊ ရှေ့နေတွေဖြစ်ခဲ့ကြတယ်။ ဝင်ငွေ ကောင်းခဲ့ကြတယ်လေ။

နည်းပညာခေတ်အဖို့ လက်ဖျားငွေသီးတဲ့လူတွေဟာ အားကစားသမားတွေ၊ ရုပ်ရှင်သရုပ်ဆောင်တွေ၊ ဂီတသမားတွေ ဖြစ်လာကြပါတယ်။ ဆရာဝန်နှင့် တခြား တတ်သိပညာရှင်တွေဟာ စက်မှုခေတ်ကလောက် ဝင်ငွေမကောင်းတော့တာ အမှန်ပါပဲ။

စက်မှုခေတ်အနေနှင့် လူတစ်ယောက်နှင့် သူ့မိသားစု ငွေကြေးအကျပ်အတည်းကြုံရင် အစိုးရက ဝင်ကယ်ထုတ်ဖို့ လွတ်နိုင်ပါတယ်။

နည်းပညာခေတ်မှာ နိုင်ငံရေးသမားတွေ အာဘောင်အာရင်းသန်သန်နှင့်ပြောသလောက် လူမှုရေးအကူအညီတွေ တကယ်ရမလားပဲ။ ကိုယ့်အားကိုယ်ကိုးတဲ့ဘဝ ရောက်လာကြရပါတယ်။

အပြောင်းအလဲတွေ ဖြစ်လာတာနှင့်အမျှ စံထားလောက်တဲ့ ခုခံကာကွယ်မှုတွေလည်း ပေါ်လာစမြဲပါပဲ။ နမူနာ သင်ခန်းစာတွေအဖြစ်နှင့် လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကို ပြန်ကြည့်ရင် သိသာပါတယ်။

၁။ ဘီလ်ဂိတ်ဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးသူဌေးကြီး ဖြစ်ခဲ့ရတာဟာ IBM ကုမ္ပဏီကအဘိုးကြီးတွေ ဥပဒေသတွေ ပြောင်းလဲမှုနှင့် ဈေးကွက်ကို မသုံးသပ်မလေ့လာလို့ ဖြစ်ပါတယ်။ လစ်ဟင်းခဲ့တာကြောင့် အဘိုးကြီးတွေ အပြောင်းအလဲကို သတိမပြုခဲ့တာကြောင့်လည်း IBMမှာ ရင်းနှီးမြှုပ်နှံသူတွေဟာ ဒေါ်လာတွေ သန်းထောင်နှင့်ချီပြီး ဆုံးရှုံးနစ်နာခဲ့ရလေရဲ့။

၂။ ကနေ့ဆိုရင် အသက် ၂၀ လူငယ်တွေထောင်တဲ့ သတင်းနှင့်နည်းပညာကုမ္ပဏီတွေ ပေါ်ထွန်းလာနေပါပြီ။ နည်းပညာကော်ပိုရေးရှင်းတွေကို ၄၀ ကျော်လူလတ်ပိုင်းတွေက ဝယ်ယူ ဦးစီးနေတာလည်း တွေ့ရပါလိမ့်မယ်။ AOL, Time Warner တွေဟာ ဥပမာပါပဲ။

၃။ ဒီနေ့ အသက် ၂၀ လောက်နှင့် ဘီလျံနာကုဋေကြွယ်သူဌေး ကီးတွေရှိလာပါတယ်။ ဒါဟာ အသက် ၄၀ အရွယ် တာဝန်ခံအမှုဆောင်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

က အသက် ၂၀ လူငယ်တွေလောက်မှ မလျှင်လို့, အခွင့်အလမ်းတွေကို မမြင်ခဲ့ကြလို့ပါပဲ။

၄။ ဒီနေ့ပေါ်ထွန်းလာတဲ့ အသက် ၂၀ ကိုယ်တိုင်လုပ်ဘီလျံနာတွေဟာ ဘယ်အလုပ်မှ ဝင်မလုပ်ဖူးခဲ့ကြပါဘူး။ တစ်ချိန်တည်းမှာပဲ ၄၀ ကျော် အရွယ်ဟိုင်းကြီးတွေက အလုပ်သစ်ရဖို့ မွမ်းမံသင်တန်းတွေ တက်နေရပါတယ်။

၅။ လာမယ့်အနာဂတ်မှာ အလုပ်လျှောက်တဲ့လူတွေထက် အလုပ်ကို လေလံဆွဲမယ့်လူတွေ တန်းစီနေမယ်လို့လည်း ခန့်မှန်းကြတယ်။ အလုပ်တစ်ခုမှာ ၁–နှစ်ထက်ပိုပြီး ကြာအောင်လုပ်သူတွေဟာ လစာပို လျှော့ခံရလိမ့်မယ်လို့လည်း ပြောနေကြလေရဲ့။

၆။ ကုမ္ပဏီကြီးတစ်ခုမှာ နေရာကောင်းရဖို့ မျှော်လင့်မယ့်အစား သူတို့ရဲ့ အိပ်ခန်းထဲမှာ ကိုယ်တိုင်လုပ်ငန်းစ,နေတဲ့ ကျောင်းသားတွေ ပိုများလာကြပါတယ်။ ဟားဗက်တက္ကသိုလ်ကြီးမှာတောင် တီထွင်စမ်းသပ်မှုတွေ လုပ်နေတဲ့ ကျောင်းသားတွေကို အထောက်အကူပြုဖို့ ရုံးခန်းတစ်ခန်း အထူးဖွင့်ပေးထားရတယ်လို့ သိရပါတယ်။ (တကယ်တော့ သူတို့ကို ကြိုပိုင်ရိုက်ထားတယ်ဆိုတာထက် ကျောင်းပျော်အောင် ဖန်တီးပေးထားတာပါ။)

၇။ အမေရိကန်တစ်ဝှမ်းလုံးက အလုပ်သမားထုကြီးရဲ့ ထက်ဝက်လောက်ဟာ ကုန်ပစ္စည်းတံဆိပ်ကပ်တဲ့ အရည်အချင်းလောက်နှင့် လုပ်ခ နည်းနည်းလေး ရနေကြပါသတဲ့။ ဒီလူတွေ အသက်ကြီးလာရင် ဘယ်လိုဖြစ်ကုန်မလဲ။ သူတို့တတ်ထားတဲ့ပညာနှင့် စိတ်ချရပါ့မလား။

၈။ ကြိုက်ရာရွေး ပညာရေးစံနစ်မှာ ကိုယ့်အိမ်မှာ ကိုယ်သင်တဲ့ပုံစံဟာ ခေတ်စားလာတယ်။ ဒီနေ့ဆိုရင် အိမ်သင်ပညာရေးနှင့် စာသင်နေကြတဲ့ ကလေးတွေဟာ တစ်နှစ်ကို ၁၅ ရာခိုင်နှုန်း တိုးပွားလာနေကြပါပြီ။

၉။ မိဘတွေဟာလည်း သူတို့သားသမီးတွေအတွက် တခြားပညာရေးစံနစ်တွေကို စမ်းသပ် ရှာဖွေနေကြပါတယ်။ ကက်သလစ်စံနစ်၊

mgyoe.com

mgyoe.com SAMPLE BOOK

ဝေါလ်ဒေါ့ဖ်၊ ဒါမှမဟုတ် မွန်တတ်ဆိုရီ သင်ကြားရေးပုံစံမျိုးတွေပဲ ဖြစ်ပါတယ်။ ဒါဟာ ရှေးဆန်သလောက် ခေတ်နောက်ကျနေတဲ့ အစိုးရရဲ့ပညာရေးစံနစ်က သူတို့သားသမီးတွေရဲ့ လိုအပ်ချက်နှင့် မကိုက်ညီတော့လို့ ကျောင်းပြောင်းကြတာပါပဲ။

ကလေးတွေရဲ့ ရှေးဦးသင် အခြေခံပညာရေးဟာ တက္ကသိုလ်၊ ကောလိပ်ပညာ ရေးလိုပဲ အရေးကြီးတယ်ဆိုတာ နားလည်လာတဲ့ မိဘတွေ တစ်နေ့တခြား ပိုများလာကြပါပြီ။

အချိန်တို အချိန်ပိုင်း စခန်းသွင်းပြီး ဂရုတစိုက် ကြပ်မတ် သင်ကြားတဲ့ ဝိုင်းစံနစ်နှင့် ကွန်ပျူတာနှင့်သင်ကြားတဲ့စံနစ်တွေဟာလည်း အသုံးတည့်တဲ့ နောက်ဆုံးပေါ် ပညာသင်စံနစ်ဖြစ်ပြီး၊ အောင်မှတ်ကောင်းစေသလို ဆယ်ကျော်သက်တွေရဲ့ မိမိကိုယ်မိမိ ယုံကြည်မှုကို ကြီးမားစေတာ တွေ့ရပါတယ်။ အဲဒါတွေကို Learning Forum (စာသင်ဝိုင်း) က တာဝန်ယူသလို www. Supercamp.com ဆိုပြီးတော့လည်း ရှိပါတယ်။

၁၀။ သတင်းနှင့် နည်းပညာခေတ်ဟာ စီးပွားရေးအပြောင်းအလဲတွေကို အကြီးအကျယ်ပြောင်းလဲနိုင်စွမ်းရှိသလို၊ တတ်သူနှင့် မတတ်သူ၊ ရှိသူနှင့် မရှိသူကြားက ကွာဟချက်တွေဟာလည်း ကြီးမားမှာ သေချာပါတယ်။ တချို့လူတွေအတွက် ဒီအပြောင်းအလဲဟာ ကောင်းချီးမင်္ဂလာရှိမှာ ဖြစ်ပေမယ့်၊ တချို့လူတွေအတွက်တော့ ကျိန်စာဖြစ်သွားနိုင်ပါတယ်။ ကျန်တဲ့လူတွေအဖို့တော့ လာတော့မယ့်ပြောင်းလဲမှုတွေဟာ ဘာမှ ထူးခြားမယ် မထင်ပါဘူး။

ကျွန်တော့်သူဌေးဖေဖေရဲ့ စကားနှင့်ပြောရရင်...

"ဒီလောကမှာ ကိစ္စရပ်တွေကို ဖြစ်အောင်လုပ်တဲ့လူတွေ ရှိသလိုပဲ၊ ဖြစ်သမျှကို ထိုင်ကြည့်နေတဲ့လူတွေလည်း ရှိတယ်။ ပြီးတော့ 'ဘာဖြစ်နေတာလဲ'လို့ မေးတဲ့လူတွေလည်း ရှိတာပဲ"တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ပညာရေးရဲ့
ယခင်နှင့်မတူအောင်
အရေးပါမှု

ပညာရေးဟာ ဘယ်တုန်းကနှင့်မှ မတူအောင် အရေးပါလာပါတယ်။ ဒါဟာ ဘယ်တုန်းကနှင့်မှ မတူအောင် အပြောင်းအလဲတွေက မြန်လာလို့ပါပဲ။

ဟိုးအစကတော့ ကျောင်းမှာစာတော်ရင် စီးပွားရေး နားမလည်ပေမယ့် ဝင်ငွေကောင်းကောင်း ရကြပါတယ်။

ခုတော့ ဒီလို မဟုတ်တော့ပါဘူး။

ဘဏ်လုပ်ငန်းရှင်တွေက ကျွန်တော်တို့ ပညာရည်တိုးတက်မှုရှိပို့ကတ်တွေထက်၊ ကျွန်တော်တို့ရဲ့ ငွေကြေးစီးပွားရေးဆိုင်ရာ အသိပေးဖော်ပြချက်တွေ မေးမြန်းတာကို ပိုအာရုံစိုက်လာပါပြီ။

ဒီစာအုပ်ဟာ စာဖတ်သူရဲ့သားသမီးများ သင်ကြားဖို့ လိုအပ်တဲ့ တကယ့်လက်တွေ့ဘဝ မျက်မှောက်ကမ္ဘာကြီးမှာ စီးပွားရေးအောင်မြင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးအောင်မြင်မှုတွေ ရရှိရေးအကြောင်းတွေ ရေးထားတာပဲဖြစ်ပါတယ်။

သင့်ကလေးတွေရဲ့ ဒီနေ့ပညာရေးဟာ သူတို့ရင်ဆိုင်ရမယ့် အနာဂတ်အတွက်ပြင်ဆင်မှုတွေ လုံလုံလောက်လောက် ရပါရဲ့လား။ သူတို့ကျောင်းက ပညာသင်စနစ်က သူတို့ရဲ့အထူးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ပါရဲ့လား။

ကလေးတွေကျောင်းနေရတာ မပျော်ရင်၊ ဒါမှမဟုတ် စာညံ့နေရင် မိဘတွေအနေနှင့် ဘာလုပ်မလဲ။

အောင်မှတ်ကောင်းရုံနှင့် ဘဝတစ်သက်စာ အသက်မွေးဝမ်းကျောင်းဖူလုံပါ့မလား။ စီးပွားရေးအရ အောင်မြင်မှုကော ရှိပါ့မလား။

မိတ်ဆွေတို့သားသမီးတွေရဲ့ ဆန္ဒအတိုင်း ရှေးရိုးစဉ်လာ စက်မှုလက်မှုကျောင်းမျိုးလိုကျောင်းတွေကို ပို့ဖို့များ လိုနေမလား။

mgyoe.com

mgyoe.com SAMPLE BOOK

**ဒီစာအုပ်က**
**ဘယ်သူ့အတွက်ပါလိမ့်**

ဒီစာအုပ်ဟာ ကမ္ဘာကြီးပြောင်းလဲနေတာကို နားလည်ပြီး လက်ရှိပညာရေးစနစ်ဟာ ကလေးတွေရဲ့ အထူးလိုအပ်ချက်နှင့် မကိုက်ညီတော့ဘူးလို့ သံသယရှိတဲ့ မိဘတွေအတွက် ရည်ရွယ်ခဲ့တာပါ။

ဒီစာအုပ်ကို ကလေးတွေရဲ့ပညာရေး ခေတ်မီတိုးတက် ထိပ်တန်းတက်စေချင်တဲ့ မိဘတွေအတွက် ရေးတာပါ။

ဒီစာအုပ်အနေနှင့် မျက်ဝါးထင်ထင် ထိတွေ့သိမြင်နေရတဲ့ ယနေ့ကမ္ဘာကြီးအတွက် မိဘတွေ ကြိုတင်ပြင်ဆင်နိုင်ဖို့ အထောက်အကူပြုပါလိမ့်မယ်။

အထူးသဖြင့် ...

ရွှေတွေ ပုံမပေးရဘဲနှင့် သားသမီးတွေကို စီးပွားရေးဦးနှောက် စီးပွားရေးမျက်စိ အစပျိုးဖွင့်ပေးချင်တဲ့ မိဘတွေ သိထားဖို့ ဖြစ်ပါတယ်။

ကလေးတွေရဲ့ မွေးရာပါ ပါရမီဉာဏ်ရည်နှင့် ပညာသင်မှုပုံစံတွေကို ဖွံ့ဖြိုးစေပြီး၊ ဘဝလမ်းတစ်လျှောက်မှာ အဖိုးတန်ပညာတွေကို တန်ဖိုးထားမက်မောတတ်သူတွေအဖြစ် ပုံသွင်းပေးလိုတဲ့ မိဘတွေကို ထိုက်ထိုက်တန်တန်အကျိုးပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဒီစာအုပ်မှာ**
**ဖွဲ့စည်းမှု**

ဒီစာအုပ်မှာ အပိုင်း ၃ ပိုင်း ပါပါတယ်။

'အပိုင်း ၁'ကတော့ ကျောင်းစာပညာနှင့် စီးပွားရေးပညာ ၂–မျိုးစလုံးအပေါ် ခြုံငုံသုံးသပ်ချက်တွေနှင့် အစပျိုးထားပါတယ်။

ကျွန်တော့်စာအုပ်တွေ ဖတ်ဖူးသူတွေအနေနှင့် ကျွန်တော့်မှာ 'သူဌေးဖေဖေ'နှင့် 'ဆင်းရဲဖေဖေ'ဆိုပြီး အဖေ ၂–ယောက် ရှိခဲ့တာ သိပြီးသားဖြစ်မှာပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

သူဌေးဖေဖေက သူငယ်ချင်းမိုက်ရဲ့အဖေ, စီးပွားရေးလုပ်ငန်းများ ပိုင်ရှင်ကြီးဖြစ်ပြီး၊ ဆင်းရဲဖေဖေကတော့ ကျွန်တော်အဖေရင်း, ပါမောက္ခ, တက္ကသိုလ်ကျောင်းအုပ်ကြီးပါပဲ။

ကျွန်တော်က ဆင်းရဲဖေဖေကို ပညာပါရမီရှင်, ကျောင်းဆရာကြီး အဖြစ် မြင်ပါတယ်။ သူဌေးဖေဖေကိုတော့ စီးပွားရေးပါရမီရှင်, ဉာဏ်ကြီးသူ တစ်ယောက်လို့ ခေါ်ချင်ပါတယ်။

ကျွန်တော်ဟာ အဖေ ၂–ယောက်စလုံးဆီက ပညာတွေယူခဲ့သူ ဖြစ်ပါတယ်။

'အပိုင်း ၁'မှာပဲ စာဘက်မှာတော်သလောက် စီးပွားရေးမှာ ညံ့ခဲ့တဲ့ ဆင်းရဲဖေဖေဟာ ကျောင်းမှာပြဿနာကောင်ဖြစ်ခဲ့တဲ့ ကျွန်တော့်ဘဝကို သူ တတ်နိုင်သလောက်ထိန်းကျောင်းပေးခဲ့တဲ့ ကျေးဇူးကြောင့် လမ်းမချော်ခဲ့တဲ့ အကြောင်းတွေ တင်ပြထားပါတယ်။

အလားတူပဲ၊ စီးပွားရေးပါရမီရှင် သူဌေးဖေဖေ့ရဲ့ကျေးဇူးကလည်း ကြီးမားလှပါတယ်။ သူက ကျွန်တော်ကို ၉ နှစ်, ၁၀ နှစ် ကလေးဘဝက အစပျိုးပြီး၊ ငွေကြေးနှင့် စီးပွားရေးပညာတွေ သင်ပေးခဲ့ရာက သူ့လမ်းညွှန်မှု နှင့် ကျွန်တော် ကြီးပွားချမ်းသာခဲ့ရတဲ့အကြောင်းတွေ ပါပါတယ်။

'အပိုင်း –၂'မှာတော့ အဖေ ၂ ယောက်က ကျွန်ုပ်ကော်ဲ အမြင်မရှင်း တာတွေကို လေ့လာသုံးသပ်ပြီး တက္ကသိုလ်ဆက်တက်နိုင်အောင် ကူညီခဲ့ပုံ တွေ၊ စီးပွားရေးနားလည်အောင် သွန်သင်ခဲ့ပုံတွေ၊ မျက်မှောက်ကမ္ဘာကြီး အတွက် ကြိုတင်ပြင်ဆင်မှုလမ်းညွှန်တွေ ရေးထားပါတယ်။

အလုပ်ခွင်အာမခံချက် နည်းသည်ထက်နည်းလာတဲ့ ဒီခေတ်ကြီးမှာ စီးပွားရေးအာမခံချက်ရဖို့ ဘယ်လိုကျွမ်းကျင်မှုတွေ လိုအပ်သလဲ ဆိုတာလည်း ပါပါတယ်။

မိဘတွေက သားသမီးတွေရဲ့ခေါင်းထဲကို အလုပ်နှင့် ငွေအကြောင်း ပညာဗဟုသုတတွေ ဘယ်ပုံစံ ထည့်ပေးရမယ်ဆိုတာကလည်း စိတ်ဝင်စား စရာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

'အပိုင်း –၃'ကတော့ ကလေးတွေရဲ့ပင်ကိုဉာဏ်နှင့် မွေးရာပါ ပါရမီတွေကို ခန့်မှန်းတွက်ချက်နိုင်တဲ့ နောက်ဆုံးပေါ်နည်း စနစ်တွေကို ပုံဆောင်ပြသထားပါတယ်။ ဒါဟာ စာပညာသင်ရေးအတွက်လည်း အသုံး တဝင် ရှိမှာပါ။ တစ်ပြိုင်တည်းမှာလည်း လက်တွေ့ ပညာသင်ကြားရေးကို ပံ့ပိုးမှု ပေးထားပြန်ပါတယ်။

အိုင်းစတိုင်းဟာ ကျောင်းနေစဉ် ဉာဏ်ထိုင်းသလောက်၊ ကြီးလာ တော့ ကမ္ဘာက အလေးအမြတ်ပြုရတဲ့ မဟာသိပ္ပံပညာကျော်ကြီး ဖြစ်ခဲ့ရပါ တယ်။ ပါရမီဆိုတာ ခန့်မှန်းရခက်တဲ့သဘောရှိကြောင်း ပြဆိုတာပါပဲ။

တစ်နေ့မှာ ထင်ရှားတဲ့ တီထွင်သူတစ်ယောက်က 'ဗဟုသုတ ပြည့်ဝဖို့ အရေးကြီးတယ်'လို့ ပြောလိုက်ပါတယ်။ ဒါကို အိုင်းစတိုင်းက သဘောမတူပါဘူး။ သူက...

"အချက်အလက် ဗဟုသုတတွေရဖို့ ကောလိပ်သွားတက်စရာ မလိုပါဘူး။ စာအုပ်တွေဖတ်ရုံနှင့် သိပါတယ်။ ခေတ်မီတဲ့ ကောလိပ်ကျောင်း ပညာရေးရဲ့တန်ဖိုးကတော့ တွေးခေါ်မြော်မြင်တတ်အောင် လေ့ကျင့်ပေး ခြင်းပါပဲ"တဲ့။

ပြီးတော့ သူက ပြောပါသေးတယ်။

"စိတ်ကူးဉာဏ်ရင့်သန်ခြင်းဟာ ဗဟုသုတထက် ပိုအရေးကြီး တယ်"

ကျွန်တော်တွေ့ဖူးသမျှ မိဘတွေရဲ့ကလေးတိုင်းဟာ စာတော်တဲ့ ပါရမီရှင်လေးတွေပါပဲ။ ဒါပေမယ့် ကျောင်းရောက်တဲ့အခါ သူတို့ရဲ့ပါရမီ၊ ဗီဇ, ဝါသနာတွေဘေးချိတ်ပြီး ပုံစံကိုက်စာတွေကို နင်းသင်တော့တာပါပဲ။ လက်ရှိပညာရေးစနစ်နှင့် ကလေးတွေနှင့် မကိုက်တော့တာကို ပါမောက္ခအဖေ နှင့် တခြားပညာရှင်ဆရာကြီးတွေ သဘောပေါက်ကြပါတယ်။

ကလေးတွေရဲ့ပါရမီဉာဏ်နှင့် လိုက်ဖက်တဲ့ ပညာ၊ အံဝင်ခွင်ကျ ရှိမယ့် သင်ကြားရေးစနစ်တွေ တီထွင်ကြံဆ အမိလိုက်ဖို့ လိုအပ်ကြောင်း လည်း ပြောလိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ပညာရှင်အဖေက လက်ရှိပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်လို့ အုပ်စု ၃-စု ကွဲနေကြောင်း ထောက်ပြပါတယ်။ လုံးဝ ပြောင်းလဲချင်တဲ့အုပ်စု၊ လုံးဝ မပြောင်းချင်တဲ့အုပ်စု၊ ပြောင်းပြောင်း, မပြောင်းပြောင်း တို့နှင့်မဆိုင်ဘူးဆိုတဲ့ ဖာသိဖာသာအုပ်စုတွေပဲ ဖြစ်ပါသတဲ့။

နိဂုံးချုပ်မှာ ပညာရှင်အဖေက "ကလေးတွေရဲ့လက်ဦးဆရာဟာ မိဘတွေဖြစ်သလို၊ မိဘဟာ အရေးကြီးဆုံး ဆရာတွေပဲ"တဲ့။

ပြဿနာက မိဘအတော်များများက သားသမီးတွေကို ပညာတတ်ဖို့ အရေးကြီးတယ်ဆိုပြီး ကျောင်း ပို့ကြပေမယ့်၊ သူတို့ကိုယ်တိုင်ကတော့ ပညာရေးနှင့်ပတ်သက်လို့ ဘာမျှ ဆက်မလုပ်ကြဘူး။

ကျောင်းတွေဟာ နားထောင်တာထက် ကြည့်ပြီးသင်ရတာ ပို အားသန်ကြတယ်။ ကလေးတွေဟာ အပြောနှင့်အလုပ် ညီ,မညီကိုလည်း စောင့်ကြည့်တတ်ကြပါတယ်။ အပြောတစ်မျိုး အလုပ်တခြား ဖြစ်နေတဲ့ မိဘတွေကို ကလေးတွေက ကျိတ်ပြုံးကြမှာ မလွဲပါဘူး။

သူဌေးဖေဖေ အမြဲ ပြောလေ့ရှိပါတယ်။

"မင်းအပြုအမူတွေက မင်းစကားလုံးတွေထက် ပို အသံကျယ်တယ်"တဲ့။ ပြီးတော့...

"မင်း မိဘကောင်းဖြစ်ချင်ရင် ပြောတဲ့အတိုင်း လုပ်ရမယ်"လို့လည်း ဆုံးမခဲ့ပါတယ်။

မိတ်ဆွေမှာ သားသမီးတွေရှိရင် ပညာရေးဆိုင်ရာ ဒီစာအုပ်ကို ဖတ်တဲ့အတွက်၊ ကလေးတွေရဲ့ပညာရေးကို ဦးစားပေး စိတ်ဝင်စားတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့။

မိဘတိုင်းလိုလိုက ကလေးတွေပညာရေး အရေးကြီးတယ် ပြောပြီး ကလေးတွေကိုပညာပေးဖို့ စာအုပ်ထွေကျတော့ လူနည်းစု လောက်ပဲ ဖတ်ကြတာကလား။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း — ၂

mgyoe.com

mgyoe.com SAMPLE BOOK

## ငွေဆိုတာ
## အကြံဉာဏ်
## တစ်ခုပါပဲ

ကျွန်တော်ခပ်ငယ်ငယ်က သူဌေးဖေဖေ အမြဲပြောဖူးတယ်။

"ငွေဆိုတာ အကြံဉာဏ်တစ်ခုပါပဲ"တဲ့။

တစ်ဆက်တည်းပြောတာက...

"ငွေက မင်းလိုချင်တာ ဘာမဆိုဖြစ်အောင် လုပ်ပေးနိုင်တယ်။ မင်းက ဘယ်တော့မှ ကျွန်တော် ချမ်းသာမှာမဟုတ်ဘူးဆိုရင် မင်း တစ်သက်လုံး ချမ်းသာခွင့်ရတော့မှာ မဟုတ်ဘူး"

ကျွန်တော်ရဲ့ ပညာရှင်ဖေဖေကတော့ ပညာရေးနှင့်ပတ်သက်ပြီး...

"တကယ်လို့ ငါတတ်နိုင်မယ် မထင်ဘူးဆိုရင်လည်း မင်း ဘယ်လိုမှ တတ်နိုင်တော့မှာမဟုတ်ဘူး"

အဲသလိုပဲ ပြောခဲ့တာ အများကြီးပါပဲ။

'မွေးလာတဲ့ကလေးတိုင်းဟာ စာတော်ပြီး ချမ်းသာဖို့ဆိုတာ ဖြစ်နိုင်ပါမလား'တဲ့။

တချို့လူတွေက ဖြစ်နိုင်တယ်လို့ ထင်ကြပြီး၊ တချို့ကတော့ မဖြစ်နိုင်ပါဘူးတဲ့။

ဒီစာအုပ်ရဲ့ ပထမပိုင်းဟာ မိတ်ဆွေရဲ့ကလေးအတွက် ဖြစ်နိုင်ခြေရှိမှုဘက်က ခုခံကာကွယ်ပေးဖို့ ညွှန်းဆိုထားတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း-၁

## ကလေးအားလုံးဟာ ချမ်းသာပြီး စာတော်ဖို့ မွေးလာကြတာ

ကျွန်တော့်အဖေ ၂ ယောက်စလုံး တကယ့်ဆရာကြီးတွေပါပဲ။ နှစ်ယောက်စလုံးလည်း ပညာ ထူးချွန်ကြပါရဲ့။ ဒါပေမယ့် သူတို့က တစ်မျိုးစီ တော်ကြသလို၊ သင်ကြားရမှာလည်း သန်ရာသန်ရာ သင်ပေးကြတာပါ။

သူတို့ ၂ ဦးဟာ ကွဲပြားခြားနားမှုတွေ ဘယ်လိုပဲရှိရှိ ကလေးတွေနှင့် ပတ်သက်လို့တော့ ယုံကြည်တာချင်း တူသွားကြပါတယ်။ သူတို့က 'ကလေးအားလုံးဟာ ပညာတော်ဖို့နှင့် ချမ်းသာဖို့ မွေးဖွားလာကြတာ'လို့ ယုံကြည်ကြတာပဲပေါ့။

ကလေးငယ်တစ်ယောက်အနေနှင့် ဆင်းရဲကြောင်းသာ သင်ခဲ့ရရင် သူဟာ တခြားကလေးတွေထက် ညံ့သွားမှာပဲလို့ ယုံကြည်ခဲ့ကြပါတယ်။

ပြီးတော့လည်း အဖေ ၂ ဦးစလုံးက 'ကလေးတစ်ယောက်ချင်းရဲ့ မွေးရာပါ ပါရမီကို ဆွဲထုတ်ရင် ရတယ်'လို့ ယုံကြည်ခဲ့တာမို့လည်း ပညာရှင်ဆရာကြီးတွေ ဖြစ်ခဲ့ကြတာ ဆိုရပါမယ်။

တစ်နည်းဆိုရင်တော့ သုတပညာကို ရိုက်သွင်းလို့မရဘူးဆိုတာ ယုံကြည်ခဲ့ကြသလို၊ ကလေးငယ်ရဲ့ပါရမီကို နှိုးကြားထက်သန်လာအောင် လှုံ့ဆော်ပေးလို့ ရတယ်လို့လည်း ယုံကြည်ခဲ့ကြပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

Education ပညာသင်ကြားမှုဆိုတဲ့ စကားလုံးကိုက ဆွဲထုတ်ပေးခြင်းဆိုတဲ့ လက်တင်စကား Educare က ဆင်းသက်လာတာပါ။

ကျွန်တော်တို့ အတော်များများဟာ ကံမကောင်းစွာနှင့် ခေါင်းထဲရိုက်သွင်းခံရပြီး မစို့မပို့လေးသိသလောက်ကို ကြာရှည်ကြာမျော အသည်းစွဲမှတ်ထားရပါတယ်။ နောက်တစ်ဖန် အစမ်းစာပေးပွဲအစစ်ခံဖို့ ကျက်မှတ်ထားမှုတွေကို စာမေးပွဲဖြေပြီးတာနှင့် သင်ကြားချက်တွေနှင့်အတူ မေ့ဖျောက်ပစ်လိုက်ကြရပါရော။

ကျွန်တော့်အဖေတွေကတော့ သူတို့ရဲ့အယူအဆ, အကြံဉာဏ်တွေကို ကျွန်တော့်ခေါင်းထဲ ပွတ်သိပ်ထိုးညှပ်ပြီးထည့်တာမျိုး မလုပ်ပါဘူး။

သူတို့က နည်းနည်းလေးပဲပြောပြီး၊ ကျွန်တော်သိချင်တာကို မေးဖို့အချိန်ပေးလေ့ ရှိကြပါတယ်။

ဒါမှမဟုတ် သူတို့က မေးခွန်းထုတ်ပြီး ကျွန်တော် ဘာတွေသိသလဲလို့ အစ်ထုတ်တတ်ကြပါတယ်။ သူတို့သိတာတွေ ပြောပြမယ့်အစားကျွန်တော့်ကို ဦးစားပေး ပြောခိုင်းတာပါ။

အဖေ ၂ ယောက်စလုံးကတော့ ကြီးကျယ်မြင့်မြတ်တဲ့ ဆရာကြီးတွေဖြစ်သလို၊ ကျွန်တော့်တစ်သက် ဦးထိပ်ရွက်တင်ထားရမယ့် မေတ္တာရှင်တွေပါပဲ။

ဒါနှင့်အမျှ ကျွန်တော့်အမေရဲ့ ကျေးဇူးကိုလည်း မေ့လို့ရမှာ မဟုတ်ပါဘူး။ အမေဟာလည်း ဆရာကောင်းသမားကောင်းပီသသလို၊ စံပြမိခင်ကောင်းတစ်ယောက် ဖြစ်ခဲ့ပါတယ်။

အမေဟာ တခြားလူတွေအပေါ် အရေးထားဂရုစိုက်ဖို့ အရေးကြီးပုံတွေ၊ ကြီးမားကျယ်ပြန့်တဲ့ သနားကြင်နာမှုတွေ၊ မေတ္တာတရားတွေ ဝေငှပေးဖို့ သင်ကြားပေးခဲ့တဲ့ ဆရာတစ်ဆူပါပဲ။

အမေ့ခမျာ ငယ်ငယ်ရွယ်ရွယ် အသက် ၄၈ နှစ်မှာပဲ ကံမကောင်းအကြောင်းမလှစွာ တိမ်းပါးသွားခဲ့ရှာပါတယ်။

သူဟာ ငယ်ငယ်လေးကတည်းက ပါလာတဲ့ အဆစ်အမြစ်ရောင်ရောဂါက ဆက်နွယ်ရလာတဲ့ နှလုံးအားနည်းတဲ့ဒဏ်ကို တစ်ချိန်လုံး ခံစားပြီးမကျန်းမာခဲ့ရပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ဝေဒနာ ဖိစီးနေပါလျက်က တစ်ဖက်သားကို ကြင်နာမှု၊ ချစ်ခင်မှုတွေ ထားရှိနိုင်စွမ်းရှိခဲ့ပြီး၊ ကျွန်တော့်ကို သင်ခန်းစာ ပြနိုင်တာပေါ့။

အမေ့အကြောင်းတွေးလိုက်တိုင်း ကြင်နာတတ်သူတစ်ယောက် ဖြစ်ခဲ့တာသတိရပြီး၊ ကျွန်တော်ကိုယ်တိုင် ဒေါသကြီးသူတစ်ယောက် မဖြစ်အောင် စောင့်ထိန်းနိုင်ခဲ့ပါတယ်။ ဒါဟာ အမေ့ဆီက ကျွန်တော် ရလိုက်တဲ့ အမွန်မြတ်ဆုံးအမွေပါပဲ။

ကျွန်တော် ကြားဖူးပါတယ်။ 'အမျိုးသားတွေဟာ အမေနှင့် တူတဲ့ ဇနီးတွေကို လက်ထပ်ယူလေ့ ရှိကြတယ်' ဆိုတာပါပဲ။ ဒီစကားဟာ ကျွန်တော့်အဖို့လည်း မှန်ပါတယ်။ ကျွန်တော့်ဇနီးကမ်ဟာလည်း သူမတူအောင် ကိုယ်ချင်းစာကြင်နာတတ်တဲ့ မေတ္တာရှင်တစ်ဦး ဖြစ်ခဲ့ပါတယ်။

ကမ် သူ့အမေကိုဆက်ဆံပုံ ကြည့်ပြီး ကျွန်တော့်အမေနှင့်ဆိုရင်လည်း တကယ့်သမီးနှင့် အမေတွေလို ဖြစ်နေမှာပဲလို့ အောက်မေ့မိပါရဲ့။

ကျွန်တော်ဟာ စိတ်တူ၊ သဘောတူ၊ ဝါသနာတူ၊ အလုပ်တူတဲ့ ဘဝအဖော်မွန်တစ်ယောက်ကို လိုချင်ခဲ့ပါတယ်။ ဒါဟာလည်း ကျွန်တော့် အဖေနှင့်အမေရဲ့ အိမ်ထောင်ရေးဘဝမှာ 'ငြိမ်းချမ်းရေးကော်ပိုရေးရှင်း' မှာ အတူလက်တွဲလုပ်ခဲ့ကြတဲ့အချိန်က ပျော်စရာအကောင်းဆုံးနေ့တွေ ဖြစ်ခဲ့တာကို အားကျခဲ့ရလို့ပါပဲ။

သမ္မတကြီးကနေဒီဟာ 'ငြိမ်းချမ်းရေးကော်ပိုရေးရှင်း' ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့တာ ခုထိ မှတ်မိပါသေးတယ်။ အမေနှင့် အဖေတို့နှစ်ယောက်စလုံး အဲဒီလုပ်ငန်းကို အားတက်သရော ခြေစုံပစ်ဝင်လုပ်ခဲကြတာပါ။

အဖေက သူ့ကို အရှေ့တောင်အာရှဆိုင်ရာ လေ့ကျင့်ရေးညွှန်ကြားရေးမှူး ရာထူးပေးတဲ့အခါ ဝမ်းပန်းတသာလက်ခံပြီး အမေ့ကိုလည်း သူနာပြုဆရာမအဖြစ် ဝင်လုပ်ဖို့ ပြောခဲ့ပါတယ်။ သူတို့ရဲ့အိမ်ထောင်သက်မှာ အပျော်ဆုံး ၂–နှစ်တာကာလ ဖြစ်ခဲ့တယ်ဆိုပါတော့။

ကျွန်တော်အနေနှင့် သူငယ်ချင်းမိုက်ရဲ့အမေအကြောင်း ကောင်းကောင်းမသိတာ အမှန်ပါ။ ကျွန်တော်ဟာ သူတို့နှင့်အတူ မကြာမကြာညစာ

mgyoe.com

mgyoe.com SAMPLE BOOK
စားခဲ့ကြပေမယ့် မိုက်အမေကို အမှန်အကန်နားလည်တယ်လို့ မပြောနိုင်ပါဘူး။

ကျွန်တော်နှင့် မိုက်က သူ့အဖေနှင့် အလုပ်ရှုပ်နေတဲ့အချိန်မှာ သူ့အမေကလည်း ကလေးတွေနှင့် ဗျာများနေတာကိုး။

ဒါပေမယ့် သူတို့အိမ်မှာ အနေကြာလာတော့မှ မိုက်အမေဟာလည်း ကြင်နာစိတ်အပြည့်နှင့် သဘောကောင်းသူဖြစ်ပြီး ကျွန်တော်တို့ လိုအပ်သမျှကို မညည်းမညူ ဆောင်ကြဉ်းပေးတာ တွေ့လာရပါတယ်။

သူ့အမေဟာလည်း သူ့အဖေရဲ့ ဧရာမဘဝအဖော်မွန်ပဲလို့ ရဲရဲကြီး ပြောနိုင်ပါတယ်။ သူတို့ချင်း မြတ်နိုးကြင်နာမှုတွေနှင့် တစ်ယောက်လုပ်သမျှ တစ်ယောက်က ကြည်ဖြူနေကျဖြစ်ပါသည်။

သူ့ဟာ အေးအေးဆေးနှင့် သိုးသန့်နေတတ်ပေမယ့် ကျွန်တော်နှင့် မိုက်တို့ ကျောင်းမှာ စာသင်ခဲ့ရတာတွေ၊ အလုပ်တွဲလုပ်ကြတာတွေကို အမြဲစိတ်ဝင်တစား အားပေးတတ်သူပါ။

ဒီတော့ ကျွန်တော် မိုက်အမေအကြောင်း ဂဃနဏမသိတဲ့တိုင်အောင် တစ်ဖက်သားစကားကို အရေးတယူနားထောင်ဖို့၊ တခြားလူတွေကို ဦးစားပေးပြောဆိုခိုင်းဖို့၊ ကိုယ်နှင့် သဘောချင်းမတိုက်ဆိုင်ပေမယ့် တစ်ဖက်လူရဲ့အကြံအစည် အယူအဆတွေကို လေးစားတတ်ဖို့ဆိုတဲ့ အတုယူစရာ ပညာတွေ ရခဲ့ပါတယ်။ မိုက်မေမေဟာ သိမ်မွေ့အေးဆေးလှသူ တစ်ယောက်ပါပဲ။

ကျွန်တော့်မိဘ
နှစ်ပါးထံမှ
သင်ခန်းစာ

တစ်မိ,တစ်ဖတည်းကမွေးတဲ့ သားသမီးတွေရဲ့ မိသားစုဘဝဟာ သာယာချမ်းမြေ့မှုရတယ်ဆိုရင်၊ အဲဒီလူဟာ ကျွန်တော်ပါပဲ။

အမေရောအဖေရောက သွန်သင်ဆုံးမမှုကောင်းတဲ့ လက်ဦးဆရာတွေ ဖြစ်ခဲ့ကြတာဟာ ကျွန်တော့်ဘဝရဲ့ကြီးပွားတိုးတက်မှုမှာ အထူး အရေးပါခဲ့ပါတယ်။
mgyoe.com

mgyoe.com SAMPLE BOOK

ဥပမာအနေဖြင့် ကျွန်တော်ဟာ သက်တူရွယ်တူကလေးတွေနှင့် ယှဉ်လိုက်ရင် အားလုံးထဲမှာ ဗလကောင်းကောင်းနှင့် ထွားကျိုင်းတယ်လို ဆိုရပါမယ်။ ဒါနှင့်အမျှ အမေက ဗလအားကိုးနှင့် လူတစ်ဖက်သားလို အနိုင်ကျင့်တတ်တဲ့ လူရမ်းကားလေးဖြစ်မှာ သိပ်စိုးရိမ်ခဲ့ပါတယ်။

ဒါကြောင့်လည်း အမေက မပြတ် သတိပေး နှိပ်ကွပ်ခဲ့ရာက ကျွန်တော်ဟာ ဒီနေ့ခေတ်စကားနှင့် ပြောရရင် မိန်းမရှာဆန်ဆန်တောင် ဖြစ်ခဲ့ရပါတယ်။

စောစောက ပြောခဲ့သလိုပဲ။ အမေဟာ ကိုယ်ချင်းစာစိတ် ကြီးမားပြီး မေတ္တာတရား ကြီးမားတာနှင့်အမျှ သူ့လိုပဲ ကျွန်တော့်ကို ပုံသွင်းခဲ့တာပါ။ သူ ပုံသွင်းတဲ့အတိုင်းပဲ ကျွန်တော် ကြီးပြင်းခဲ့ရပါတယ်။

'ရောဘတ်ကို ဒေါင်းတိမောင်းတိနှင့် ကျားကျားယားယား နေခိုင်းပါ'တဲ့။

တစ်နေ့မှာ အတန်းပိုင်ဆရာက ကျွန်တော့်ရီပို့ကတ်မှာ မှတ်ချက် ရေးပေးလိုက်ပါတယ်။

သူက ဖာဒီနန်ဆိုတဲ့ နွားသိုးကြီးအကြောင်းလည်း သတိပေးပါ တယ်။ (ရောမနွားရိုင်းကြီးဟာ သူနှင့် ယှဉ်သတ်ရမယ့်လူကို လိုက်သတ်ရ မယ့်အစား ပရိသတ်တွေက ကြိုးဝိုင်းထဲပစ်ပေးတဲ့ ပန်းတွေကို လိုက်နမ်းနေတဲ့ ဇာတ်လမ်းလေးပါ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျွန်တော့်အမေရဲ့ အကြိုက်ဆုံး အိပ်ရာဝင်ပုံပြင်လေးလည်း ဖြစ်ပါတယ်။)

'တခြားကျောင်းသားတွေက သူ့ကို ဆွဲလားယမ်းလား တွန်းလား ထိုးလားဝိုင်းလုပ်တာ သူ့ဗလကြီးနှင့် ငုံ့ခံနေတယ်'တဲ့။

အမေက ရီပို့ကတ်ကိုဖတ်ပြီး သဘောကျသွားပါတယ်။ အဖေ ပြန်လာလို့ ရီပို့ကတ်ကို ဖတ်လိုက်ရတဲ့အခါမှာတော့ ဒေါသူပုန် ထသွားပါ လေရော။

"တခြားကောင်တွေ စော်ကားတာကို မင်း ဘာလို့ ငြိမ်ခံနေရတာ လဲ။ ဘာလို့ မင်းကို အနိုင်ကျင့်ခွင့် ပေးရတာလဲ။ မင်းက သူတော်စင် လုပ်မလို့လား"စသဖြင့် ဆူပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်ကလည်း အမေ့စကားကိုနားထောင်ပြီး၊ ဘာမျှ ပြန်မလုပ်တဲ့အကြောင်း ရှင်းပြလိုက်ပါတယ်။

အဖေက အမေ့ဘက်လှည့်သွားရာက…

"ကျောင်းမှာ ကျောင်းသားဆိုးလေးတွေက အနိုင်ကျင့်တတ်ကြတယ်ကွ။ အဲဒီကောင်မျိုးတွေနှင့် ဘယ်လို ဆက်ဆံရမယ်ဆိုတာ ကလေးတွေကို သင်ပေးရမယ်။ ဒီလို လူဆိုးလူညစ်တွေ အနိုင်ကျင့်တာကိုခံနေရင် အကျင့်ပါသွားပြီး ကြီးတဲ့အခါ လူကြောက် ဖြစ်မယ်။ ဗိုလ်ကျတတ်တဲ့ကောင်တွေအပေါ် မေတ္တာထားတာ ဆက်ဆံရေးပုံစံတစ်ခု မှန်ပေမယ့် သည်းခံမှန်းသိလို့ ရောင့်တက်လာရင်တော့ ပြန်ဆော်ရမှာပဲ"

ဒီနောက် အဖေက ကျွန်တော့်ဘက် ပြန်လှည့်လာပါတယ်။

"တခြားကောင်တွေ မင်းကို ဝိုင်းစတော့ ဘယ်လို ခံစားရသလဲ"

ကျွန်တော် မျက်ရည်တွေကျလာရင်းက ငိုပြောမိတယ်။

"ကျွန်တော် တုန်လှုပ်ချောက်ချားသွားတယ်။ အားကိုးရာမဲ့ ဖြစ်ပြီးတော့လည်း ကြောက်မိတယ်။ ကျောင်းတက်ချင်စိတ်လည်း မရှိတော့ဘူး။ ကျွန်တော် သူတို့ကို ပြန်ဆော်ချင်တယ်။ ဒါပေမယ့် မေမေဖြစ်စေချင်တဲ့ လူလိမ္မာတစ်ယောက်လည်း ဖြစ်ချင်တယ်။ သူတို့က ကျွန်တော့်ကို 'ဖက်တီး' လို့, 'ငပေါကြီး'လို့ခေါ်တာ သိပ်မုန်းတာပဲ။ သူတို့လုပ်သမျှ ငြိမ်နေရင်းက ကိုယ့်ကိုယ်ကိုယ် မိန်းမလျာဖြစ်သွားသလို ထင်မိတယ်။ ကျွန်တော်က ရပ်ပြီးငိုနေတာနှင့် ကောင်မလေးတွေကတောင် ဝိုင်းရယ်ကြသေးတယ်"

အဖေက အမေ့ဘက်လှည့်ပြီး အကြာကြီး စိုက်ကြည့်တယ်။ ဒီဖြစ်ရပ်ကို သူ မကြိုက်တဲ့အကြောင်း မျက်လုံးနှင့် အသိပေးတာပါပဲ။ ပြီးတော့…

"ကဲ။ မင်း ဘာလုပ်ချင်သလဲ"

"ကျွန်တော် ပြန်ဆော်ချင်တယ်။ ဒီကောင်တွေကို ကျွန်တော် ရေရေလည်လည်တွယ်နိုင်တယ်။ ဒီကောင်တွေက လူတကာကို လိုက်စော်ကားနေတဲ့ ငတေလေးတွေပဲ။ ကျွန်တော်က အတန်းထဲမှာ အဝဆုံးမို့လည်း ဝိုင်း စကြတာပေါ့။ လူတိုင်းကလည်း ကျွန်တော်က အကောင်ကြီးတဲ့အတွက် သူတို့ကို မလုပ်ဖို့ ပြောကြတယ်။ ကျွန်တော် ဘာမှ ပြန်မလုပ်

mgyoe.com

mgyoe.com SAMPLE BOOK

တော့ သူတို့က ပိုဆိုးလာတယ်။ ကိုယ်ထိလက်ရောက် စော်ကားလာကြတယ်။ ကျွန်တော် တစ်ယောက်ချင်း ကိုင်ပေါက်ချင်လိုက်တာ အသည်းကိုယားလို့"

အဖေက လေအေးလေးနှင့် ပြောပါတယ်။

"အေး။ သူတို့ကိုတော့ ပြန်မထိုးနှင့်ပေါ့။ ဒါပေမယ့် ရှေ့ဆက် စော်ကားလို့တော့ မခံဘူးဆိုတာ အကြောင်းပြဖို့လိုတယ်။ ခုဆိုရင် မင်းဟာ ကိုယ့်ကိုယ်ကိုယ် တန်းဖိုးထားလေးစားခွင့် ရှိတယ်ဆိုတဲ့ အရေးကြီးတဲ့ သင်ခန်းစာကို နားလည်သွားပြီး။ ကိုယ့်အခွင့်အရေးတွက် ကိုယ် ရပ်တည ကာကွယ်ရမယ်။ သူတို့ကို ခံမချဘဲနှင့် ပညာပေးဖို့ နည်းလမ်းကို မင်းဘာသာ မင်းပဲ ရှာတော့သား"

ကျွန်တော် အငိုရပ်သွားပါတယ်။ ရဲစွမ်းသတ္တိတွေ ဝင်လာသလို ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတဲ့စိတ်တွေနှင့်အတူ ကျောင်းပြန်တက်ဖို့ အဆင် သင့်ဖြစ်သွားပါတယ်။

နောက်နေ့ကျတော့ အမေနှင့်အဖေကို ကျောင်းက အခေါ်လွှတ် လိုက်ပါတယ်။အတန်းပိုင်ဆရာနှင့် ကျောင်းအုပ်ကြီးကို သွားတွေ့ကြရ တာပါ။

ပြဿနာမဟုတ်တဲ့ ပြဿနာပါပဲ။

နံနက်ပိုင်းမုန့်စားချိန်။ ကျောင်းဝင်းထဲမှာ ဟို ၂-ကောင်က ကျွန်တော့်ကို လိုက်စ,တယ်။ ကျွန်တော်က မစဖို့ ပြောတယ်။ မရဘူး။ ဒါနှင် အတန်းထဲပြန်ခဲ့တယ်။ သူတို့ထမင်းဗူးတွေ သွားယူပြီး ရွှံ့အိုင်ထဲ သွန် ပစ်လိုက်တယ်။ ဒီတင် ငတိတွေက ကျွန်တော့်ကို ညုပ်ထိုးတော့တာပဲ။ ကျွန်တော်က ပြန်မထိုးပါဘူး။ ဒါပေမယ့် ၂ ကောင်စလုံးကို ရွှံ့ဗွက်ထဲ တွန်းချပစ်လိုက်တယ်။

ဆရာမက အဖြစ်အပျက်အစအဆုံး သူမြင်ခဲ့တော့ ကျွန်တော် မလွန်ပါဘူးလို့ ပြောပြတာနှင့် သက်သာသွားတာပေါ့။

နောက်တစ်နေ့။ အဲဒီကောင်တွေ ကျွန်တော့်ကို ရဲရဲတောင် မကြည့်ဝံ့တော့ဘူး။ တခြားသူငယ်ချင်းတွေက သူတို့ကိုလည်း ဗိုလ်ကျနေတဲ

mgyoe.com SAMPLE BOOK

ငဆိုး၂-ကောင်ကို ဆုံးမလိုက်တဲ့အတွက် ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး ချီးကျူးစကား ဝိုင်းပြောကြလေရဲ့။

ကျွန်တော်က သူတို့ကို ကျေးဇူးတင်ကြောင်းပြောပြီး...

"အဲဒါပဲကွ။ ကိုယ့်ကို ရန်စလာရင်တော့ ပြန်ဆော်လိုက်။ ငုံ့ခံနေရင် ဘဝတစ်လျှောက်လုံး သရဲဘောကြောင်သွားမယ်။ တစ်လောကလုံးက ဝိုင်းအနိုင်ကျင့်ဗိုလ်ကျတာ ခွင့်ပြုရာရောက်သွားမယ်"

အဲသလို ကျွန်တော်က ဆရာကြီးလုပ်ပြီး အဖေသွန်သင်ချက်အတိုင်း ပြန်ပြောခဲ့တာကို အဖေသိတော့ အတော်လေးကျေနပ်သွားတယ်။

ဒီနောက်ပိုင်းတော့ ကျွန်တော်တို့ပထမတန်းမှာ အေးချမ်းသွားပါတော့တယ်။ ကျွန်တော့်ကို အတန်းဖော်တွေက လေးစားလာကြသလို၊ ကျွန်တော့်ကိုယ်ကျွန်တော်လည်း တန်ဖိုးထား လေးစားမိတယ်။

အတန်းထဲမှာ အလှဆုံးကောင်မလေးနှင့်တောင် သူငယ်ချင်း ဖြစ်ခဲ့ရတယ်။ ပိုပြီး စိတ်ဝင်စားစရာကောင်းတာက ဗိုလ်ကျတဲ့ ၂-ကောင်လည်း ကျွန်တော့်သူငယ်ချင်းတွေ ဖြစ်လာကြတာပါပဲ။

ထိတ်လန့်မှုနှင့် ကြောက်ရွံ့မှုတွေကို လက်ခံမယ့်အစား၊ အာကောင်းမောင်းသန် တွန်းလှန်ပစ်လိုက်တာဟာ ငြိမ်းချမ်းရေးရတာပဲဆိုတဲ့ သင်ခန်းစာကို ကောင်းကောင်းကြီးရလိုက်ပါတယ်။

ဒီဖြစ်ရပ်ကို အကြောင်းပြုလို့ ကျွန်တော့်ဟာ အမေ့ဆီက ချစ်ခြင်းမေတ္တာကော၊ အဖေ့ဆီက မဟုတ်ရင်မခံနှင့် ဆိုတဲ့ ရဲစွမ်းသတ္တိ အားမာန်တွေပါ ရလိုက်ပါတယ်။

အလွန်အကျွံမဖြစ်အောင်လည်း ထိန်းတတ်လာတယ်။

သစ်ပင်တွေဟာ ရေငတ်ရင် မရှင်သလို၊ ရေအလွန်အကျွံ လောင်းမိပြန်ရင်လည်း သေတတ်တာပဲ မဟုတ်လား။

ကျောင်းအုပ်ကြီးရုံးခန်းက အိမ်ပြန်လာတဲ့ညမှာ အဖေက...

"လူတွေဟာ အဖြူနှင့်အမည်း၊ ဒါမှမဟုတ် အမှားနှင့် အမှန်ဆိုတဲ့ ကမ္ဘာထဲမှာ နေကြတာ များတယ်။ 'ပြန်မတွန်းလှန်' နှင့် ပြောသူတွေ ရှိသလို၊ 'ပြန်လှန်ပစ်' လို့ ပြောသူတွေလည်း ရှိမယ်။ ဘဝအောင်မြင်ရေးအတွက်

mgyoe.com SAMPLE BOOK

အဓိကသော့ချက်ကတော့ ပြန်လှန်တဲ့အခါမှာ အင်အားကို ဘယ်လောက်သုံးရမယ်ဆိုတာ ချိန်ဆနိုင်ခြင်းပဲ"လို့ ထပ်သင်ပေးပါတယ်။

ဒီအပြင် သူ ပြောလေ့ရှိတာက...

"အသိဉာဏ်ဆိုတာ မှားတာ,မှန်တာထက် သင့်လျော်သလို ဆုံးဖြတ်တတ်တာပဲ"တဲ့။

အမေ့ဆီက နူးညံ့သိမ်မွေ့မှုနှင့် အကြင်နာမေတ္တာတွေထားတတ်ဖို့ အလေ့အကျင့်ရခဲ့တာနှင့်မခြား အဖေ့ဆီက မပျော့ညံ့ဖို့နှင့် ကိုယ့်စွမ်းအားကို နည်းမှန်လမ်းမှန် သင့်တင့်စွာအသုံးချတတ်ဖို့တွေ နားလည်ခဲ့ရပါတယ်။

ကျွန်တော့်ဆရာမတစ်ယောက်ကလည်း ပြောဖူးတာရှိတယ်။

"ဘုရားသခင်က တို့ကို ညာခြေထောက်နှင့် ဘယ်ခြေထောက်ဆိုပြီး ခြေထောက်တစ်စုံ ပေးထားတာပဲ။ အမှန်ခြေထောက်နှင့် အမှားခြေထောက် ဆိုပြီး ပေးခဲ့တာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းမှန်တယ်လို့ ထင်နေကြသူတွေဟာ ညာခြေထောက်တစ်ချောင်းတည်းနှင့် အားပြု လျှောက်နေကြသလိုပဲ။ ညာရစ်ရစ်ပြီး ချာချာလည်နေကုန်ကြရော"

လူ့အသိုင်းအဝိုင်းမှာ ကိုယ့်ရဲ့အားသန်မှုနှင့် အားနည်းမှုကို သိထားဖို့ အရေးကြီးပါတယ်။ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကို ကြားချညှိနှိုင်းပြီး သုံးတတ်ရပါမယ်။

၁၉၆၀ ခုနှစ်လောက် ကြီးကောင်ဝင်ချိန်။ ကျောင်းမှာ ငနဲတစ်ကောင်နှင့် ရန်ဖြစ်ဖူးပါသေးတယ်။ ပထမတော့ လက်သီးချင်းထိုးတာပေါ့။ နောက်ပိုင်းမှာ နပန်းလုံးကြတာပဲ။ ခြေကုန်လက်ပန်းကျတော့မှ ရန်ပွဲရပ်သွားရတော့တယ်။

အမြတ်ကတော့ အင်္ကျီတွေ စုတ်ပြဲကုန်ပြီး နှာခေါင်းသွေးထွက်ကုန်တာပါပဲ။ ရန်ပွဲပြီးတော့လည်း ကျွန်တော်တို့ချင်း ခင်မင်သွားပါတော့တယ်။

ဒီခေတ်ကျတော့ လူငယ်ချင်း ရန်ဖြစ်ပြီဆိုတာနှင့် မဆင်မခြင် သေနတ်တွေ ဆွဲထုတ်ပစ်လာကြပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သတင်းခေတ်ကြီး ရောက်နေပါပြီ။ ကလေးလူငယ်တွေဟာ သူတို့မိဘတွေထက် ပို အမြင်ကျယ်သင့်ပါတယ်။ သတင်းအချက်အလက်တွေနှင့် စိတ်လှုပ်ရှားခံစားမှုတွေကို အသိဉာဏ်ရှိရှိနှင့် နားလည်ထိန်းချုပ်နိုင်စွမ်း ပိုရှိရတော့မယ်။

ဒီနေရာမှာ မိဘ၂-ပါးဆီက သွန်သင်ဆုံးမမှုတွေကို အသိ အမှတ်ပြု လက်ခံနိုင်ဖို့လည်း လိုပါတယ်။

ဒီစာအုပ်မှာ မိဘတွေအတွက် သူတို့သားသမီးတွေကို စာတော်ရုံသာမက စီးပွားရေးအသိဉာဏ် ကြွယ်ဝလာအောင် သင်ကြားပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း-၂

### ခင်ပျားရဲ့ကလေးဟာ
### ဉာဏ်ကြီးရှင် တစ်ယောက်လား

"ဘာများ ထူးခြားလဲ"

နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ သူငယ်ချင်းတစ်ယောက်နှင့် တွေ့ ခိုက်မှာ ကျွန်တော် မေးလိုက်မိတာပါ။

သူက ချက်ချင်းပဲ ပိုက်ဆံအိတ်ဆွဲထုတ်လိုက်ပြီ ၁၁ လသမီး လေးဓာတ်ပုံ ကျွန်တော့်ကို ပြတယ်။ ဂုဏ်ယူဝင့်ကြွားတဲ့အပြုံးနှင့် ပြောတယ်။

"ငါ့သမီးလေးက အရမ်း တတ်တာပဲကွ။ သူ့ကိုသင်သမျှ ခဏ လေးနှင့် တတ်တာပဲ။ သူဟာ ဉာဏ်ကြီးရှင်မလေးဆိုတာ သေချာတယ်"

သူငယ်ချင်းဟာ သူ့သမီးလေး တော်ကြောင်းတတ်ကြောင်း မိနစ် ၂၀ လောက် ပြောလို့ မဆုံးတော့ပါဘူး။

မိဘတစ်ယောက်အနေနှင့် ဒီလိုကြွားလုံးထုတ်တတ်တာဟာ တစ်ယောက်တည်းပဲလား။ မဟုတ်ပါဘူး။

ကျွန်တော် တွေ့ဖူးသမျှတော့ မိဘတိုင်းလိုလိုပါပဲ။ ကိုယ့်သားသမီး ကို ကမ္ဘာပေါ်မှာ အထူးချွန်ဆုံးပါရမီရှင်တစ်ယောက်အဖြစ် ဖူးဖူးမှုတ် ထင်ထားကြတာကလား။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ကို ကျွန်တော် ထောက်ခံပါတယ်။ 'ကလေးအားလုံးဟာ ပါရမီရှင်တွေအဖြစ် မွေးခဲ့တာ'လို့ ကျွန်တော် ယူဆတာကြောင့်ပါပဲ။

ကလေးအများစုဟာ ကြီးပြင်းလာတဲ့အထိ ဉာဏ်ထက်မြက်မှုတွေ ဆက်လက် ရှင်သန်သွားတတ်ပါတယ်။ ဒါပေမယ့် တချို့ကလေးတွေကျတော့ ပျောက်ကွယ်သွားတယ်၊ လျော့ပါးသွားတယ်၊ တခြားအာရုံကို လမ်းပြောင်း သွားတာ တွေ့ရပါတယ်။

ကျွန်တော်နှင့် ကမ်မှာ သားသမီး မထွန်းကားခဲ့ကြပေမယ့် မွေးကင်း စကလေးတိုင်းကို ချစ်တတ်ကြပါတယ်။ ကျွန်တော်ဟာ သူတို့ မျက်လုံးလေး တွေထဲကို စိုက်ကြည့်ရတာ နှစ်သက်ပါတယ်။

သူတို့မျက်လုံးတွေထဲ စိုက်ကြည့်လိုက်တဲ့အခါမှာ စိတ်ဝင်တစား စူးစမ်းစပ်စုတဲ့အကြည့်နှင့် ပြန်ကြည့်တာ ခံရပါတယ်။ ဒါဟာ ကလေးငယ် တွေမှာ လေ့လာသင်ကြားတတ်တဲ့ အစွမ်းပမာဏ မသေးဘူးဆိုတာ ပြဆို တာပါပဲ။

သူတို့ရဲ့အသိတရားဟာ စက္ကန့်တိုင်းမှာ နိုးကြားထက်သန် နေပါ တယ်။ သူတို့မျက်လုံးထဲ မြင်လာသမျှအသစ်အဆန်းတွေကို တအံ့တဩနှင့် အရင်းအတိုင်း မှတ်သားလေ့ရှိကြပါတယ်။ မြင်သမျှ အတွေ့အကြုံသစ်တွေကို စွဲမှတ်ထားလိုက်တာကိုပဲ 'ဘဝ'လို့ ခေါ်ကြတာပေါ့။

တစ်နေ့မှာလည်း မိတ်ဆွေတစ်ယောက်အိမ်ကို သွားလည်မိပါတယ်။ သူက သုံးနှစ်အရွယ် သူ့သမီးလေးနှင့် ရေကူးကန်ထဲ ရောက်နေပါတယ်။ ပြီးတော့ ကျွန်တော့်ကို အော်ပြောလိုက်ပါတယ်။

"ကြည့်စမ်းဗျာ။ ကျွန်တော့်သမီးလေးကို။ သူကြီးလာရင် အိုလံပစ် ရေကူးချန်ပီယံ ဖြစ်မှာဗျ"တဲ့။

သူ့သမီးလေးဟာ ရေထဲမှာ ပေါ်လိုက်မြုပ်လိုက်ကြားက အသက်ရ အောင်ရှူရင်း သူ့အဖေရှိရာ ရေနက်ထဲ ရဲရဲဝံ့ဝံ့နှင့် အရောက် အလွတ်ကူးနိုင်ခဲ့ တာ တွေ့ရပါတယ်။

အဖေက သမီးလေးကို ဆီးပွေ့လိုက်ရင်းက...

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါမှ ဖေ့သမီးကွ။ သတ္တိကောင်းတဲ့ အငယ်ဆုံးရေကူးသမားလေး။ တစ်နေ့ကျရင် အိုလံပစ်ချန်ပီယံဖြစ်မယ့် သမီးလေး"လို့ ချီးမွမ်းထောပနာ ပြုနေလိုက်ပါတယ်။

'ဖြစ်နိုင်တယ်'လို့ ကျွန်တော်လည်း အောက်မေ့ပါတယ်။

ကျွန်တော်နှင့် မတွေ့ခင်တစ်ပတ်လောက်ကမှ ဒီသမီးလေး ရေကူး သင်ခဲ့ရတာ ဖြစ်မယ်။ အဲဒီတုန်းက ရေကူးကန်ကို ခေါ်သွားပြီး ရေထဲချလိုက် တုန်းမှာ သူ့ခမျာ ဘယ်လောက်များကြောက်ပြီး အော်လိုက်မလဲလို့ တွေးမိပါ ကယ်။ ခုတော့ ရေကူးတတ်နေပါပြီ။

ကျွန်တော့်အဖို့တော့ ဒါဟာ ဉာဏ်ကြီးရှင်တွေမှ တတ်လောက်တဲ့ လေ့လာသင်ယူမှုတစ်မျိုးပဲ ဖြစ်ပြီး၊ ဒီအရွယ်ကလေးတိုင်းကို သင်ပေးရင် တတ်တာပဲလို့လည်း သိခဲ့ပါတယ်။

## ကလေးတိုင်းဟာ ဉာဏ်ကြီးရှင်တွေအဖြစ် မွေးလာကြတာပါ

ကျွန်တော့်အဖေဟာ ၁၉၆၀ ခုနှစ်ကနေ ၁၉၇၀ ခုနှစ် နှစ်ဦးပိုင်းအထိ ဟာဝေယံမှာ ခရိုင်ပညာဝန် ဖြစ်ခဲ့ပါတယ်။ နောက်ဆုံးမှာ သူက ရီပတ် ဗလီကင်ပါတီကနေ လက်ထောက်အုပ်ချုပ်ရေးမှူး ဝင်ရွေးဖို့ အလုပ်က နုတ်ထွက်ခဲ့ပါတယ်။

သူက အုပ်ချုပ်ရေးဆိုင်ရာ စာရိတ္တပျက်ပြားနေမှုတွေကို ပြင်ချင် တယ်။ ပညာရေးစနစ်ကို ပြောင်းချင်တယ်။ ဒီစိတ်ဓာတ်နှင့် သူက အရွေးချယ် ခံဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဒါပေမယ့် သိတဲ့အတိုင်း အရိုးသားဆုံးနှင့် အမှန် အကန်လုပ်မယ့် ကိုယ်စားလှယ်လောင်းကို မဲဆန္ဒရှင်တွေက မရွေးကြဘူးလေ။

ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်အဖေဟာ ပါရမီရှင်ပညာရှိတစ်ယောက် ပါ။ သူဟာ စာကြမ်းပိုးတစ်ဦး၊ ကလောင်ထက်တဲ့ စာရေးဆရာတစ်ယောက်။ အပြောကောင်း အဟောကောင်းတစ်ဦးဖြစ်သလို အသင်အပြ အုံမခန်း ကျွမ်းကျင်တဲ့ပါမောက္ခဆရာကြီး တစ်ယောက်လည်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ ကျောင်းနေစဉ်ကာလမှာလည်း အတန်းထဲမှာ အမြဲလိုလို 'တစ်' စွဲပြီး အတန်းခေါင်းဆောင် လုပ်ခဲ့ရပါတယ်။ ဟာဝိုင်ယီတက္ကသိုလ်က ဘွဲ့ရခဲ့တဲ့နောက် အငယ်ဆုံးကျောင်းအုပ်ဆရာကြီး ဖြစ်လာပါတယ်။ စတင်းဖို့ဒ်တက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်၊ အနောက်မြောက်တက္ကသိုလ်တွေမှာ ဘွဲ့လွန်တွေ တက်ခဲ့ရပါတယ်။ ၁၉၈၀ခုနှစ်မှာ ဒေါက်တာဘွဲ့ကို ရခဲ့ပြီး ဟာဝိုင်ယီသမိုင်းမှာ အနှစ် ၁၅၀ အတွင်း ရှားရှားပါးပါး ပေါ်ထွန်းလာတဲ့ ထိပ်တန်းပညာရှင် ၂–ယောက်အနက်က တစ်ယောက်ဖြစ်သွားပါတယ်။

'အဲဒါတောင် ကျွန်တော်က သူ့ကို 'ဆင်းရဲဖေဖေ'လို့ ကင်ပွန်းတပ်မိတာဟာတော့ ငွေ ဘယ်လောက်ရရ ဂရုမစိုက်ခဲ့လို့ပါပဲ။ တစ်နည်းအားဖြင့် ဒါကိုပဲ ကျွန်တော် ဂုဏ်ယူလို့မဆုံးတော့ပါဘူး။

စင်စစ်တော့ သူဟာ စာချစ်သူ, စာသမား, စာသင်ကြားရေးက လွဲလို့ ဘာမှုတန်ဖိုးမထားတဲ့ ပညာရှင်ပါရမီရှင်ကြီး သက်သက်အဖြစ်သာ အရိုးထုတ်သွားတာ ဆိုရပါမယ်။

'သူဌေးဖေဖေ ဆင်းရဲဖေဖေ'စာအုပ် ထွက်သွားတဲ့နောက်မှာ ပရိသတ်တွေက "ဒီစာအုပ်မျိုး ဖတ်ချင်နေတာ ကြာပြီ"၊ "စောစောက ဘာလို့မရေးတာလဲ"လို့ ပြောလာကြပါတယ်။

ကျွန်တော့် တုံ့ပြန်ချက်ကတော့...

"အဖေ့ကို လေးစားတဲ့အနေနှင့် သူသေတဲ့အထိ စောင့်နေခဲ့မိလို့ပါ။သူဆုံးပြီး ၅–နှစ်ကြာမှ ရေးဖြစ်ခဲ့တာလည်း ဒီသဘောပါပဲ။ သူ အသက်ရှင် ထင်ရှားရှိနေတုန်း ကျွန်တော့်စာအုပ်ကိုဖတ်မိရင် စိတ်ထိခိုက်သွားမှာစိုးတာလည်း ပါပါတယ်။ ဒါပေမယ့် ဘာပဲပြောပြော သူ့ဘဝက သင်ကြားပေးခဲ့တဲ့ သင်ခန်းစာတွေကို အများပြည်သူတွေကို လက်ဆင့်ကမ်း ဖြန့်ဝေပေးတာအတွက် ကျောင်းဆရာကြီးပီပီ ရောက်ရာဘဝက သူ ကျေနပ်နေမှာပါ" လို့ပါပဲ။

ခုစာအုပ် 'ချမ်းသာတဲ့ကလေး၊ ပါးနပ်တဲ့သူငယ်'မှာလည်း ကလေးတွေကို သင်ကြားပျိုးထောင်ပေးရေးနှင့် ကလေးတိုင်းဟာ မွေးကတည်းက တော်သီတတ်မှန်တဲ့ဉာဏ်ကြီးရှင်တွေ ဖြစ်တယ်ဆိုတဲ့ အယူအဆတွေဟာ ကျွန်တော့်ဖေဖေရဲ့ ဩဝါဒတွေပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အောက်ကဇာတ်လမ်းလေးကတော့ ကျွန်တော့်အတန်းသား သူငယ်ချင်းတစ်ယောက်အကြောင်းပါ။ သူဟာ ငယ်ငယ်က ဉာဏ်ကြီးရှင်ရယ်လို့ အသိအမှတ်ပြုခံခဲ့ရသူ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ အားလုံးဟာ တစ်နည်းမဟုတ်တစ်နည်း တစ်ဖက်ဖက်မှာ ထူးချွန်တဲ့ဉာဏ်ကြီးရှင်တွေ ဖြစ်ကြောင်း သက်သေပြချက်ဆိုလည်း မမှားပါဘူး။

**မိတ်ဆွေရဲ့ကလေးမှာ**
**မြင့်မားတဲ့စီးပွားရေး**
**အိုင်ကျူ (IQ) ရှိရဲ့လား**

တစ်ယောက်ယောက်ကို 'အိုင်ကျူမြင့်တယ်'လို့ ပြောကြတာ ဘာအဓိပ္ပာယ်ပါလဲ။

ခင်ဗျားရဲ့အိုင်ကျူကို ဘယ်နည်းဘယ်ပုံ တိုင်းတာမလဲ။

အိုင်ကျူမြင့်မားမှုဟာ အောင်မြင်မှုအတွက် အာမခံချက်ပေးနိုင်ပါ့မလား။

အိုင်ကျူမြင့်တာနှင့် ချမ်းသာမယ်လို့ ဆိုနိုင်သလား။

ကျွန်တော် ၄–တန်းတက်နေတုန်း ဆရာမက အတန်းထဲမှာ အခုလို ကြေညာပါတယ်။

"တပည့်တို့။ တို့အတန်းထဲက ဉာဏ်ကြီးရှင်တစ်ယောက်ကို တို့များ ဂုဏ်ပြုရအောင်။ သူဟာ တကယ့်မွေးရာပါ ပါရမီရှင်အစစ်ဖြစ်ပြီး၊ အိုင်ကျူလည်း အရမ်းမြင့်တယ်ကွယ်"တဲ့။

ဒီနောက် ဆရာမက ကျွန်တော့်အရချစ်ဆုံးသူငယ်ချင်း အင်ဒရူးကို ပွဲထုတ်လိုက်ပါတော့တယ်။

အင်ဒရူးဟာ အတန်းထဲမှာ စာအတော်ဆုံးဖြစ်သလို၊ သူ့ကို သင်ပေးရတဲ့အတွက်လည်း ဆရာမက ဂုဏ်တက်ခဲ့ရပါတယ်။

အဲဒီအချိန်ထိ 'ပုရွက်ဆိတ်လေး အင်ဒီ'လို့ ကျွန်တော်တို့ နာမည်ပေးထားတဲ့ အင်ဒရူးဟာ ခပ်ငယ်ငယ်ချာတိတ်လေးပဲ ရှိပါသေးရဲ့။ သူ့ကို

mgyoe.com

mgyoe.com SAMPLE BOOK

'ပုရွက်ဆိတ်လေး'လို့ ခေါ်ရတာကလည်း သူက သေးသေးသွယ်သွယ်လေးနှင့် ဖားပြုတ်မျက်လုံးပြူးကြီးလို စာကြည့်မျက်မှန်အထူကြီး တပ်ထားလို့ပါပဲ။ ခုတော့ ကျွန်တော်တို့က 'ဦးနှောက်ကောင်းတဲ့ ပုရွက်ဆိတ်အင်ဒီ'လို့ ပြောင်း ခေါ်ခဲ့ကြရပါပြီ။

အိုင်ကြူဆိုတာ ဘာမှန်းမသိတဲ့ ကျွန်တော်က လက်ဝါးထောင်ပြီး ဆရာမကို ထမေးခဲ့တယ်။

"အိုင်ကြူဆိုတာ ဘာအဓိပ္ပာယ်လဲဆရာမ"

"အိုင်ကြူဆိုတာ Intelligence Quotient 'စားလို့ရတဲ့ ရလဒ် ဉာဏ်စွမ်းရည်'ကို ခေါ်တာပေါ့။ သိလား"

ပြဿနာပဲ။ အဲဒီအထိလည်း ကျွန်တော် နားမလည်သေးပါဘူး။ ကျွန်တော် လက်ဝါးထပ်ထောင်ပြလိုက်ပါတယ်။ ဆရာမက ပထမ မမြင်ချင် ယောင်ဆောင်ပေမယ့် နောက် ကျွန်တော့်ဘက်လှည့်ပြီး စကားတစ်လုံးချင်း အကြာကြီး ခြားပြီး။

"ကဲ၊ မင်း ဘာ မေးဦးမလို့လဲ"

"ဟုတ်ကဲ့။ ဆရာမ ပြောတဲ့ 'စားလို့ရတဲ့ရလဒ် ဉာဏ်စွမ်းရည်' ဆိုတာကို နားမလည်သေးလို့ ထပ်ရှင်းပြပါဦးလို့ပါ"

"ဆရာမ ပြောထားပြီးသားပဲ။ စကားလုံးကို အနက်မသိရင် ကိုယ့်ဘာသာကိုယ် ရှာလို့။ သွား၊ အဘိဓာန်စာအုပ်ယူပြီး ရှာဖတ်ကြည့်လိုက်"

"ကောင်းပါပြီ"

ကျွန်တော်ကလည်း စပ်ဖြဲဖြဲလေးလုပ်ပြီး ပြောလိုက်ပါတယ်။

အမှန်တော့ ဆရာမကိုယ်တိုင်လည်း အဲဒီထက်ပိုပြီး အတိအကျ အသေအချာ သိပုံမရပါဘူး။

ဒါနှင့် အဘိဓာန် သွားယူလိုက်တယ် ဆိုပါတော့။ နောက် အသံ ထွက်ပြီး အော်ဖတ်ပြလိုက်တယ်။

"'စားလို့ရတဲ့ ရလဒ်ဉာဏ်စွမ်းရည်(နာမ်) ၁၉၆၀ခုနှစ် လူတစ် ယောက်အပေါ် စံချိန်မီ ဆန်းစစ်ချက်အရ သတ်မှတ်လိုက်တဲ့ အသိဉာဏ်ရဲ့ အသက်ကို သူ့ရဲ့မွေးသက္ကရာဇ်အရ ရောက်ရှိနေတဲ့ လက်ရှိအသက်နှင့် စား၊ ၁၀၀ နှင့် မြှောက်လို့ရတဲ့ ဉာဏ်ရည်အဆင့် ဖော်ပြချက်ကိန်းဂဏန်း' တဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က စာအုပ်ဖတ်ပြီး ဆရာမကို မော့ကြည့်ရင်း ပြောလိုက်မိပြန်ပါတယ်။

"ဒါလည်း ကျွန်တော် သဘောမပေါက်သေးပါဘူး ဆရာမ"

ဆရာမက စိတ်ရှုပ်, မျက်မှောင်ကုပ်လိုက်ရင်း သူ့အသံကို မြှင့်ပြီး…

"မင်း ဘယ် နားလည်ပါ့မလဲ။ နားလည်ချင်စိတ်မှ မရှိတာကိုး။ မင်း တကယ်နားလည်ချင်ရင် မင်းကိုယ်တိုင် သုတေသနလုပ်ပြီး လေ့လာရုံပဲ ရှိတယ်"

ကျွန်တော်ကလည်း ပြန်ပြောလိုက်ပါတယ်။

"ဒါပေမယ့် ဆရာမပဲ ဒီစကားကို အရေးကြီးတယ်ဆို။ အရေးကြီးတာမှန်ရင် အဓိပ္ပာယ်ကို နားလည်အောင်ရှင်းပြပြီး ဘာကြောင့် အရေးကြီးတယ်ဆိုတာ ပြောပြရမှာပေါ့"

ဒီလို အချေအတင်ဖြစ်နေတုန်းမှာ ပုရွက်ဆိတ်လေး**အင်ဒီဏ**မတ်တတ်ထ ပြောလိုက်ပါတယ်။

"ကျွန်တော် တစ်တန်းလုံးကို ရှင်းပြခွင့်ပြုပါ"

ပြောပြောဆိုဆိုနှင့် သူက အတန်းရှေ့ထွက်ပြီး စာသင် **ကျောက်**သင်ပုန်းပေါ်မှာ ခုလို ပြခဲ့ပါတယ်။

အသိဉာဏ်ဆိုင်ရာ အသက် ၁၈ x ၁၀၀ = ၁၈၀ အိုင်ကျူ
လက်ရှိအသက် ၁၀

"လူတွေက ကျွန်တော့်ကို 'ဉာဏ်ကြီးရှင်' လို့ ခေါ်ကြတဲ့**အကြောင်း**က ကျွန်တော်ဟာ လက်ရှိအသက်အားဖြင့် ၁၀ နှစ်သာ ရှိသေး**ပေမယ့်**၊ ဆန်းစစ်ချက်အရ ၁၈ နှစ်အရွယ် လူတစ်ယောက်ရဲ့ အသိဉာဏ်မျိုး **ရှိနေ**တယ်လို့ အမှတ်ပေးကြပါတယ်"

တစ်တန်းလုံးဟာ ငြိမ်ပြီး အင်ဒရူးရေးပြတာကို ကျေညက်**အောင်**လေ့လာနေကြပါတယ်။

"တစ်နည်းပြောရရင် မင်းတို့အသက်ကြီးလာလို့ **သင်ယူမှုနှင့်**အသိဉာဏ်စွမ်းရည်တွေ တိုးတက်မလာဘူးဆိုရင်တော့ မင်းတို့ရဲ့ **အိုင်ကျူ**လည်း ကျဆင်းသွားမှာပဲပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က ဝင်ပြောလိုက်တာပါ။

အင်ဒရူးကလည်း…

"ဒါလည်း ငါ ပြောမလို့ပါပဲ။ ဒီနေ့ ငါဟာ ဉာဏ်ကြီးရှင် ဖြစ်နေပေမယ့်၊ ငါ့အသိဉာဏ်တွေ ဆက်မမြင့်လာဘူးဆိုရင် ငါ့အိုင်ကြူလည်း နှစ်စဥ် ကျသွားမှာပဲ။ ညီမျှခြင်းထုတ်ပြထားတဲ့ ရလဒ်အောက် နိမ့်သွားမယ် ဆိုပါတော့"

"ဒါဆို မင်းဟာ ဒီနေ့ ဉာဏ်ကြီးရှင်ဖြစ်ပေမယ့်၊ မနက်ဖြန်ကျရင် ငတုံး, ငထိုင်း ဖြစ်သွားနိုင်တာပေါ့"

ကျွန်တော်က ရယ်သံစွက်ပြီး ပြောလိုက်ပါတယ်။

အင်ဒရူးကလည်း အညံ့မခံ။

"ရယ်စရာတောင် ကောင်းသေး။ မင်းထင်သလို ငါဖြစ်မယ် မှတ်လို့လား။ ငါ့ကိုယ်ငါ သိတယ်ကွ"တဲ့။

ကျွန်တော်ကလည်း ပြန်အော်မိတယ်။

"ငါ့ကိုလည်း ကျောင်းထွက်တဲ့နောက် ကြည့်လိုက်ဦးပေါ့ကွာ။ မင်းနှင့်ငါ ဘော့စ်ဘောကွင်းထဲမှာပြန်တွေ့ကြမယ်။ အဲဒီတော့မှ ဘယ်သူက အိုင်ကြူ ပိုမြင့်တယ်ဆိုတာ သိမှာပဲ"

ကျွန်တော်က ရယ်ရယ်မောမော ပြောခဲ့သလို၊ တစ်တန်းလုံးက လည်း ဝိုင်းရယ်ကြပါတယ်။

ပုရွက်ဆိတ်လေးအင်ဒီဟာ ကျွန်တော်အချစ်ဆုံး သူငယ်ချင်း တစ်ယောက်ပါ။ သူ့ စာတော်တာ အားလုံးသိကြသလို၊ နာမည်ကျော် အားကစား သမားတစ်ယောက် ဖြစ်မလာနိုင်တာကိုလည်း နားလည်ထား ကြပြီးသား။

သူဟာ ဘောလုံးကို ပစ်နိုင်,ဖမ်းနိုင် မရှိတဲ့တိုင်အောင် ကျွန်တော်တို့ အသင်းရဲ့ အင်အားတစ်ရပ် ဖြစ်ခဲ့ဆဲပါ။

ဒါဟာပဲ ကျွန်တော်တို့သူငယ်ချင်းတွေရဲ့ ရပ်တည်မှုနှင့် တန်ဖိုးကို ပြသခဲ့တာပဲ မဟုတ်ပါလား။

mgyoe.com

mgyoe.com SAMPLE BOOK

မိတ်ဆွေရဲ့
စီးပွားရေးအိုင်ကြူ
ဘယ်လောက်ရှိသလဲ

လူတွေရဲ့ စီးပွားရေးဆိုင်ရာ အိုင်ကြူအဆင့်ကို ဘယ်လို တိုင်းတာမလဲ။

အိုင်ကြူဆိုတာကို လစာငွေ ဘယ်လောက်များတယ်ဆိုတဲ့အပေါ်မှာ တွက်မှာလား။ သူတို့ရဲ့ လက်ဝယ်ရှိ ပစ္စည်းဥစ္စာတွေ၊ သူတို့မောင်းနေတဲ့ကား၊ ဒါမှမဟုတ် နေတဲ့အိမ်ကိုကြည့်ပြီး သတ်မှတ်ရမှာလား။

ပုရှက်ဆိတ်လေးအင်ဒီရဲ့ အိုင်ကြူအရေးအခင်းပြီးတဲ့နောက် နှစ်ပေါင်းများစွာ ကြာသွားတဲ့အခါ ကျွန်တော့်သူဌေးဖေဖေကို စီးပွားရေး အိုင်ကြူနှင့်ပတ်သက်တဲ့ ထင်မြင်ချက်ကို တောင်းကြည့်ပါတယ်။

သူက ချက်ချင်းပဲ အဖြေပေးတယ်လေ။

"စီးပွားရေးအိုင်ကြူဆိုတာ မင်း ငွေဘယ်လောက် ရှာနိုင်တယ်ဆိုတဲ့ အပေါ် မူမတည်ဘူး။ မင်း ငွေဘယ်လောက်ကို ထိန်းထားတယ်ဆိုတာနှင့် အဲဒီငွေတွေက မင်းအတွက် ဘယ်လို အခိုင်အမာ အလုပ်အကျွေးပြုပေးသလဲ ဆိုတာနှင့် တွက်ရတယ်"

နောက်တစ်ချိန်မှာတော့ စီးပွားရေးဆိုင်ရာ အသိဉာဏ်နှင့် ပတ်သက်လို့ အနက်ဖွင့်ပေးခဲ့ပုံက ဒီလိုပါ။

"မင်း အသက်ကြီးလာတာနှင့်အမျှ မင်းရဲ့ငွေတွေက မင်းကို ပို လွတ်လပ်မှု၊ ပျော်ရွှင်မှု၊ ကျန်းမာရေးနှင့် လူဖြစ်ကျိုးနပ်စေတဲ့ ရွေးချယ်မှုတွေကို ဝယ်ပေးနိုင်တယ်ဆိုရင် မင်းရဲ့ စီးပွားရေးအသိဉာဏ်ဟာ တိုးတက်မြင့်မားနေဆဲပဲလို့ သိနိုင်တယ်"တဲ့။

ရှင်းလင်းချက် ထပ်ထုတ်တဲ့အနေဖြင့် သူက...

"လူတွေဟာ ကြီးရင့်လာချိန်မှာ ငွေအမြောက်အမြားပိုရအောင် လုပ်နိုင်ကြပေမယ့် လွတ်မြောက်ခွင့် နည်းသွားကြတာ များတယ်။ ဒါဟာ ပေးစရာတွေက များသလို အလုပ်ကို အပြင်းအထန် ဆက်လုပ်ကြရလို့ပဲ

mgyoe.com

mgyoe.com SAMPLE BOOK
ဖြစ်တယ်။ ဒါဆိုရင် စီးပွားရေးအသိဉာဏ် ဖွံ့ဖြိုးမှုရှိတယ်လို့ မဆိုနိုင်တော့ဘူး"တဲ့။

ငွေ ဘယ်လောက်ပဲရရ ပျော်ရွှင်မှုမရှိရင်လည်း စီးပွားရေး အသိဉာဏ်ရှိသူ မဟုတ်ပြန်ပါဘူးတဲ့။

"ငွေရပြီး မပျော်နိုင်ရင် အလုပ်လုပ်တာ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ။ ငွေရအောင် ရှာနိုင်သလို ပျော်ရွှင်မှုပါ ရမယ်။ ဒါမှ စီးပွားရေး အသိဉာဏ်"လို့ ပြောခဲ့ပါသေးတယ်။

"အလားတူပဲ၊ ငွေအတွက် ကျန်းမာရေးထိခိုက်တဲ့အထိ အလုပ်လုပ်ကြတာလည်း ဉာဏ်တိမ်ရာရောက်ပါတယ်"တဲ့။

"အလုပ်ကို မနေမနား အပြင်းအထန် စိတ်ပန်းလူပန်းလုပ်ကြရာက နှလုံးရောဂါတို့, ကင်ဆာရောဂါတို့လို ရောဂါတွေရတာဟာ ကိုယ်တစ်ယောက်သာမကဘူး၊ မိသားစုကိုပါ ဒုက္ခရောက်စေတဲ့အတွက် စီးပွားရေးအသိဉာဏ် ခေါင်းပါးတာပဲ ဆိုရမယ်။ ကျန်းမာရေးလေ့ကျင့်ခန်း အလုပ်နည်းတာ၊ အစားအသောက် ချို့တဲ့တာ၊ အချိန်မမှန်တာတွေဟာ ရောဂါရစေတဲ့ အကြောင်းရင်းတွေပဲ။ လူအတော်များများကတော့ ဘဝရဲ့အနှစ်သာရဖြစ်တဲ့ ဝမ်းသာပျော်ရွှင်မှုတွေထက် အလုပ်ကို ပင်ပန်းတကြီးလုပ်ဖို့ပဲ ဦးစားပေး တွေးကြတယ်။

"ရွေးချယ်မှုဆိုရာမှာလည်း လေယာဉ်ကို အထက်တန်းစီး ခရီးသည်အဖြစ် သွားရတာနှင့် စီးပွားရေးအရ အထက်တန်းရောက်တာ ထပ်တူပါပဲ။ စီးပွားရေးအသိဉာဏ်အရ ငွေဟာ တန်ခိုးရှိသလို၊ ငွေပေါလေလေ ရွေးချယ်မှုပိုရလေလေဆိုတာ နားလည်ဖို့သာ ဖြစ်ပါတယ်"တဲ့။

"ငွေချည်းသက်သက်က ပျော်ရွှင်အောင် လုပ်ပေးတာ မဟုတ်ဘူး။ ချမ်းသာတိုင်း ပျော်ရွှင်ရမယ်လို့ မထင်နှင့်။ ချမ်းသာသာ ဆင်းရဲရဲ ပျော်ရွှင်နိုင်ဖို့ အရေးကြီးတယ်"တဲ့။

သူဌေးဖေဖေဟာ သူ့စီးပွားရေးအိုင်ကြူကို ရှေးဆန်ဆန် စံထားတိုင်းတာလေ့ မရှိပါဘူး။ သူက ငွေရှိမှု၊ အသားတင်ချမ်းသာမှုတွေထက် လွတ်မြောက်မှုကို အဓိကထားပြီး တိုင်းတာတာပါ။
mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ငန်းနှင့် လုပ်ဖော်ကိုင်ဖက်တွေကို စိတ်ကြိုက် လွတ်လွတ်လပ်လပ်ရွေးချယ်နိုင်တာ လိုလားတယ်။

ဈေးနည်းတာ,များတာထက် လိုချင်တဲ့ပစ္စည်းကို အရဝယ်နိုင်တဲ့ လွတ်လပ်မှုမျိုး ကြိုက်တယ်။ လွတ်လပ်နေရင် ကျန်းမာပျော်ရွှင်ရေးလည်း စိတ်တိုင်းကျ ရရှိနိုင်တယ်။ ဒါဟာ သူ့စီးပွားရေးအသိဉာဏ်ရဲ့ စံနှုန်းတွေပါပဲ။

သူဟာ နိုင်ငံရေးသမားတွေနှင့် အငြင်းပွားရင်း စနစ်ကို မပြောင်းနိုင်တဲ့အတွက် တမြည့်မြည့် ခံစားနေရမယ့်အစား နိုင်ငံရေးသမားတွေက သူ့ဆီလာပြီး အကြံဉာဏ်တောင်းရတဲ့အဖြစ်မျိုးကို ဖန်တီးချင်တယ်။

ရက်ရက်ရောရော လှူနိုင်တန်းနိုင်တဲ့ဘဝကို မက်မောတယ်။

"နိုင်ငံရေးသမားတိုင်းဟာ ဆင်းရဲသားတွေရဲ့မဲကို လိုချင်ပေမယ့် ဆင်းရဲသားတွေရဲ့စကားကို ဂရုစိုက်ချင်တာ မဟုတ်ဘူး။ အေး။ မင်း ချမ်းသာတယ်ဆိုရင်တော့ ကိုယ်က ခေါ်စရာမလိုဘဲ သူတို့က အောက်ကျို့လာလိမ့်မယ်။ ဒါလည်း စီးပွားရေးအသိဉာဏ်ရှိမှုရဲ့ အကျိုးဆက်တစ်မျိုးပဲ" လို့ ပြောတယ်။

သူဌေးဖေဖေ အနှစ်သက်ဆုံးက ငွေကဝယ်ပေးတဲ့ အားလပ်ချိန်တွေ ရတာပါပဲ။ ကလေးတွေနှင့် မိသားစုကို ပြုစုစောင့်ရှောက်ဖို့နှင့် သူတို့လူလားမြောက်ပြီး ထိပ်တန်းရောက် အောင်မြင်သူတွေဖြစ်အောင် စနစ်တကျ လုပ်ဆောင်ပေးဖို့ စိတ်ဝင်စားတယ်။ ဦးစားပေးတယ်။

ဒါကြောင့် သူ့ရဲ့စီးပွားရေးအိုင်ကြူ တိုင်းတာမှုမှာ ငွေထက်အချိန်ကို တန်ဖိုးထားတာလည်း ပါဝင်ပါတယ်။

သူ့ဘဝရဲ့ နောက်ဆုံးကာလတွေမှာ သူဟာ လှူရေးတန်းရေး, လူမှုရေး အကျိုးဆောင်လုပ်ငန်းတွေအတွက် အချိန်နှင့် ငွေကို ဖောဖောသီသီ အသုံးချတယ်။ လူမှုဝန်ထမ်းကိစ္စတွေ လုပ်ရတာကို စီးပွားရှာသလိုပဲ ပျော်ပျော်ပါးပါး လုပ်သွားနိုင်ခဲ့တယ်။ သူဟာ ချမ်းသာပျော်ရွှင်ပြီး ရက်ရောတဲ့ဘဝမှာ နေသွားခဲ့ရတယ်။ အရေးကြီးဆုံးကတော့ သူဟာ အကန့်အသတ်မရှိ လွတ်လပ်တဲ့ဘဝကို ရခဲ့တာပဲ။ ဒါဟာပဲ သူရဲ့ စီးပွားရေးဉာဏ်ရည်အိုင်ကြူကို တိုင်းတာပုံတွေ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဉာဏ်ရည်ဆိုတာ
ဘာလဲ

ကျွန်တော်ရဲ့ ပညာရှင်ဖေဖေဟာ ပညာရေးလောကရဲ့ ဦးသျှောင်ပါရမီရှင် ဆရာတစ်ဆူအနေဖြင့် နောက်ဆုံးမှာတော့ ပုရွက်ဆိတ်လေးအင်ဒီရဲ့ ကျူရှင်ဆရာ ဖြစ်ခဲ့ပါတယ်။

အင်ဒီရဲ့မိဘတွေက သူ့အထက်တန်းကျောင်းသားဘဝ ရောက်ချိန်မှာ အလယ်တန်းတုန်းကထက် ပို တော်စေချင်ခဲ့ကြတာကိုး။ ကျောင်းသားချင်းယှဉ်လိုက်ရင် သူက ခေါင်းတစ်လုံးသာနေအောင် ကြိုးစားခိုင်းပါတယ်။

ကျွန်တော့်ဖေဖေကိုယ်တိုင်ကလည်း ထူးချွန်တဲ့ပါရမီရှင်ဖြစ်ခဲ့ပြီး၊ လေးနှစ်ကြာမှ ရမယ့် တက္ကသိုလ်ဘွဲ့ကို ၂–နှစ်တည်းနှင့် ယူနိုင်ခဲ့သူပါပဲ။

သူက အင်ဒီရဲ့ ဦးတည်ချက်,ရည်မှန်းချက်တွေနှင့် သူ့မိဘတွေရဲ့ စေတနာကို နားလည် သဘောပေါက်ခဲ့ပါတယ်။

ပညာထူးချွန်ဖို့ဟာ စိတ်ပိုင်း,ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလောက် အရေးမကြီးမှန်း သိတဲ့ကြားကပဲ အင်ဒီမိဘတွေကို လိုက်လျောခဲ့တာပါ။

ဒါကြောင့်လည်း အင်ဒီဟာ အလယ်တန်းကျောင်းတက်ရင်းကပဲ အဖေ့ဆီမှာ ကျူရှင်လာသင်ခဲ့တာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်ကလည်း သူ့ငွေးဖေဖေရဲ့ရုံးခန်းကိုသွားပြီး စီးပွားရေးပညာတွေ သွားဆည်းပူးနေခဲ့ပါပြီ။

အဖေတွေဟာ တခြားမိဘတွေရဲ့ကလေးတွေကို သင်ပေးပုံတွေဟာ စိတ်ဝင်တစား အားတက်သရောရှိလှပါတယ်။ ဒီနေ့ဆိုလည်း မိဘအတော်များများဟာ အားကစား၊ အနုပညာ၊ ဂီတ၊ အက၊ ပန်းပု၊ လုပ်ငန်းကျွမ်းကျင်မှုဆိုတဲ့ ဘာသာရပ်အသီးသီးမှာ စေတနာဝန်ထမ်း အချိန်ပေးပြီး သင်ကြားပို့ချနေကြတာ တွေ့ရပါတယ်။

အဆုံးစွန်သောအားဖြင့် လူကြီးအားလုံးဟာ တစ်နည်းမဟုတ်တစ်နည်းဖြင့် ဆရာတွေ ဖြစ်ကြပါတယ်။ သက်ကြီးဆရာဘဝမှာ နှုတ်တိုက်စကားလုံးတွေနှင့် သင်တာထက် လက်တွေ့လုပ်ရပ်တွေကို ပို ဦးစားပေးလေ့ရှိစမြဲပါ။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချိန်က ဆရာမက ကျွန်တော်တို့အတန်းထဲမှာ အင်ဒီကို အိုင်ကြူမြင့်တဲ့ ဉာဏ်ကြီးရှင်တစ်ယောက်လို့ ကြေညာလိုက်တာနှင့် တစ်ပြိုင်တည်း ကျန်တဲ့ကျွန်တော်တို့အားလုံးကို လူတော်တွေ မဟုတ်ဘူးလို့ ပြော့လိုက်တာပဲ ဖြစ်ပါတယ်။

ကျွန်တော် အိမ်ပြန်ရောက်တာနှင့် 'ဉာဏ်စွမ်းထက်တယ်ဆိုတာ ဘာလဲ'လို့ အဖေ့ကို တန်းမေးမိပါတယ်။

သူ့အဖြေက ရိုးရိုးရှင်းရှင်းလေးပါပဲ။

"ဉာဏ်ထက်တယ်ဆိုတာ ဂုဏ်ထူးရနိုင်တဲ့ အရည်အချင်းပဲ"

သူပြောတာကို ကျွန်တော် သိပ် မရေလည်လိုက်သလို တွေပြီး ရပ်နေမိသည်။

ဖေဖေဟာ ဆရာကောင်းပီပီ ကျွန်တော့်အရိပ်အကဲကို ကြည့်ပြီး ရှင်းလင်းချက်ထုတ်ပေးမှာပဲလို့ တွက်ခဲ့တယ်။

ဒီလိုနှင့် သူက ၁၀ နှစ်သားကျွန်တော် သဘောပေါက်အောင် ထပ်ရှင်းပြပါတယ်။ စစချင်း မေးခွန်းထုတ်တာပါပဲ။

"အားကစားဆိုတဲ့စကားလုံးရဲ့ ဆိုလိုရင်းကို မင်း သိသလား"

"သိတာပေါ့။ ကျွန်တော် အားကစားတွေကို သိပ်ကြိုက်တယ်"

"ဟုတ်ပြီ။ ဒါဆို ဘောလုံးတို့၊ ဂေါက်သီးတို့၊ ရေကူးလျှော စီးတာတို့ဟာ တစ်ခုနှင့်တစ်ခု မကွာခြားတာတွေကိုပဲ 'ဂုဏ်ထူး'လို့ ခေါ်တာပဲ"

"ဒါဖြင့် ဂုဏ်ထူးဆိုတာ ကွာခြားမှုနှင့်အတူတူလို့ ဆိုရမှာပေါ့"

အဖေက ခေါင်းညိတ်တယ်။

"ဒါဆို ကွာခြားမှုအလျောက် ကျွန်တော့်မှာလည်း ထက်မြက်တဲ့ ဉာဏ်စွမ်းတွေ ရှိတယ်လို့ ပြောနိုင်တာပဲ"

"မှန်တယ်။ ငါ့သားဟာ အားကစားဘက်မှာ အင်ဒီထက် အိုင်ကြူမြင့်တယ်။ ဒါပေမယ့် အင်ဒီက ပညာရေးဘက်မှာ ငါ့သားထက် မြင့်တဲ့ အိုင်ကြူ ရှိတယ်။ အဲဒီအဓိပ္ပာယ်က အင်ဒီဟာ စာဖတ်ရာမှာကျွမ်းပြီး၊ သားက ကိုယ်ထိလက်ရောက်လှုပ်ရှားမှုမှာ ကျွမ်းတယ်လို့ ဆိုလိုတယ်။ ဒါနှင့်အမျှ အင်ဒီက အတန်းထဲမှာ စာသင်ရတာ လွယ်ကူတယ်။ ငါ့သားက အားကစားကွင်းမှာသင်ရတာ ပိုပျော်တယ်။ ဒီတော့ အင်ဒီက သူမိုင်းနှင့်

mgyoe.com SAMPLE BOOK

သိပ္ပံဘာသာတွေကို မြန်မြန်ထက်ထက်တတ်ပြီး၊ သားက ဘော့စ်ဘောကစား တာနှင့် ဘောလုံးကစားတာတွေကို အမြန်တတ်တာပေါ့"

ကျွန်တော်က အချိန်ယူစဉ်းစားပြီး စကားဆက်မိတယ်။

"ဒီလိုနှင့် သားက ကစားရင်းနှင့်ပညာသင်ပြီး၊ အင်ဒီကတော့ စာဖတ်ရင်းက ပညာသင်တယ် ဆိုပါတော့"

ဖေဖေက ခေါင်းညိတ်တယ်။ တအောင့်နားပြီးမှ...

"တို့များရဲ့ပညာရေးစနစ်က အထက်တန်းနှင့် တက္ကသိုလ်အဆင့်က ဉာဏ်ရည်တွေအပေါ် အရေးတကြီး အားပြုထားတယ်ကွ။ ဒီတော့ တစ်ယောက်ကို အိုင်ကြူမြင့်တယ်လို့ပြောရင် သူ့ရဲ့ကျောင်းစာ၊ ဒါမှမဟုတ် တက္ကသိုလ်ပညာအရ အိုင်ကြူကို ဆိုလိုတာပဲ။ လက်ရှိ အိုင်ကြူစစ်တဲ့ ပုံစံကလည်း လူတစ်ယောက်ရဲ့ နှုတ်ဖြေ၊ ဒါမှမဟုတ် အရေးအဖတ်အပေါ် အခြေခံတယ်။ သွက်သွက်လက်လက် စာဖတ်နိုင်ရင်ပဲ အိုင်ကြူမြင့်တယ်လို့ သတ်မှတ်ကြတယ်။ ဒါဟာ လူတစ်ယောက်ရဲ့ ဉာဏ်ရည်အားလုံးကို တိုင်းတာရာ မရောက်ဘူး။ အများသုံးနေတဲ့ အိုင်ကြူဟာ အနုပညာဆိုင်ရာ အိုင်ကြူ၊ ကာယပိုင်းအိုင်ကြူ၊ သင်္ချာနှင့် ဆိုင်တဲ့ အိုင်ကြူတွေကိုတောင် ထည့်တွက်တာ မဟုတ်ဘူးလို့ ဆိုရမယ်။ စင်စစ်တော့ ဒါတွေဟာလည်း အိုင်ကြူသတ်မှတ်ရာမှာ ဘောင်ဝင်တဲ့ ဉာဏ်ရည်တွေပါပဲ"

"ဒါဖြင့် အင်ဒီက ဖတ်ရင်းနှင့်သင်ယူပြီး ကျွန်တော်ရဲ့ပုံစံကတော့ လုပ်ရင်းနှင့်သင်ယူတယ် ပြောရမှာပေါ့"

"မှန်တယ်။ ငါ့သားအနေနှင့် ဖတ်ပြီးသင်ဖို့ လိုပေမယ့် လုပ်ပြီး သင်တာက ပိုရလွယ်တယ် ဆိုရမယ်။ အင်ဒီပြဿနာက ဖတ်ရုံသာဖတ်ပြီး တကယ်မလုပ်နိုင်ဘူး။ ဒီတော့ လက်တွေ့ဘဝမှာ ငါ့သားလောက် အခက်အခဲတွေကို ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး။ လက်တွေ့ဘဝအောင်မြင်ရေးမှာ သူ့ခွင်နှင့် သူ ကျွမ်းကျင်ဖို့က သိပ်အရေးကြီးတယ်"

"ဒီလိုဆို ဘော့စ်ဘောကစားတာကျွမ်းသလို တစ်ဖက်တစ်လမ်း ကလည်း စာပညာတော်အောင် ကြိုးစားရဦးမယ်ဆိုပါတော့"

mgyoe.com

mgyoe.com SAMPLE BOOK

စားခြင်းဖြင့်
မြှောက်ခြင်း

သူဌေးဖေဖေက ပြုံးလိုက်ပါတယ်။ ပြီးတော့...

"ဒါကတော့ မင်းရဲ့ သဘောထားအမြင်ပဲ။ ဂုဏ်ထူးထွက်အောင် ကြိုးစားတဲ့အနေဖြင့် စာကို အမြန်နည်းနှင့် သင်ရမှာပေါ့။ အဲ၊ မင်း စွဲမြဲ မှတ်ထားဖို့ကတော့ သဘာဝဟာ စားပြီးတော့ မြှောက်ရတယ်။ တစ်နည်း ခွဲပြီးတော့ ဆတိုးတာပဲ"

"ဆဲလ်တွေဟာ ကွဲပြီးတော့ ပွားလာရတယ်။ ဉာဏ်ရည်ဉာဏ်သွေး မှာလည်း ဒီအတိုင်းပဲ။ အရာဝတ္ထု, အကြောင်းအရာတစ်ခုကို ၂-ပိုင်း ခွဲကြည့်ရာက အဖေတို့ရဲ့ဉာဏ်ရည်ဉာဏ်သွေးတွေ တိုးတက်လာတာပေါ့။ အဲဒီ၂-ခုကို ထပ်ခွဲလိုက်ပြန်ရင် ၄ ခု ဖြစ်လာမယ်။ ဒီလိုနှင့် တို့ဉာဏ်ရည်ဟာ ဆတိုး မြှင့်လိုက်တာပဲ။ ဒါဟာ စားပြီးတော့ မြှောက်တာပဲ။ ဒါကိုပဲ 'ပမာဏ အလျောက် သီးခြားစွမ်းအားရှိတဲ့ သင်ယူခြင်း'လို့ ခေါ်ကြတယ်။ တစ်သမတ်တည်း ပုံသေသင်ယူခြင်းမျိုး မဟုတ်ဘူးပေါ့"

ကောင်းကောင်း သဘောပေါက်လာတာနှင့်တစ်ပြိုင်နက် သင်ယူမှု ပိုသွက်လာတယ်ဆိုတာ ကျွန်တော် နားလည်လိုက်ပါတယ်။

"ကျွန်တော် ဘော့စ်ဘောကစားခါစက ဘာမှ သိပ်မသိသေးဘူးလေ။ နောက်မကြာခင်မှာပဲ ရိုက်ထုတ်တာ၊ ပတ်ပြေးတာ၊ အလယ်တိုင်၊ ပန်းတိုင် ဆိုတာတွေကို ခွဲခြမ်းစိတ်ဖြာမှုနှင့် ဖြစ်ထွန်းတိုးတက်လာတယ်။ ဒါမှမဟုတ် ပိုကောင်းတဲ့အရည်အသွေးတွေ ရလာတယ် ဆိုပါတော့"

"မှန်တယ်။ မင်း ကစားပွဲတွေ ပိုများလာတာနှင့်အမျှ ပို သစ်ဆန်းပြီး ပိုကောင်းတဲ့အရည်အသွေးတွေ ပိုရလာတယ်။ မင်းရဲ့ သင်ယူမှု တိုးတက်လာတယ်လို့ မထင်ဘူးလား"

"ဟုတ်တယ်။ ကျွန်တော် စ,ကစားတုန်းက ဘောလုံးတောင် ထိအောင် မရိုက်တတ်ခဲ့ဘူး။ ခုတော့ အလယ်တိုင်ကို ဘယ်လို ဝင်ခိုရမယ်၊ ပန်းတိုင်ကို ဘယ်ပုံ အရောက်ပြေးရမယ်၊ အရှောင်အတိမ်းတွေ, စည်းနားကပ်ပြေးတာတွေ ကျွမ်းလာတယ်။ ဒီနှစ်ထဲမှာ ကျွန်တော် ပန်းတိုင်ကို ၃-ခါ ရောက်ခဲ့တာကော ဖေဖေ သိလား"

mgyoe.com

mgyoe.com SAMPLE BOOK

"သိပ်သိတာပေါ့။ သားအတွက် ဖေဖေ အများကြီး ဂုဏ်ယူပါတယ်။ လူအတော်များများဟာ အလယ်တိုင်နှင့် ပန်းတိုင်တောင် မခွဲခြားတတ်ဘူး။ ဘောစ်ဘောကစားနည်းတောင် နားမလည်ကြတဲ့လူတွေ တစ်ပုံကြီးပဲ"

"ဒါဆို ကျွန်တော်ရဲ့ ဘောစ်ဘောအိုင်ကြျူက တကယ်မြင့်တာပေါ့"

"အရမ်းကို မြင့်တယ်။ ဒါပေမယ့် အိုင်ကြျူဆိုတာ လက်တွေ့ဘဝမှာ အံဝင်ခွင်ကျ အသုံးတည့်ဖို့ လိုတယ်။ စာအိုင်ကြျူမြင့်တဲ့လူတွေဟာ တစ်ခါတစ်ရံ တကယ့်ဘဝမှာ မလုပ်တတ်မကိုင်တတ်ဖြစ်ကုန်တတ်ကြတာရှိတယ်"

"အဲသလို ဘာကြောင့် ဖြစ်ရတာလဲ"

"မင်းမေးခွန်းဟာ အတော်ကောင်းတဲ့ မေးခွန်းပဲ။ အဖြေကို အဖေစဉ်းတောင် စဉ်းစားမထားမိသေးဘူး။ အဲ အဖေထင်တာတော့ ဆရာတွေဟာ စိတ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုကိုသာ အခြေခံရှုမြင်သုံးသပ်ပြီး စိတ်နှင့်ဆိုင်တဲ့ သုတပညာတွေကို ရုပ်ပိုင်းဆိုင်ရာသုတပညာတွေအဖြစ် ပြောင်းမပေးခဲ့ကြလို့ပဲ။ ဒီအပြင် ဆရာတွေက အမှားလုပ်တဲ့အတွက် အပြစ်ပေးတဲ့စနစ်ကို သုံးတယ်။ ဒီတော့ သားတို့အနေဖြင့် မှားမှာကြောက်ပြီး ဘာမှ မလုပ်ရဲတော့ဘူး။ တို့တစ်တွေ ပညာသင်ပေးရာမှာ မှန်ဖို့ပဲ အလေးထားပြီး၊ မှားမှာကို ကြောက်ကြတယ်။ ဒါဟာ လက်တွေ့လုပ်ဆောင်မှုကို ဟန့်တားရာ ရောက်သွားတာပဲ။ စင်စစ်က တို့အားလုံးဟာ လှုပ်ရှားလုပ်ဆောင်မှုက တစ်ဆင့် သင်ယူကြရတာပါ။ အမှားတွေလုပ်ပြီးမှ အမှန်လမ်းကို လျှောက်နိုင်မှာပေါ့။ ဒါပေမယ့် ကျောင်းသင်စနစ်မှာ အမှားများတာနှင့် အပြစ်ပေးခံရတော့တာပဲ။ ပညာရေးလောကအနေဖြင့် မင်း ဘောစ်ဘောကစားတဲ့အကြောင်း သိထားဖို့ လိုတယ်လို့ ပြောကြပေမယ့် သူတို့ကိုယ်တိုင်ကျတော့ မကစားတတ်ကြဘူး"

"အိုင်ကြျူဆိုတာ ဘာသာရပ်အလိုက် ပညာအားလုံးနှင့် သက်ဆိုင်တယ်လို့ ဆိုရမှာပေါ့နော်"

"ငါ့သားသိထားဖို့က ပညာရေးဆိုတာ အထင်အမြင် သဘောထားပဲ။ မင်းအနေနှင့် သင်ကြားရေးကို အပြုသဘောဆောင်တယ်လို့ မြင်ရင် မင်း

mgyoe.com

mgyoe.com SAMPLE BOOK

တိုးတက်မှုရအောင် ကြိုးစားမှာပဲ။ တကယ်လို့ အမြင်မရှင်းရင်၊ ဒါမှမဟုတ် အထင်သေးမိရင်တော့ ဘာကိုမှ သင်လို့တတ်တော့မှာ မဟုတ်ဘူး"

ကျွန်တော်က ကျောပိုးအိတ်ထဲက ဘော့စ်ဘောမဂ္ဂဇင်းကို ထုတ်လိုက်ပါတယ်။ စာအုပ်က ဟောင်းနွမ်းပြီး စုတ်ပြတ်နေပါပြီ။

"ကျွန်တော်က ဒီမဂ္ဂဇင်းဖတ်ရတာ သိပ်သဘောကျတယ်။ ပြိုင်ပွဲအမှတ်တွေ၊ ဘက်တံရိုက်နှုန်းတွေ၊ ကစားသမားတွေရဲ့ ဝင်ငွေတွေအကြောင်း ကောင်းကောင်းပြောနိုင်ပါတယ်။ ဒါပေမယ့် အတန်းထဲမှာ ဒီစာအုပ် ဖတ်ရမလားဆိုပြီး ဆရာမက ယူလွှင့်ပစ်ခဲ့တယ်"

"ဟုတ်လား။ တကယ်ဆိုရင် သူက ကျောင်းဆင်းပြီးမှ ဖတ်ရမယ်လို့ ပြောသင့်တာပေါ့"

ဖေဖေက မှတ်ချက်ချလိုက်ပါတယ်။

ကျွန်တော် အများကြီး ကျေနပ်သွားပါတယ်။

အဲဒီနေ့က ကျွန်တော် ဘယ်လို ပညာသင်ရမယ်ဆိုတာ တန်ဖိုးရှိရှိနှင့် သိခဲ့ရတာပဲ ဖြစ်ပါတယ်။

ကျွန်တော့်အဖို့ အရင်ဆုံးလုပ်ကြည့်ပြီ၊ နောက်မှ သက်ဆိုင်ရာစာဖတ်တာ အကောင်းဆုံးပဲလို့ သဘောပေါက်ခဲ့တာပါ။

ဥပမာ ကျွန်တော် ဘော့စ်ဘောကစားတာပဲ ဆိုပါတော့။ ကစားပွဲတွေ ပိုများလာရာက ဘော့စ်ဘောအကြောင်းဖတ်ချင်စိတ် ပိုပြင်းထန်လာတာပါပဲ။ ကိုယ်တိုင်သာ ဝင်မကစားဘူးရင် စိတ်ဝင်စားမှု သိပ်ရှိမှာ မဟုတ်ပါဘူး။ ဒီတော့ ကျွန်တော့်ဘဝမှာ လက်တွေ့ အရင်စမ်းလုပ်ပြီး စာတွေ့အနေဖြင့် နောက်ကလိုက်သင်တဲ့စနစ်ကို သုံးရမယ်ပေါ့။

ဒါကြောင့်လည်း ကျွန်တော် အထက်တန်းကျောင်းက ထွက်ပြီး အကြမ်းပတမ်းအရမ်းနိုင်လှတဲ့ စစ်တက္ကသိုလ်ကို ကာယရော ဉာဏပါ အရည်အချင်းအပြည့်နှင့် ဝင်ခွင့်ရခဲ့တာပဲလို့ ပညာရှင်အဖေက ထောက်ပြခဲ့တာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ရှင်းလင်းချက်အရ ကျွန်တော်ဟာ စာဘက်မှာ အိုင်ကြူ အဆင့် သိပ်မမြင့်ပေမယ့် ‘အရည်အချင်းမရှိဘူး’လို့ မပြောနိုင်တဲ့အချက်က ပေါ်လွင်ခဲ့ပါတယ်။

အဖိုးတန်တဲ့အသိတရားသာ မရခဲ့ရင် ကျွန်တော်ဟာ ၁၀ တန်း မအောင်ခင် ကျောင်းထုတ်ခံရမှာ သေချာပါတယ်။

ကျွန်တော်ရဲ့ပုဂ္ဂလိကအမြင်အရ ကျောင်းတွေမှာ ပညာသင်တာဟာ အဲရမ်းနှေးကွေးပြီး ပျင်းစရာကောင်းတယ်။ စိတ်ဝင်စားစရာလည်း မရှိပါဘူး။

သင်ရတဲ့ ဘာသာရပ်အများစုကို ကျွန်တော် စိတ်မဝင်စားတဲ့ကြားကပဲ ကိုယ့်နည်းနှင့်ကိုယ် ကြိုးစားသင်ပြီး စာမေးပွဲအောင်အောင် ဖြေနိုင်ခဲ့တာပါ။

‘ကောလိပ်က ဒီဂရီရတဲ့အထိ ဖွဲခတ်ပြီး နေရမယ်’ဆိုတဲ့အသိနှင့် ခရီးဆက်ခဲ့ရာက ကျောင်းထွက်ခဲ့တဲ့နောက်မှ ပညာအစစ်ကို တကယ် စ,သင် ရပါတော့တယ်။

ဉာဏ်ကြီးရှင်
အမျိုးမျိုး
ရှိပါသတဲ့

၁၉၈၀ ခုနှစ် နှစ်ဦးပိုင်းမှာ ဟောင်းဝပ် ဂတ်ဒ်နာဆိုတဲ့ ပုဂ္ဂိုလ်ကြီး ရေးခဲ့တဲ့ ‘စိတ်ရဲ့တည်ဆောက်ပုံများ’စာအုပ်မှာ အသိဉာဏ် ၇–မျိုး၊ သို့မဟုတ် ဉာဏ်ကြီးရှင် ၇–ယောက်ကို သရုပ်ခွဲပြထားပါတယ်။ အဲဒါတွေကတော့…

**၁ ။ ။ စာရေးစာဖတ် နှုတ်အသံထွက်ကျွမ်းကျင်သူ**

ဒီဉာဏ်ကြီးရှင်မျိုးကို မျက်မှောက်ပညာရေးစနစ်မှာ အသုံးပြုတဲ့ အိုင်ကြူနှင့် တိုင်းတာပါတယ်။ ဒီလူရဲ့ စာအရေးအဖတ် ပင်ကိုစွမ်းရည်ကို ပြရတာလည်း ဖြစ်ပါတယ်။ ဒါဟာ အရေးကြီးတဲ့ဉာဏ်ရည်လို့ ဆိုရမလို လူတွေကို စုစည်းရာနှင့် သတင်းဖြန့်ဝေရာမှာအရင်းခံ အသုံးပြုကြပါတယ်။ သတင်းစာဆရာတွေ, စာရေးဆရာတွေ, တရားရေးဝန်ထမ်းတွေ, ကျောင်း ဆရာတွေကို ဒီဉာဏ်ရည်နှင့် အမွှမ်းတင်လေ့ ရှိကြပါတယ်။

mgyoe.com

SAMPLE BOOK

၂ ။ ။ သင်္ချာဗေဒဆိုင်ရာ

ဒီဉာဏ်ကြီးရှင်ကတော့ ကိန်းဂဏန်းတွေနှင့်ဖော်ပြတဲ့ အချက်အလက်တွေနှင့် ပတ်သက်ပါတယ်။ အထင်ရှားဆုံးကတော့ ဂဏန်းသင်္ချာပညာ ဉာဏ်ကြီးရှင်တွေပါပဲ။ စနစ်တကျ လေ့ကျင့်တတ်မြောက်ထားတဲ့ အင်ဂျင်နီယာတစ်ယောက်အနေဖြင့် နူတ်မူဗေဒကော သင်္ချာဗေဒအရာမှာပါ ထူးချွန်ဖို့ လိုအပ်ပါလိမ့်မယ်။

၃ ။ ။ ပန်းတီးရှင်များ

ဖန်တီးရှင်တွေအနေနှင့် ပန်းချီဆရာတွေ, ဒီဇိုင်းဆရာတွေကို ဆိုလိုပါတယ်။ ဖော်ပြပါ ဉာဏ်ရည်၃–မျိုးစလုံးရှိတဲ့ ဗိသုကာပညာရှင်တွေလည်း ဒီအုပ်စုမှာ ပါဝင်နိုင်ပါတယ်။ သူ့လုပ်ငန်းအရ စကားလုံးတွေ, သင်္ချာတွေ, ဖန်တီးမှုတွေ မသုံးမဖြစ် လိုအပ်လို့ပါပဲ။

၄ ။ ။ ခန္ဓာဗေဒဆိုင်ရာ

ကျော်ကြားတဲ့ အားကစားသမားတွေနှင့် ကချေသည်တွေဟာ ခန္ဓာဗေဒနှင့်ပတ်သက်တဲ့ ဉာဏ်ကြီးရှင်တွေလို့ ဆိုရပါမယ်။ လူအတော်များများဟာ ကျောင်းမှာ စာမတော်ကြပေမယ့်၊ ရုပ်ပိုင်းအားဖြင့် ပါရမီရှင်တွေ ဖြစ်နေတတ်ပါတယ်။ သူတို့ဟာ လှုပ်ရှားမှုအရ သင်ကြားတတ်မြောက်လေ့ ရှိကြပါတယ်။ ဒီလို ဉာဏ်ကြီးရှင်မျိုးဟာ မက္ကင်းနစ်စက်ပြင်ဆရာ၊ ဒါမှမဟုတ် အဆောက်အဦးရောင်းဝယ်မှု လုပ်ငန်းတွေဘက် စိတ်ညွတ်တတ်ကြပါတယ်။ သူတို့ဟာ ပရိဘောဂဆိုင် ဒါမှမဟုတ် ချက်ပြုတ်ရေးသင်တန်းတွေကိုလည်း နှစ်သက်နိုင်ပါတယ်။ ပြောရရင်တော့ မြင်ရင်း, ထိတွေ့ရင်း, လုပ်ဆောင်လေ့ကျင့်ရင်းက ဉာဏ်ကြီးရှင် ဖြစ်လာကြသူတွေပါပဲ။ ပြိုင်ကားတွေကို ဒီဇိုင်းထုတ်တဲ့ပုဂ္ဂိုလ်မျိုးဟာ ဉာဏ်ကြီးရှင် ၄ မျိုးစလုံးမှာ အကျုံးဝင်တယ်လို့ ဆိုရမှာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

၅ ။ ။ အတွင်းစိတ်ဆိုင်ရာ

ဒီဉာဏ်ကြီးရှင်မျိုးကို တစ်ခါတစ်ရံ 'ခံစားလှုပ်ကြွရာက ထွက်လာတဲ့ ဉာဏ်စွမ်းရည်'လို့ ခေါ်တတ်ပါတယ်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပြန်လေ့လာကြည့်ပါ။ ကြောက်ရွံ့ထိတ်လန့်သွားတဲ့အခါ၊ ဒါမှမဟုတ် စိတ်ဆိုးဒေါသထွက်တဲ့အခါမျိုးမှာ ပေါ်လာတတ်ပါတယ်။ လူတွေ ကြိမ်ဖန်များစွာ မအောင်မြင်ကြတာဟာ စိတ်ပိုင်းဆိုင်ရာ အသိပညာနုန့်နဲ့လို့ မဟုတ်ပေမယ့် ဆုံးရှုံးမှာ ကြောက်ရွံ့မှုကြောင့် ဖြစ်တာ တွေ့ရမှာပါ။ ပညာရည်ချွန်လူတော်တွေ အောင်မြင်သင့်သလောက် မအောင်မြင်ကြတာလည်း ကြောက်စိတ်နှင့် အမှားတွေ တစ်လွဲတွေ လုပ်မိလို့ပါပဲ။ လူတွေ စီးပွားမဖြစ်ကြတာဟာလည်း ငွေရတာကို ဝမ်းသာရမှာထက်၊ ငွေဆုံးမှာကို စိုးရိမ်လို့ပဲ ဖြစ်ပါတယ်။

ဒင်နီယယ်ဂိုးလ်မင်းရေးတဲ့ 'အတွင်းစိတ် ခံစားလှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်'ဆိုတဲ့ စာအုပ်တစ်အုပ် ရှိပါတယ်။ ဘဝကို သိသိသာသာ ပြောင်းလဲသွားချင်တဲ့လူတိုင်း ဖတ်သင့်တဲ့ စာအုပ်ပါ။ ဂိုးလ်မင်းက ၁၆ ရာစု လူမှုရေးပညာရှင် အီရာ့စ်မတ်စ်ရဲ့ အဆိုအမိန့်ကို ကိုးကားထားပါတယ်။ စိတ်လှုပ်ရှားနေတဲ့အတွေးဟာ သာမန် အကြောင်းအကျိုးဆက်စပ်ပြီး တွေးတာထက် ၂၄ ဆ အားကောင်းတယ်လို့ ဆိုထားတာပါပဲ။

ဒါကို အချိုး ချကြည့်မယ်ဆိုရင်...

၂၄ း ၁

စိတ်ခံစားလှုပ်ရှားမှု း ကြောင်းကျိုးဆက်စပ်သော ဦးနှောက်

ကျွန်တော်တို့ဟာ သာမန်အခြေအနေက ဦးနှောက်ထက် စိတ်လှုပ်ရှားနေတဲ့အချိန်ကဦးနှောက်က စွမ်းအားပိုမြင့်တာကို ကိုယ်တွေ့ ကြုံဖူးကြမှာပါ။

ခွေးလိုက်လို့ လွတ်အောင် ရှောင်ပြေးကြတာတွေ။

အန္တရာယ်တစ်ခုခုကြုံရာက ရုန်းထွက်ကြတာမျိုး။

ဒေါသကြောင့် ဆင်ခြင်ဉာဏ်လွတ်သွားပြီး မပြောဘူးတဲ့စကားမျိုးတွေ ပါးစပ်က လွတ်ခနဲထွက်သွားတာမျိုးတွေ အပါအဝင်ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဉာဏ်ကြီးရှင်ဆိုသူတွေအတွက် ဒီလို အလိုအလျောက် ဖြစ်ပေါ်လာတဲ့ ဉာဏ်မျိုးကိုလည်း သတိထား ဂရုစိုက်ဖို့ လိုပါလိမ့်မယ်။

အထူးသဖြင့် ဒီဖြတ်ထိုးဉာဏ်မျိုးဟာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပြန်ပြောရာမှာ၊ စဉ်းစားကြရာမှာ အလွန်အကျွံမဖြစ်ဖို့, ထိန်းချုပ်ဖို့ လိုတာကြောင့်ပါပဲ။

## ၆ ။ ။ ကြားခံဆက်သွယ်မှု သို့မဟုတ် လူလူချင်းဆက်ဆံမှု

ဒီဉာဏ်မျိုးပိုင်ရှင်တွေက လူတစ်ဖက်သားနှင့် ပြေပြစ်အောင် ပြောဆိုနိုင်ကြပါတယ်။ ဒီလို ဉာဏ်ကြီးရှင်တွေအနေဖြင့် လူမှုဆက်ဆံရေးသမားများတွေ, စေ့စပ်ရေးသမားတွေ, အဆိုကျော်တွေ, တရားဟောဆရာတွေ, နိုင်ငံရေးသမားတွေ, ရုပ်ရှင်ပြဇာတ်သရုပ်ဆောင်တွေ, အရောင်းဈေးသည်တွေ, အဟောအပြောကောင်းသူတွေ ဖြစ်တတ် ကြပါ တယ်။

## ၇ ။ ။ ပတ်ဝန်းကျင်ဆိုင်ရာ

အဆိုပါဉာဏ်ကြီးရှင်မျိုးကတော့ သူတို့နှင့်နီးစပ်ရာ ဝန်းကျင်၊ အရာဝတ္ထု၊ သက်ရှိသက်မဲ့တွေနှင့် ပတ်သက်ပါတယ်။ သူတို့ဟာလည်း မွေးရာပါ ဗီဇပါရမီရှင်တွေ ဖြစ်တတ်ကြသလို သစ်ပင်တွေ၊ သီးနှံတွေ၊ ငါးတွေ၊ ပင်လယ်တွေ၊ သတ္တဝါတွေ၊ ဘူမိဗေဒဆိုင်ရာတွေမှာ စိတ်ဝင်တစား ကျွမ်းကျင်သူတွေပါပဲ။ အဲဒီဉာဏ်ကြီးရှင်တွေထဲမှာ လယ်သမားကြီးတွေ၊ တိရစ္ဆာန်မွေးမြူလေ့ကျင့်ပေးသူတွေ၊ အဏ္ဏဝါဗေဒပညာရှင်တွေ၊ ဥယျာဉ်မှူးတွေလည်း အပါအဝင်ပါပဲ။

အခု ပြဆိုခဲ့တဲ့ ဉာဏ်ကြီးရှင် ၇–မျိုးရဲ့ အရည်အသွေးတွေကို ဆင့်ပွားလိုက်ရင် ဉာဏ်ကြီးရှင် အမျိုး ၃၀–လောက် ထပ်ရပါသေးတယ်။

ဒီတော့ ဘာသာရပ်အသစ်, နယ်ပယ်အသစ်တွေ ထပ်ပေါ်လာတာနှင့်အမျှ အသိဉာဏ်တွေ တိုးတက်ထွန်းကားလာသလို၊ ဉာဏ်ကြီးရှင်တွေ တစ်နေ့တခြား ပေါ်များလာဖို့ပဲ ရှိပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

စာမေးပွဲကျတဲ့လူတွေ

ကျောင်းမှာ စာမလိုက်နိုင်သူတွေဟာ ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ နှုတ်ရေးအသံထွက် ကျွမ်းကျင်တဲ့ဉာဏ်ရည် မရနိုင်ပါဘူး။ သူတို့ဟာ ထိုင်နားထောင်ပြီး သင်ယူရတာ, စာဖတ်ရတာတွေနှင့် ပတ်သက်ပြီး သင်လို့ မတတ်ပေမယ့် တခြားနည်းနှင့် တခြားနယ်ပယ်တွေကျတော့ အလွယ်တကူ သင်လို့ရကြတဲ့ ပါရမီရှင်တွေ ဖြစ်နေတတ်ကြပါတယ်။

ကျွန်တော့်အဖေကြီးဟာ နှုတ်ရေးကျွမ်းကျင်မှု ဉာဏ်ရည်အရာမှာ ပါရမီရှင် ခေါ်ထိုက်သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စာရေးစာဖတ် ထူးချွန်သလို အိုင်ကြူအဆင့် မြင့်မားခဲ့ပါတယ်။ သူဟာ ဆက်သွယ်ရေးမှူး ကောင်းတစ်ဦး ဖြစ်တာနှင့်အမျှ အတွင်းစိတ်ဉာဏ်ရည် ထက်မြက်တယ်လို့ ဆိုရမှာပါ။

ကျွန်တော့်အဖေလေးကတော့ သင်္ချာအတွက်အချက်မှာ ပါရမီရှင်ပါပဲ။ သူဟာ အသံထွက်ကျွမ်းကျင်မှုမှာ အားနည်းတာမို့လည်း ကျောင်းပြန်မတက်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ သူဟာ စာရေးစာဖတ်လည်း ညံ့ပါတယ်။ ဒါပေမယ့် အပြောကောင်းသလို လူမှုဆက်သွယ်ရေး ကျွမ်းကျင်ရာမှာ ရှာမှရှားပဲပေါ့။ သူ့မှာ သူ့အလုပ်ကို အားတက်သရောလုပ်ပေးမယ့် အလုပ်သမားတွေ ရာချီရှိပါတယ်။

သူဟာ အန္တရာယ်ကို မကြောက်တမ်း စွန့်စားရဲသူမို့လည်း အတွင်းစိတ်ဉာဏ်ရည် အားကောင်းတယ်ဆိုတာ ပြနေပြန်ပါတယ်။

တစ်နည်းပြောရရင် သူ့အနေနှင့် ကိန်းဂဏန်းအသေးစိတ်တွေကို အာရုံစိုက်တာ ဝါသနာပါသလို၊ ရင်းနှီးမြှုပ်နှံမှုတွေနှင့် လူကြိုက်များတဲ့ ကုမ္ပဏီတွေကို စွန့်စွန့်စားစား တည်ထောင်နိုင်စွမ်းလည်း ရှိခဲ့ပါတယ်။

ကျွန်တော့်အဖေရင်းအနေနှင့် ဉာဏ်ရည်အတော်များများ ပြည့်စုံပေမယ့် ငွေဆုံးရှုံးမှာကြောက်တာဟာ အားနည်းချက်ပါပဲ။ သူဟာ ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထောင်ခဲ့ရာမှာ ပိုက်ဆံတွေကုန်သွားတာနှင့် လန့်ပြီး နောက်ဆုတ်လိုက်ဖူးပါတယ်။

အောင်မြင်တဲ့ ဦးဆောင်လုပ်ငန်းရှင်တစ်ဦးဖြစ်ဖို့မှာ အထူးသဖြင့် ငွေမရှိဘဲနှင့် လုပ်ငန်းထောင်နိုင်တာဟာ အတွင်းစိတ်ဉာဏ်ရည်ကြောင့်ပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK
စီးပွားကျရာက ဦးမော့ပြီး ပြန်ထအောင်လုပ်နိုင်သူဟာလည်း အတွင်းစိတ်ဉာဏ်ရည်ရှိတဲ့ ဉာဏ်ကြီးရှင်၊ သို့မဟုတ် စိတ်ခံစားလှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်မြင့်မားသူလို့ ဆိုနိုင်ပါတယ်။

လူတွေက အဲဒီလို ဉာဏ်ကြီးရှင်မျိုးကို 'သံမဏိစိတ်ဓာတ်ပိုင်ရှင်', 'ဆုံးဖြတ်ချက်ခိုင်မာသူ'လို့ ခေါ်လေ့ရှိကြပါတယ်။

လူတွေ လက်တွန့်နေတဲ့ အလုပ်တစ်ခုခုကို စွန့်လုပ်တဲ့သူကို လည်း အတွင်းစိတ်ဉာဏ်ရည်ရှင်လို့ သတ်မှတ်ပါတယ်။ အဲဒီလူကို 'ရဲစွမ်းသတ္တိ' ရှိသူလို့လည်း ခေါ်ကြပါတယ်။

လူတစ်ယောက်က အမှားလုပ်မိရာက သူ့အမှားကို ဝန်ခံတယ်။ တောင်းပန်တယ်။ ဒီ အသိဉာဏ်ရည်ကိုတော့ 'မာန်မာနကင်းမှု'လို့ ကင်ပွန်းတပ်ကြစမြဲပါ။

## လူတချို့က ကျန်တဲ့လူတွေထက် ပို အောင်မြင်ရတဲ့အကြောင်း

ကျွန်တော် ကမ္ဘာ့ဂေါက်သီးချန်ပီယံ တိုက်ဂါးဝုဒ်ရဲ့ဘဝကို လေ့လာကြည့်တဲ့အခါ 'ဘာကြောင့် သူ စူပါစတား ဖြစ်ခဲ့ရသလဲ'ဆိုတဲ့ အချက်ကို အလွယ်တကူ သိမြင်ခဲ့ရပါတယ်။

သူ ပညာရည်ချွန်ကျောင်းသားကောင်းတစ်ယောက် ဖြစ်လာပုံ၊ စတင်းဖို့တက္ကသိုလ်ဝင်ခွင့်ရအောင် ကြိုးစားခဲ့ပုံ၊ ကမ္ဘာနံပါတ်တစ် ဂေါက်သမားဖြစ်ဖို့ ကြံဆောင်ခဲ့ပုံတွေကို ကြည့်ရင် တိုက်ဂါးဝုဒ်ဟာ ဉာဏ်ရည် ၇–မျိုးစလုံး အပြည့်ရှိသူလို့ ပြောရမှာပါပဲ။

ဂေါက်သီးရိုက်ကစားနည်းဟာ ရုပ်ပိုင်းရော စိတ်ပိုင်းပါ ကြံ့ခိုင်အားကောင်းဖို့လိုတာ ဂေါက်သီးသမားတိုင်း သိပါတယ်။ ဒါကြောင့်လည်း လူအတော်များများက ဂေါက်ရိုက်တာဟာ 'ရင်တွင်းကစားနည်း'လို့ တင်စားကြတာပေါ့။

တိုက်ဂါးဝုဒ်ကို တီဗီထဲမှာကြည့်ရင် ကုန်ပစ္စည်းကြော်ငြာတွေက ဘာကြောင့် ဒေါ်လာတွေ သောက်သောက်လဲရသလဲဆိုတဲ့ အဖြေကို သိမှာ

mgyoe.com SAMPLE BOOK

ပါပဲ။ သူဟာ လူထုဆက်သွယ်ရေးမှာ လက်ဖျားခါလောက်အောင် တတ်ကျွမ်းသလို၊ အတွင်းစိတ်ဉာဏ်ရည်မှာလည်း သူမတူအောင် ထက်မြက်တာ တွေ့ရပါလိမ့်မယ်။

သတင်းသမားတွေနှင့် ဆုံပြီဆိုလည်း သူက စင်ပေါ်ကပါပဲ။ ထူးခြားတောက်ပြောင်တဲ့ အရည်အသွေးတွေကြောင့် တစ်ကမ္ဘာလုံးက သန်းပေါင်းများစွာသော ပရိသတ်တွေရဲ့သူ့ရဲကောင်း ဖြစ်ခဲ့ရတာပဲ မဟုတ်လား။

၁၉၃၀ ခုနှစ် နှောင်းပိုင်းမှာ ကာနက်ဂျီအင်စတီကျုက အောင်မြင်နေတဲ့ ထိပ်သီးပုဂ္ဂိုလ်တွေကို လေ့လာမှုတစ်ရပ် လုပ်ခဲ့ပါတယ်။ အဲဒီ သုံးသပ်ချက်အရ သူတို့အောင်မြင်မှုမှာ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုဟာ ၁၅ ရာခိုင်နှုန်းတောင် မရှိပါဘူးဆိုပဲ။

တစ်နည်းအားဖြင့် ဆရာဝန်တချို့က ဆေးကုတာချင်းအတူတူ ပိုပြီးအောင်မြင်ကြရတာဟာ သူတို့ ဘယ်ဆေးကျောင်းမှာ တက်ခဲ့လို့, ဘယ်လောက်တော်လို့ ဆိုတာတွေနှင့် မဆိုင်တဲ့သဘောပါပဲ။

စင်စစ်မှာလည်း ကျောင်းမှာ ဘယ်လောက်ပဲ ဘယ်လိုပဲတော်တော်၊ အပြင်လောက တကယ့်ဘဝမှာ ထိပ်တန်းရောက်ဖို့ ခဲယဉ်းပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ ဉာဏ်ကြီးရှင်အရည်အချင်း ၇–မျိုးနှင့် တခြားအကြောင်းတွေကို ကြည့်လိုက်ရင် လူတစ်ယောက်ရဲ့အောင်မြင်မှု အနည်းအများကို တွက်ဆနိုင်ပါပြီ။

ဒါကို အသိဉာဏ် ဖွံ့ဖြိုးပြည့်ဝမှုနှင့် ပတ်သက်တဲ့ အရည်အသွေးတွေလည်း တစ်ပုံကြီးရှိသေးတယ်လို့လည်း ပြောရမှာပါ။

ကာနက်ဂျီကောလိပ်ရဲ့ လေ့လာချက်အစီအရင်ခံစာက ဘဝ အောင်မြင်မှုရဲ့ ၈၅ ရာခိုင်နှုန်းဟာ 'လူလုပ်တတ်ဖို့ ကျွမ်းကျင်မှု'အပေါ်မှာ တည်နေတယ်လို့ ဆိုပါတယ်။

လူနှင့်လူချင်း ဆက်ဆံတတ်တဲ့အရည်အချင်းဟာ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုထက် ပိုအရေးပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ကာနက်ဂျီတို့ရဲ့တွေ့ရှိချက်ကို ပိုထင်လင်းအောင် မီးမောင်းထိုးလိုက်တာကတော့ အမေရိကန် အလုပ်သမားဌာနရမ်းလေ့ကျင့်ရေးနှင့် စီမံအုပ်ချုပ်ရေး စစ်တမ်းဌာနခွဲရဲ့ လေ့လာချက်ပါပဲ။

သူတို့က အလုပ်ရှင် ၃၀၀၀ နှင့် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

"အလုပ်သမားတွေကို အလုပ်ခန့်တဲ့အခါ ဘယ်လို အရည်အချင်းတွေကို စံထားပါသလဲ။ ဦးစားပေးပြီး ရွေးချယ်ပါသလဲ"

အဖြေက ကျွမ်းကျင်မှုဦးစားပေးတဲ့ အချက် ၆–ချက် ပေါ်လာပါလာပါတယ်။ အစဉ်လိုက် ပြောရရင်...

၁။ စိတ်နေသဘောထား ကောင်းမွန်ခြင်း

၂။ ဆက်ဆံရေး ကောင်းမွန်ကျွမ်းကျင်ခြင်း

၃။ လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်ခြင်း

၄။ ယခင်အလုပ်ရှင်ရဲ့ ထောက်ခံမှုရှိခြင်း

၅။ တက်ရောက်ဖူးသော သင်တန်းများ

၆။ အတန်းပညာ အရည်အချင်း တို့ပဲ ဖြစ်ပါသတဲ့။

ကဲ– ဒီအစီအရင်ခံစာမှာလည်း စိတ်ရင်းသဘောထားနှင့် ဆက်ဆံရေးကျွမ်းကျင်မှုတွေဟာ ပညာရပ်ဆိုင်ရာ အရည်အချင်းတွေထက် လုပ်ငန်းခွင်အောင်မြင်ရေးမှာ အဓိကဦးစားပေး ပြဌာန်းတယ်ဆိုတာ တွေ့ရပြန်ပါပြီ။

## ကိုယ့်မှာရှိတဲ့ ဉာဏ်ရည်ကို တွေ့အောင်ရှာပြီး ဉာဏ်ကြီးရှင်ဖြစ်ရေး

ကျွန်တော်ရဲ့ ပညာရှင်ဖေဖေဟာ ပညာရှင်ဆရာကြီးပီပီ ကျွန်တော့်ကို 'ကျောင်းမပျော်ဘူး၊ စာမလိုက်နိုင်ဘူး'ဆိုတာ နားလည်ခဲ့ပါတယ်။ အတန်းထဲ ငုတ်တုပ်ထိုင်ပြီး လက်ချာတွေနားထောင်လို့ စာအုပ်တွေဖတ်၊ သက်ဆိုင်ရာဘာသာတွေကို လေ့လာရတဲ့အလုပ်ဟာ ကာယစွမ်းအားမပါသလို၊ ကျွန်တော့်အတွက် အသင့်တော်ဆုံး သင်ကြားနည်းမဟုတ်မှန်းလည်း သူ သိခဲ့တာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK
ဒါနှင့်အမျှ မကြာမကြာ သူ ရင်ဖွင့်ခဲ့ပုံက...

"ငါ့သားသမီးတွေ တစ်ယောက်မှ ကျောင်းစာတော်ပုံ မရဘူး"တဲ့။

သူက သူ့ကလေးတွေအားလုံး တစ်လမ်းသွားစနစ်နှင့် သင်လို့ တတ်မှာမဟုတ်တာ သူ သဘောပေါက်ခဲ့ပါတယ်။

သူ ထင်တဲ့အတိုင်းပါပဲ။

ကျွန်တော့်ရဲ့ညီမဟာ အရောင်စပ်ပြီးဒီဇိုင်းထွင်ရာမှာ ၂- ယောက် မရှိတဲ့ လျှမ်းလျှမ်းတောက်ပန်းချီဆရာမ ဖြစ်ခဲ့ပါတယ်။ ဒီနေ့ဆိုရင် အဲဒီညီမ ဟာ ထိပ်တန်း စီးပွားရေးပန်းချီပညာရှင်ဘဝ ရောက်နေပါပြီ။

နောက် ညီမတစ်ယောက်ကတော့ သီလရှင်ပါ။ သူက အသံချိုချို အေးအေးလေးနှင့် တကယ့်ကို သိမ်မွေ့နူးညံ့သလို၊ သူ့ပတ်ဝန်းကျင်နှင့် လိုက်ဖက်တင့်မောသူလို့ ဆိုရပါလိမ့်မယ်။ ဘုရားသခင်ဖန်ဆင်းထားတဲ့ သတ္တဝါတွေနှင့် ဖန်ဆင်းမှုအားလုံးကို မြတ်နိုးတတ်သူပါပဲ။

ကျွန်တော့်ညီကတော့ လက်တွေ့သမား။ သူကတော့ ကိုယ်တိုင်လုပ် ကိုယ်တိုင်သင်ယူရတာ သိပ်ကြိုက်တယ်။ သူက ဝက်အူလှည့်တစ်ချောင်းနှင့် ဟိုကလိဒီကလိလုပ်ရတာ အရမ်းပျော်တယ်။ ဒါတင်မက သူက ဆက်ဆံရေး မှူးကောင်းတစ်ယောက် ဖြစ်တယ်။ လူတွေနှင့် ပြောဆိုရာမှာနှင့် တစ်ဖက် သားကို ကူညီ တိုက်တွန်းအားပေးရာမှာ ကျွမ်းပါပေ့။ ဒါကြောင့်လည်း သူ သွေးလှူဘဏ်မှာလုပ်ရတာ ပီတိ ဖြစ်နေလေရဲ့။

ကျွန်တော်ကိုယ်တိုင်ကတော့ စိတ်ပိုင်းဆိုင်ရာကျွမ်းကျင်မှု ပြည့်တယ် လို့ ဆိုရမလားပဲလေ။ ဒီလိုနှင့် ကြောက်စိတ်ရွံ့စိတ်တွေ မရှိသလောက်ဖြစ်ပြီး လက်ရဲဇက်ရဲလုပ်တတ်လာတာ ဖြစ်မှာပေါ့။ ဒါဟာ ကျွန်တော့်အနေနှင့် ဦးဆောင်လုပ်ငန်းရှင်တစ်ယောက်၊ ငွေရင်းမြှုပ်နှံသူတစ်ယောက်အဖြစ်ကို မက်မောမိတဲ့အကြောင်းတစ်ရပ်ပါပဲ။ ဒီ့အတူ ကမ်းတက်တပ်ဖွဲ့ထဲ ဝင်ခဲ့ရတာ, ဗီယက်နမ်မှာ တိုက်ခိုက်ရေး ရဟတ်ယာဉ်ပေါ် လိုက်ခဲ့ရတာတွေကို ပျော်မွေ့ခဲ့ မိတယ် ဆိုပါတော့။ ကျွန်တော့်ရဲ့ကြောက်စိတ်ကို ရင်ခုန်မှုဝါသနာအဖြစ် အသွင်ပြောင်းတတ်ခဲ့တယ်လို့ပြောလည်း မမှားပါဘူး။

ပညာရှင်ဖေဖေဟာ သူ့သားသမီးတွေကို ကိုယ်ပိုင်အရည်အသွေး တွေ ကိုယ့်ဘာသာရှာပြီး ကိုယ်သန်ရာနည်းနှင့် ပညာသင်တာကို တလိုက် တ္တာလှဲ အားပေးခဲ့သူပါ။
mgyoe.com

mgyoe.com SAMPLE BOOK

သူ့ကလေးတွေဟာ တစ်မိသားစုတည်းက ပေါက်ခဲ့ကြပေမယ့် တစ်ယောက်နှင့်တစ်ယောက် ခြားနားမှုရှိပြီး ဉာဏ်ရည်ချင်း မတူသလို၊ သင်ကြားတတ်မြောက်မှုလည်း ကွဲပြားတာကို ကောင်းကောင်း သိခဲ့တယ်။

ပြီးတော့ သူ စိတ်မဝင်စားတဲ့ ငွေနှင့် အရင်းရှင်စီးပွားရေး လုပ်ငန်းတွေကို ကျွန်တော် စိတ်ဝင်စားခဲ့တာတွေ့ခဲ့တော့ အမှီကောင်း ဆရာကောင်းကို ရှာဖို့ လမ်းညွှန်တိုက်တွန်းခဲ့တယ်။

ဒါကြောင့်လည်း ကျွန်တော် ၉ နှစ်သားအရွယ်လေးနှင့် သူဌေးဖေဖေဆီက လက်ထပ်ပညာသင်ခွင့်တွေ ရခဲ့တာပေါ့။

ပါမောက္ခပညာရှင်ဖေဖေဟာ ကျွန်တော့်ရဲ့ဒုတိယဖေဖေနှင့် ပညာရပ်ဆိုင်ရာ အတော်များများမှာ အမြင်ချင်း မတူကြပါဘူး။ ဒါပေမယ့် သူက သူဌေးဖေဖေကို လေးစားပါတယ်။

ဝါသနာအလျောက် အသိဉာဏ်ဖွံ့ဖြိုးရေးကို အားပေးတတ်တဲ့ ဆရာကောင်းတစ်ဦးအနေနှင့် သူကိုယ်တိုင် မကြိုက်တဲ့တိုင်အောင် သူဌေးဖေဖေရဲ့လုပ်ငန်းပညာတွေကို လေ့လာသင်ယူခွင့် ပြုခဲ့တယ်။

ကျွန်တော် ကျောင်းမှာ အောင်ချက်မကောင်းတာကို ပညာရေးစနစ်ရဲ့ ဦးဆောင်ပုဂ္ဂိုလ်ဖြစ်လျက်နှင့် ဘာတစ်ခွန်းမျှ အပြစ်မတင်ခဲ့ပါဘူး။

ကျောင်းဆိုတာ အရေးကြီးမှန်းသိတဲ့တိုင်အောင် ကျွန်တော့်ရဲ့ ဉာဏ်စွမ်းဉာဏ်ရည်အစစ်အမှန်ကို ဖော်ထုတ်ပေးနိုင်မယ့်နေရာ မဟုတ်တာလည်း သူ သိခဲ့တယ်။

ကလေးတွေဟာ သူတို့ စိတ်ဝင်စားမှုရှိတဲ့နေရာမှာမှ ပညာရမယ်၊ ပကတိအရည်အသွေး ပေါ်လာပြီး အောင်မြင်မယ်ဆိုတာ နားလည်တယ်။

သူ့သားသမီးတွေ တော်တာကို သူ သဘောပေါက်တယ်။

ကျောင်းစာညံ့ပေမယ့် တစ်ခုမဟုတ်တစ်ခု ထူးချွန်မှာပဲလို့ ယုံကြည်ခဲ့တာပဲ။

'ပညာရဲ့ အစစ်အမှန်တန်ဖိုးဟာ စာသိတွေ အတင်းအကျပ် ထိုးသိပ်ထည့်ပေးရတာ မဟုတ်ဘဲ၊ ဉာဏ်ရည်ဉာဏ်သွေးကို ဖော်ထုတ်ပြီး ငါသိသိအောင် လုပ်ပေးရတာပဲ'လို့ သူ ပြောခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဗျားကလေးရဲ့
ဉာဏ်ရည်ဉာဏ်သွေးကို
ထိန်းသိမ်းကာကွယ်ပေးဖို့

ကျွန်တော့်ရဲ့ ပါမောက္ခဖေဖေဟာ သူ့သားသမီးအားလုံးရဲ့ ဉာဏ်အရည်အသွေးတွေကို ဖွဲကောင်းကောင်းနှင့် ထိန်းသိမ်း ကာကွယ်ပေးခဲ့ပါတယ်။

ကျောင်းမှာသင်တဲ့စနစ်က စာဉာဏ်တစ်မျိုးတည်းကို အခြေခံတာ မှန်း နားလည်တယ်။

ကလေးတစ်ယောက်ချင်းရဲ့ ဉာဏ်ရည်ဟာ ကျောင်းမှာ ပြိုကွဲပျက်စီးသွားနိုင်တယ်။ အထူးသဖြင့် အိုင်ကြူခေါ်တဲ့ ဉာဏ်ရည်အဆင့် သတ်မှတ်ချက်တွေကို တွေ့ပြီး အားငယ်သွားမယ်၊ ရှိရင်းစွဲဉာဏ်ရည် ကျသွားမယ်။

သူက ကျွန်တော့်ကို အရေးထားတယ်။ ကျွန်တော်ဟာ ဖျတ်လတ်နိုးကြားမှုအပြည့်ရှိတဲ့ ကလေးတစ်ယောက်မို့ နှေးကွေးလေးလံမှုကို မုန်းတယ်။ ကျောင်းစာတွေကို ငြီးငွေ့တယ်။

ဒါကြောင့်လည်း အားကစားလိုက်စားတာနှင့် သူဌေးဖေဖေဆီ သွားလေ့လာနေတာတွေကို မတားတဲ့အပြင် အားပေးခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော့်စိတ်ကြိုက် အလိုလိုက်ခြင်းအားဖြင့် ကျွန်တော့်ကိုယ်ကျွန်တော် တန်ဖိုးထားလေးစားမှု ရလာတာကို လိုလားတယ်။ ဒါဟာ ပကတိဉာဏ်စွမ်းရည်ကို တိုက်ရိုက် အထောက်အကူပြုတယ်လို့ သဘောပေါက်တယ်။ ကျွန်တော့်ညီတွေ၊ညီမတွေကိုလည်း ဒီပုံစံအတိုင်း ဝါသနာပါရာ လုပ်ခိုင်းခဲ့တာပဲလေ။

ဒီနေ့အဖို့ဆိုရင် ကျွန်တော်ဟာ 'အာရုံလျော့ပါး စိတ်ထွေပြားမှု' **(Attention Deficit Disorder ADD)** ရနေတယ်လို့ သမုတ်ခံရလောက်ပြီး၊ စာသင်ခန်းထဲပိတ်လှောင်လို့ ကျွန်တော် စိတ်မဝင်စားတဲ့ စာတွေ ဇွတ်သင်ခိုင်းတာ ခံရနိုင်တယ်။

ဒီစိတ်ရောဂါအနုစားမျိုးက လူတိုင်းမှာ ရှိတာပဲလေ။

ဒီစိတ်မျိုးမရှိရင် တီဗီချန်နယ်တစ်ခုတည်းသာ ထားမှာဖြစ်ပြီး၊ ကျွန်တော်တို့လည်း သတိလက်လွတ်နှင့် ငုတ်တုပ်ငေးနေရမှာ ကျိန်းသေတယ်။

mgyoe.com

ဒီနေ့ အဲဒီ **ADD** ဆိုတာကို 'ချိန်နယ်ပြောင်းတာ' လို့လည်း အများက သိနေကြပါပြီ။ ကျွန်တော်တို့ ပျင်းရိငြီးငွေ့လာရင် ရီမုခလုတ်နှိပ်ရာက စိတ်ဝင်စားစရာကောင်းတဲ့ တခြားချိန်နယ်တွေကို လိုက်ရှာမှာပဲ မဟုတ်လား။

ကျွန်တော်တို့ သားသမီးတွေကတော့ ကျောင်းမှာ ဒီလို စိတ်ကြိုက်ပြောင်းရွှေ့မှုမျိုး လုပ်ခွင့်မရကြတာ ကံဆိုးတယ် ဆိုရမှာပဲ။

## ယုန်နှင့် လိပ် ပမာ

ကျွန်တော့်ဖေဖေ ဆင်းရဲတဲ့ပါမောက္ခကြီးဟာ သူဌေးဖေဖေလိုပဲ ကမ္ဘာလျော် ယုန်နှင့်လိပ် ပုံပြင်ကို သိပ်ကြိုက်တာပဲ။ သားသမီးတွေကို ဆုံးမတိုင်း...

"မင်းတို့ကျောင်းမှာ မင်းတို့ထက်တော်တဲ့သူတွေ ရှိမယ်။ ဒါပေမယ့် ယုန်နှင့်လိပ်ပုံပြင်ကို ဘယ်တော့မှ မမေ့ကြနှင့်။ မင်းတို့ထက် ဉာဏ်သွက်ပြီး စာအတတ်မြန်တိုင်း မင်းတို့ထက် သာသွားတာ မဟုတ်ဘူး။ မင်းတို့က ဖြည်းဖြည်းနှင့်မှန်မှန် ပုံမှန်ကြိုးစားရင် သူတို့ကိုယ်သူတို့ တော်လှတတ်လှပြီဆိုပြီး အသင်အကြားရပ်သွားတဲ့လူတွေကို ကျော်တက်သွားနိုင်တယ်"

ပြီးတော့လည်း သူက...

"ကျောင်းသားတစ်ယောက်ဟာ အောင်မှတ်ကောင်းရုံနှင့် ဘဝမှာ အဆင်ပြေ ထိပ်တန်းရောက်သွားနိုင်တာ မဟုတ်ဘူး။ မင်းတို့ရဲ့ တကယ့်ပညာက ကျောင်းကထွက်ပြီးမှ စ,သင်ရမှာ"

ဒါဟာ ကျွန်တော့်ဆင်းရဲဖေဖေကြီးရဲ့ သူ့ကလေးတွေကို သူ့လိုပဲ ဘဝတစ်လျှောက်လုံး လေ့လာသင်ယူဖို့ တိုက်တွန်းအားပေးတဲ့နည်းပဲ ဖြစ်ပါတယ်။

## အိုင်ကြူဆိုတာ နိမ့်သွားတတ်တယ်

ဘဝဆိုတာ အသက်ရှင်နေသမျှ အတွေ့အကြုံတွေကို လေ့လာသင်ယူနေတာပဲဆိုတာ ကျွန်တော့်အဖို့တော့ အတော်ထင်ရှားပါတယ်။ ယုန်

ဟာ ဆက်မပြေးဘဲ လမ်းဘေး ထိုးအိပ်လိုက်သလိုပဲ၊ လူတွေဟာ သူ့ကိုယ်သူ အထင်ကြီးစိတ်နှင့် ကြိုးစားမှုကို အရှိန်လျှော့ပစ်တတ်ကြပါတယ်။ အပြောင်းအလဲမြန်တဲ့ ဒီနေ့ကမ္ဘာကြီးမှာ အဲဒီလုပ်ရပ်မျိုးဟာ တန်ဖိုးကြီးကြီး ပေးဆပ်ရလေ့ ရှိဖါတယ်။ အိုင်ကြူရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပဲ ပြန်ကြည့်ပါ။

**အသိဉာဏ်ဆိုင်ရာ အသက်** x ၁၀၀ = အိုင်ကြူ
**လက်ရှိအသက်**

ဒီအဓိပ္ပာယ်အရ ခင်ဗျား အသက်ကြီးလာတာနှင့်အမျှ အိုင်ကြူဟာလည်း တဖြည်းဖြည်းနိမ့်ကျသွားမယ်လို့ ပြဆိုနေတာပဲ။

ဒါကြောင့် ကျွန်တော့်အဖေရဲ့ ယုန်နှင့်လိပ် ပုံပြင်က တွက်ချက်ဟာ မှန်တယ်လို့ ဆိုရလိမ့်မယ်။

အထက်တန်းကျောင်းသားဟောင်းများအသင်းကို သွားကြည့်ရင် ယုန်တွေ လမ်းဘေးထိုးအိပ်သလို အိပ်နေကြတဲ့လူတွေကို တွေ့နိုင်ပါတယ်။

သူတို့ဟာ တစ်ချိန်တုန်းက 'ထိပ်တန်းကအောင်မြင်ဖို့ အနီးစပ်ဆုံးလူတွေ'အဖြစ် 'တစ်'ပေးခဲ့ရသူတွေပေါ့။ တကယ်တမ်းကျတော့ အများထင်သလို မအောင်မြင်ခဲ့ကြဘူးလေ။

သူတို့ဟာ ကျောင်းထွက်ပြီးတဲ့နောက် ဘဝမှာ သင်စရာ ပညာတွေ တစ်ပုံတစ်ပင်ကျန်သေးတယ်ဆိုတာ မေ့ခဲ့လို့, နားမ၀ ၂ည်ခဲ့ လို့ပဲ ဖြစ်ပါတယ်။

**ခင်ဗျားသားသမီးရဲ့**
**ဉာဏ်ရည်ကို**
**တွေ့အောင်ရှာပါ**

"ခင်ဗျားရဲ့ကလေးဟာ ဉာဏ်ကြီးရှင်တစ်ယောက်လား"

ကျွန်တော်ကတော့ ဟုတ်မယ်လို့ ထင်တယ်။

ခင်ဗျားလည်းပဲ ကျွန်တော့်လိုပဲ ထင်နေမှာပါပဲ။

တကယ်စင်စစ် ခင်ဗျားရဲ့ကလေးက ဘက်စုံထူးချွန်သူလေးတော့င် ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။

mgyoe.com

ပြဿနာက ကျွန်တော်တို့ရဲ့ လက်ရှိပညာရေးစနစ်က ထူးချွန်မှု တစ်ခုတည်းကိုသာ ဂရုစိုက်တာ ဖြစ်ပါတယ်။

တကယ်လို့ ကလေးဟာ ကျောင်းစာမတော်ရင်ပဲ အညံ့အဖျင်းလေး အဖြစ် အနှိမ်ခံရတော့တယ်။

အဆိုးဆုံးက ကလေးရဲ့ဉာဏ်ရည်ဉာဏ်သွေးတွေကို ပညာသင်စနစ်က လစ်လျူရှုပစ်တာ, အညွန့်တုံးအောင်လုပ်တာ, ရိုက်ချိုးဖျက်ဆီးပစ်လိုက်တာပါပဲ။

ကလေးအတော်များများ သူတို့ကိုယ်သူတို့ ညံ့တယ်လို့ မှတ်သွားကြရတာဟာ တခြားကလေးတွေနှင့် အနှိုင်းအယှဉ်ခံရလို့ပဲ ဖြစ်ပါတယ်။

ကလေးတစ်ယောက်ရဲ့ ထူးခြားတဲ့အရည်အသွေးကို အသိအမှတ်ပြု မြေတောင်မြှောက်ပေးရမယ့်အစား၊ အိုင်ကြိုတစ်မျိုးတည်းနှင့် အဆင့်ခွဲလိုက်တာ မှန်ပါ့မလား။

ကလေးတွေကျောင်းထွက်တော့ သူတို့ဟာ 'မတော်တဲ့ အညံ့စား' တွေလို့ ခံစားသွားရပါတော့တယ်။

စိတ်ဓာတ်နှင့် ခံစားမှုအရ အားငယ်စွာ ကျောင်းပြင်ပရောက်လာကြတဲ့ကလေးတွေအဖို့ ဘဝမှာလည်း အစွယ်ကျိုးပြီး အသနားခံအဖြစ် ရောက်သွားတတ်ကြပါတယ်။

မိဘတွေအတွက် ကလေးတွေရဲ့ ဗီဇဉာဏ်နှင့် အရည်အသွေးကို ငယ်ငယ်ကတည်းက စောစောစီးစီး အကဲဖြတ်သိထားဖို့ အထူး အရေးကြီးပါတယ်။ ဒါနှင့်အမျှ သူတို့ သန်ရာသန်ရာအလျောက် အားပေးအားမြှောက်ပြုပြီး တစ်လမ်းသွားပညာရေးစနစ်ရဲ့ တစ်ခုတည်းသော အရည်အချင်းသတ်မှတ်ချက်အန္တရာယ်က ကာကွယ်မှု ပေးရပါလိမ့်မယ်။

ကျွန်တော့်ပညာရှင်ဖေဖေကြီးရဲ့ စကားနှင့်ဆို...

"တို့ရဲ့ ကျောင်းသင်စနစ်က ကလေးတချို့တစ်ဝက်ကို သင်ပေးဖို့သာ ပုံစံချထားသလို ဖြစ်နေပြီး၊ ကလေးအားလုံးနှင့် မဆိုင်သလို ဖြစ်နေတာ စိတ်မကောင်းစရာပဲ"

mgyee.com

mgyoe.com SAMPLE BOOK

လူတွေက ကျွန်တော့်ကို ကလေးတိုင်းဟာ တော်သလားလို့ မေးလာတဲ့အခါ...

"ကျွန်တော်တော့ စူးစမ်းချင်စိတ်နှင့် ပညာသင်ဖို့ တက်ကြွ လိုလားမှုမရှိတဲ့ ကလေးရယ်လို့ တစ်ယောက်မှ မတွေ့ဖူးပါဘူး။ စကားပြောတတ်ဖို့၊ လမ်းလျှောက်တတ်ဖို့ အထူးသင်ပေးရတဲ့ ကလေးရယ်လို့လည်း မရှိသလောက်ပါပဲ။ လမ်းစမ်းလျှောက်ရင်း လဲကျသွားရာက မထတဲ့ကလေးရယ်လို့လည်း မမြင်ဖူးပါဘူး။ သူတို့ဟာ ကြမ်းပေါ်မှာ မှောက်လျက်သားလဲနေရင်းက 'ကျွန်တော်တော့ အရေးနိမ့်ပြန်ပြီ။ ဘယ်တော့မှ လမ်းလျှောက်တတ်တော့မှာ မဟုတ်ပါဘူး'လို့ ပြန်ပြောတဲ့ ကလေးမျိုးလည်း တကယ့်ကို မတွေ့ဘူးတာ အမှန်ပါပဲ"လို့ ပြန်ဖြေနေကျပါ။

တစ်ဆက်တည်းမှာ...

"ကျွန်တော်တွေ့ဖူးသမျှ ကလေးတိုင်းကတော့ လဲလိုက် ထ,လိုက်၊ လဲလိုက်ထ,လိုက်၊ လဲလိုက်ထ,လိုက်နှင့် နောက်ဆုံး မားမားမတ်မတ် ရပ်နိုင်ပေတွေဖြစ်ပြီး လမ်းဆက်လျှောက်လို့ မာရသွန်ပြေးတဲ့ဘဝကို ရောက်သွားကြသူတွေချည်းပါပဲ။ ကလေးတွေဟာ သင်ယူရမှာကို ပင်ကိုသဘာဝအရ စိတ်ထက်သန်ကြတဲ့ လူသစ်ကလေးတွေပါ"

ကျွန်တော့် ပါမောက္ခဆင်းရဲဖေဖေကတော့...

"မိဘတွေရဲ့ အရေးကြီးဆုံးတာဝန်က သားသမီးတွေရဲ့ ပကတိအရည်အသွေးကို ဆက်ထိန်းသိမ်းပေးတဲ့အနေနှင့် သူတို့ ဝါသနာထက်သန်ရာကို ပံ့ပိုးကူညီ ထောက်ခံအားပေးဖို့ပဲ ဖြစ်တယ်။ အထူးသဖြင့် ကျောင်းမပျော်တဲ့ကလေးတွေအတွက် ဒီအချက်ကို ဂရုစိုက်ဖို့ လိုအပ်တယ်"လို့ ပြောခဲ့ပါတယ်။

သူသာ ဒီအမြင်နှင့် ကျွန်တော့်ကို လိုက်လိုက်လျောလျော မလုပ်ခဲ့ရင် ကျွန်တော်ဟာ ဘွဲ့တောင် ရမှာမဟုတ်ပါဘူး။ သူ နားလည်မှုပြည့်ဝခဲ့လို့ 'သား ရွှေအိုးထမ်းလာတဲ့အဖြစ်'ကို မြင်ခဲ့ရတာပါ။ ဒီစာအုပ်ထဲမှာ ပညာရှင်

mgyoe.com

mgyoe.com SAMPLE BOOK

ဆင်းရဲဖေဖေက ကျွန်တော့်ရဲ့ နိုးကြားတက်ကြွစွာ ပညာသင်လိုစိတ်ကို ထိန်းကျောင်းစောင့်ရှောက်ခဲ့တဲ့အကြောင်းတွေ အတော်များများ ပါပါတယ်။

သူက အသက်ပါတဲ့ပညာသင်ယူမှုမျိုးကို မြတ်နိုးတဲ့ ကျွန် တော့်ကို အမှန်အကန် ထိန်းပေးနိုင်ခဲ့လို့ပဲ။ ကျွန်တော်ဟာ ကျောင်းမှာ ပညာရည်ချွန်ဆု မရခဲ့ပေမယ့် ဘဝအောင်မြင်ရေးအတွက် လိုအပ်တဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ ဖွံ့ဖြိုးပြည့်ဝအောင် ဆောင်ကြဉ်းအားဖြည့် ပေးရာရောက်ခဲ့တယ် ဆိုရမှာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း-၃

### ကလေးတွေကို
### ငွေပေးခင်
### စွမ်းအားသတ္တိ ပေးပါ။

ႏ တစ်နေ့မှာ ကျွန်တော်နှင့်တစ်တန်းတည်းသား သူငယ်ချင်း ရစ်ချီက သူတို့ရဲ့ ပင်လယ်ကမ်းခြေကအပန်းဖြေအိမ်ကို ကျောင်းပိတ် ရက်လိုက်လည်ဖို့ ဖိတ်ခဲ့ပါတယ်။

ကျွန်တော် အရမ်းပျော်သွားတယ်။

ရစ်ချီဟာ ကျွန်တော်တို့ကျောင်းမှာ အချမ်းသာဆုံးငနဲလေး ဖြစ်ပြီး လူတိုင်းက သူနှင့် သူငယ်ချင်း ဖြစ်ချင်ကြတယ်။

ခုတော့ ကျွန်တော့်အထုပ်အပိုးလေးကို ပြင်ပေးပြီး ကျွန်တော့်ကို ခေါ်တဲ့ ရစ်ချီရဲ့မိဘနှစ်ပါးကို ကျေးဇူးတင်စကား ပြောခဲ့ပါတယ်။

ကျွန်တော့်အဖို့တော့ နတ်ဘုံနတ်နန်း ရောက်သွားရသလိုပါပဲ။

ရစ်ချီမှာ ကိုယ်ပိုင်လှေကလေးရှိတဲ့အပြင် တခြားကစားစရာတွေလည်း အများကြီး မဟုတ်လား။

ကျွန်တော်တို့ဟာ မိုးလင်းကမိုးချုပ် ကစားကြပါတယ်။

သူ့အဖေနှင့်အမေဟာ ကျွန်တော့်ကို အိမ်ပြန်ပို့တဲ့အချိန်မှာ ကျွန်တော်ဟာ နေလောင်ပြီး မောပန်းခဲ့ရသမျှကို တသသ စွဲလန်းနေခဲ့မိပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ပြန်ရောက်တဲ့ ၃,၄ရက်စလုံး အဲဒီအကြောင်းတွေ ပြောမဆုံး တော့ပါဘူး။

ကစားစရာတွေ, အစားကောင်းအသောက်ကောင်းတွေ, လှပတဲ့ အပန်းဖြေကမ်းခြေအိမ်ကလေးအကြောင်း စုံလို့ပေါ့။

ကြာတော့ အမေနှင့်အဖေက နားကြားပြင်းကတ်လာပါရော။ ဒီကြားထဲက ကျွန်တော်က အလိုက်ကောင်းဆိုးမသိစွာနှင့် ရစ်ချီတို့အိမ်နားမှာ အပန်းဖြေအိမ်လေးတစ်လုံး မဝယ်နိုင်ဘူးလားလို့ မေးမိတယ်။

ဒီတွင် ဆင်းရဲဖေဖေကြီး ပေါက်ကွဲသွားတော့တာပါပဲ။

"၄-ရက်လုံးလုံး တို့တစ်အိမ်လုံးက ရစ်ချီအိမ်မှာ မင်း ဇိမ်ခံခဲ့ရတာတွေပဲ နားထောင်နေခဲ့ရတယ်။ တို့နားတွေကို ပူနေပြီ။ အခု မင်းက အပန်းဖြေအိမ် လိုချင်တယ်လို့ ပူဆာပြန်ပါရောလား။ နောက်ဆုံးတော့ မင်းအကြံက ဒီလိုကိုး။ ငါ့မှာ ဘယ်လို ပိုက်ဆံရှာရတယ်ဆိုတာ မင်း သိရဲ့လား။ မင်းလိုချင်တဲ့ အိမ်လှလှလေး ဝယ်ပေးဖို့နေနေသာသာ ဒီမှာ စားဖို့တောင် အနိုင်နိုင်ကွ။ ကျောတွေတောင့်နေအောင် ကုန်းရုန်းလုပ်နေရင်းက အကြွေးတွေ ဗရပွ ဆပ်လို့မလောက်ဘူးဖြစ်နေတာ။ မင်းလိုချင်သမျှ ဝယ်ပေးနိုင်လောက်အောင် ရစ်ချီမိဘတွေလို ငါက မချမ်းသာဘူးကွ။ မင်းတို့ စားဖို့ဝတ်ဖို့ ရှာပေးနေရတာပဲ ပင်ပန်းလှပြီ။ မင်း ရစ်ချီတို့ကိုအားကျရင် သူတို့အိမ်မှာ အပြီးသွားနေလိုက်"တဲ့။

အဲဒီည အိပ်ရာပင်ချိန်ကျတော့ မေမေက ကျွန်တော့်အခန်းထဲ ဝင်လာပါတယ်။ သူ့လက်ထဲမှာလည်း စာအိတ်တွေ တစ်ထပ်ကြီးနှင့်။ ကျွန်တော့်ခုတင်စောင်းမှာ ဝင်ထိုင်လိုက်ရင်းက တိုးတိုးညင်ညင်လေး ပြောပါတယ်။

"မင်းဖေဖေခမျာလည်း စီးပွားရေးအဆင်မပြေဘဲ အကျပ်အတည်း ဆိုက်နေတဲ့အချိန်မှာ သားက သွားပြောမိတာကိုး။ သူလည်း စိတ်ညစ်ညစ်နှင့် ပြောမိပြောရာတွေ ပြောတာနေမှာပါကွယ်"

ကျွန်တော်ဟာ မသက်မသာနှင့် အိပ်ရာပေါ်လူးလိမ့်လျက်က အမေ့ကို ပြန်မော့ကြည့်လိုက်တယ်။ ၉ နှစ်သာရှိသေးပေမယ့် ကျွန်တော် အရှမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားလိုက်ရပါတယ်။ ဝမ်းနည်းတာရော, မကျေနပ်တာရော, စိတ်ပျက်တာရော· စုံလို့။ မျက်ရည်တွေ ဝဲလျှက်သား။

အမေက အကြွေးတောင်းစာတွေ ပြတယ်။ တချို့မှာ မင်နီနှင့် ရိုက်ထားတယ်။

"မေမေတို့မှာ ဘဏ်လက်ကျန်လည်း မရှိတော့ဘူး။ ဒီအကြွေးတွေလည်း ဆပ်ရဦးမယ်။ တချို့ဆိုရင် ၂-လ ၃-လ ကျော်နေပြီ"

"ကျွန်တော် သိပါတယ် မေမေ။ ကျွန်တော် အကုန်သိတယ်။ သားကလည်း ဖေဖေ့ကို စိတ်ညစ်အောင်လုပ်ချင်တာ မဟုတ်ပါဘူး။ သားပျော်ခဲ့သလို မိသားစုကို ပျော်စေချင်တဲ့စိတ်နှင့် မျှဝေခံစားရအောင် ပြောခဲ့မိတာပါ။ ပိုက်ဆံရှိတဲ့ဘဝမှာ လိုတရတာတွေကို အားကျစရာအဖြစ် အသိပေးခဲ့တာပါ"

ဖေမေက ကျွန်တော့်နဖူးပြင်ကဆံပင်တွေကို နောက်ကို သပ်ချပေးရင်းက...

"သားစိတ်ဓာတ်ကို မေမေ နားလည်ပါတယ်။ တစ်ချိန်တုန်းက မေမေတို့အိမ်ဟာလည်း ပျော်စရာကောင်းခဲ့တာပဲ မဟုတ်လား။ လောလောဆယ်တော့ မေမေတို့ ငွေကြေးအခက်အခဲကြုံပြီး ဒုက္ခရောက်နေကြရတယ်။ မေမေတို့ဟာ လူချမ်းသာတွေ မဟုတ်သလို ဘယ်တော့မှလည်း ချမ်းသာမှာ မဟုတ်တော့ပါဘူး သားရယ်"

"ဗျာ၊ ဘာဖြစ်လို့လဲ"

ကျွန်တော်က အလန့်တကြား စောဒကတက်ဖို့ကြံရင်း ပြန်မေးမိလိုက်တာပါ။

"သားရယ်။ မေမေတို့မှာ ကြွေးပတ်လည်ဝိုင်းနေတယ်။ မင်းဖေဖေကလည်း ပုံမှန်ဝင်ငွေထက် ပိုမရှာနိုင်တော့ဘူး။ သူ ရှာရမျှဟာလည်း ကြွေးဆပ်ဖို့ မလောက်ဘူး။ ဒီကြားထဲ ပိုဆိုးတာက သူ့အမေ မင်းအဘွားကလည်း ဒုက္ခရောက်နေလို့ ငွေပို့ပေးပါလို့ လှမ်းတောင်းခဲ့တာပဲ။ အဲဒီစာကို ဒီနေ့ပဲရပြီး သူ စိတ် အတော်ထိခိုက်သွားတယ်။ မေမေတို့အခြေအနေက ရစ်ချီမိဘတွေနှင့် မယှဉ်သာအောင် ကွာခြားနေတယ် သားရဲ့။ သူတို့ တတ်နိုင်သလို မေမေတို့ မတတ်နိုင်ဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

"အဲသလိုဖြစ်ရတဲ့ အကြောင်းရင်းကကော"

"မေမေလည်း အသေအချာ မပြောတတ်တော့ပါဘူးကွယ်။ မေမေတို့ဟာ သူတို့လို မချမ်းသာတာတော့ အမှန်ပဲ။ ကဲပါ။ ငါ့သားလေး အိပ်တော့နော်။ မနက် ကျောင်းသွားရဦးမှာ မဟုတ်လား။ အောင်မြင်ဖို့ ပညာကောင်းကောင်းတတ်မှ ဖြစ်မယ်ကွယ့်။ အဲဒါမှလည်း ရစ်ချီတို့လို သား ချမ်းသာမှာပေါ့"

"ဒါပေမယ့် ဖေဖေက ပညာ ကောင်းကောင်းတတ်တာပဲ။ မေမေက လည်း ပညာတတ်တစ်ယောက်ပဲ။ ဘာဖြစ်လို့ မချမ်းသာကြတာလဲ။ အဲဒီ အစား အကြွေးတွေတစ်ပုံကြီး တင်နေသေးတယ်။ ကျွန်တော်တော့ နားမလည် တော့ဘူး။ သား ဘယ်လိုမှ နားမလည်နိုင်တော့ဘူးမေမေ"

ကျွန်တော်က ပထမ ခံပက်သလိုပြောမိပြီးနောက်၊ ခပ်ညည်းညည်း လေး အဆုံးသတ်လိုက်မိပါတော့တယ်။

"ဘယ်လိုမှ မအောက်မေ့ပါနှင့် သားရယ်။ ငွေအတွက်လည်း မပူပါနှင့်။ မင်းဖေဖေက ပြေလည်အောင် ဖြေရှင်းနိုင်မှာပါ။ ငါ့သား မနက် အစောကြီး ကျောင်းသွားရမှာဆိုတော့ အိပ်ရေးဝဖို့ အရေးကြီးတယ် မဟုတ် လား"

မေမေက ကျွန်တော့်ကို ချော့သိပ်သွားပါတယ်။

၁၉၅၀ နှစ်ကုန်ပိုင်းမှာ ဖေဖေကြီးဟာ ဟာဝိုင်ယီတက္ကသိုလ်မှာ ဘွဲ့ယူဖို့အစီအစဉ်ကို စွန့်လွှတ်လိုက်ရပါသေးတယ်။ သူ့အဖို့ ပေးစရာအကြွေး တွေ မပေးနိုင်လို့ပါပဲ။

ဒါပေမယ့် ကလေး ၄ ယောက်, ဇနီး ၁–ယောက် ရှိတဲ့ကြားကပဲ ဒေါက်တာဘွဲ့ကို ရအောင်ယူခဲ့တာပါ။

ဒီနောက် မေမေရယ်, ကျွန်တော်ရယ်, ညီမနှစ်ယောက်ရယ် တစ် လှည့်စီ နေထိုင်မကောင်းဖြစ်ကြပြန်တယ်။ ကျွန်တော့်ညီက အုတ်စည်းရိုး ပေါ်ကပြုတ်ကျပြီး ဆေးရုံတက်ရတယ်။

ပညာဝန်လုပ်ဖို့ ဟိုနိုလူလူကို ပြန်ပြောင်းခဲ့ရတယ်။

ဒီလိုနှင့် ကျွန်တော်တို့မိသားစုမှာ ကြွေးသံသရာက ရှန်းမလွှတ် အောင် စီးပွားကျပ်ခဲ့ရတာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကြွေးတွေကျေအောင် နှစ်နှင့်ချီပြီးဆပ်ခဲ့ပေမယ့် ကြွေးသစ်တွေက ထပ်တက်လာတာနှင့် လုံးလည်လိုက်ပြီး လော်ရင်းနှစ်ခဲ့ရတဲ့ဘဝပဲ ဆိုပါတော့။

အဲဒီအချိန်မှာမှ ကျွန်တော်က ရစ်ချီနှင့် သွားပေါင်းမိတာပါ။

သူတို့အခြေအနေက ကျွန်တော်တို့ ဘယ်နည်းနှင့်မှလိုက် မမီအောင် မြင့်လွန်းနေတာလည်း အမှန်ပါပဲ။

ဒီကြားထဲက ကံအားလျော်စွာ သူဌေးဖေဖေနှင့်တွေ့ပြီး ဂုဏ်တံတိုင်း, ငွေတံတိုင်းတွေကို ကျော်နိုင်ခဲ့တယ် ဆိုရပါမယ်။

ကျွန်တော်ဟာ တခြားဆင်းရဲသားနှင့် လူလတ်တန်းစားတွေထက် အခွင့်အရေးပိုကောင်းတဲ့ သူဌေးဖေဖေရဲ့ စီးပွားရေးမူလတန်းကျောင်းကို စ,တက်ခဲ့ရတယ်ပြောရရင် မမှားပါဘူး။

အကြွေးနွံထဲနစ်နေတဲ့ မိသားစုဝင်တစ်ယောက်အနေနှင့် ချမ်းသာတဲ့ သူငယ်ချင်းတွေကို ပေါင်းခဲ့ရတာဟာ ၉ နှစ်သား ကျွန်တော့်အတွက် ဘဝရဲ့ ဦးတည်ချက် အလှည့်အပြောင်းလုပ်ဖို့ ကြုံခဲ့ရတာလည်း ဖြစ်ပါတယ်။

## ၁။ ငွေလုပ်ဖို့ ငွေ လို့,မလို

ကျွန်တော့်ကို ဝိုင်းမေးနေကျ မေးခွန်းတစ်ခုကတော့

"ငွေလုပ်ဖို့ ငွေ မလိုဘူးလား" ဆိုတာပါပဲ။

ကျွန်တော် ပြန်ဖြေပါတယ်။

"မလိုပါဘူး။ တကယ့်ကို မလိုတာပါ။ ငွေဆိုတာ ခင်ဗျားတို့ရဲ့ အကြံအစည်, စိတ်ကူးဉာဏ်က ဖြစ်လာတာပဲဥစ္စာ။ အဲဒါ အမှန်ပဲ။ ငွေဆိုတာ အကြံအစည်, စိတ်ကူးဉာဏ်တစ်ခုပါပဲ"

နောက်မေးခွန်းအနေနှင့် အမေးအများဆုံးကလည်း

"ငွေမရှိဘဲနှင့် ဘယ်လိုလုပ် ရင်းနှီးမြှုပ်နှံမှု လုပ်လို့ရပါ့မလဲ။ အကြွေးတွေတောင် မဆပ်နိုင်သေးဘဲနှင့် ဘယ့်နှယ်လုပ် အရင်း ထုတ်နိုင်ပါ့မလဲ"တဲ့။

ကျွန်တော့်အဖြေကတော့ ရှင်းရှင်းလေးပဲလေ။

mgyoe.com

mgyoe.com SAMPLE BOOK

"ခင်ဗျားတို့ အရင်ဆုံးသိဖို့က ငါ တတ်နိုင်မှာ မဟုတ်ပါဘူးလို့ ပြောနေတာကို ရပ်လိုက်ဖို့ပါပဲ"

ဒီအဖြေတွေကို လူအတော်များများ အစာမကြေချင်ကြပါဘူး။ သူတို့က အမြန်ဆုံး ငွေဖြစ်မယ့်နည်းကိုသာ လိုချင်ကြတာကိုး။

ဒီလို ငွေရှိမှ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်ပြီး၊ ဘဝခရီးကို ရှေ့ဆက်တက်လှမ်းရမယ်လို့ ထင်နေကြတယ်။

ကျွန်တော့်အနေနှင့် လူတိုင်းကို သိစေချင်ပါတယ်။ သူတို့မှာ လိုသလောက်ငွေတွေ ရနိုင်တဲ့ အစွမ်းတန်ခိုးနှင့် အရည်အချင်းတွေရှိပြီးသားပါလို့။

အဲဒီအစွမ်းတန်ခိုးတွေကို တခြားမှာ သွားရှာစရာ မလိုပါဘူး။ သူတို့ရဲ့ စိတ်ကူးဉာဏ်, အကြံအစည်တွေထဲမှာပဲ ရှိပါတယ်လို့။

ငွေ ရှိတာ, မရှိတာနှင့် ဘာမှ မဆိုင်ပါဘူး။ တန်ခိုးစွမ်းအားတွေ ရှိအောင်သာ လုပ်ဖို့လိုပါတယ်။ စိတ်ကူးဉာဏ်ရဲ့အစွမ်းသတ္တိတွေ အားကောင်းဖို့ပဲ ဆိုပါတော့။

ငွေပေါ်မှာ မူမတည်ဘဲ မိမိတို့ရဲ့ အကြံအစည် စိတ်ကူးတွေကို နည်းနည်းပြောင်းလဲချင်တဲ့ ဆန္ဒရှိဖို့ပဲ အဓိကကျတယ်ဆိုတာ ပြောချင်ပါတယ်။

စိတ်ကူးအကြံတချို့ကို ပြင်လိုက်ရုံနှင့် ငွေက ကိုယ့်ကို လွှမ်းမိုးချုပ်ခြယ်မယ့်အစား၊ ငွေကို အနိုင်ယူစိုးမိုးနိုင်တဲ့ စွမ်းအားတန်ခိုးတွေ ရလာနိုင်ပါတယ်။

ကျွန်တော့်သူဌေးဖေဖေ မကြာခဏ ပြောလေ့ရှိပါရဲ့။

"လူဆင်းရဲတွေ ဆင်းရဲတာ ဘာမှမဆန်းဘူးကွ။ ဘာကြောင့်ဆို သူတို့မှာ ဆင်းရဲမယ့်စိတ်ကူးတွေနှင့် ဆင်းရဲစေတဲ့အကြံတွေပဲ ရှိလို့ပေါ့"

ပြီးတော့လည်း...

"လူများစုဟာ ငွေနှင့် ဘဝအကြောင်းနှင့်ပတ်သက်တဲ့ စိတ်ကူး, အကြံဉာဏ်တွေကို သူတို့မိဘတွေဆီက လက်ထပ် သင်ယူခဲ့ကြရတာကလား။ ကျောင်းမှာ ငွေပညာမသင်ခဲ့ရတဲ့ မိဘတွေဆီကနေ သားစဉ်မြေးဆက် အမွေခံရခဲ့တဲ့ အကြံအတွေးတွေဟာ ဘာ အသုံးကျတော့မှာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

'သူဋ္ဌေးဖေဖေ ဆင်းရဲဖေဖေ'စာအုပ်က သင်ခန်းစာ နံပါတ်တစ်က...

'သူဋ္ဌေးတွေဟာ ငွေရဖို့ အလုပ်လုပ်တာ မဟုတ်ဘူး'ဆိုတာပါ။

ကျွန်တော့်သူဋ္ဌေးဖေဖေရဲ့ သင်ပေးချက်အရ ငွေကို ပြန်ခိုင်းဖို့သာ စဉ်းစားရမယ်လို့ သိခဲ့ရပါတယ်။

ကျွန်တော် ၉ နှစ်သားအရွယ်မှာ ရစ်ချီတို့က ချမ်းသာသလောက် ကျွန်တော်တို့မိသားစု ဆင်းရဲချို့တဲ့ရတဲ့အကြောင်းရင်းကို နားမလည်ခဲ့ပေမယ့်၊ နှစ်ပေါင်းများစွာ ကြာပြီးတဲ့နောက်တော့ ဘာကြောင့်ဆိုတာ သဘောပေါက်ခဲ့ပါပြီ။

ရစ်ချီမိဘများဟာ ငွေကိုပြန်ခိုင်းတဲ့နည်းကို သိခဲ့ကြသလို၊ သူတို့ရဲ့ သားသမီးတွေကိုလည်း ဒီပညာကို ပြန်သင်ပေးခဲ့ကြတာပဲ။

ဒီတော့ ရစ်ချီကိုယ်တိုင် လူချမ်းသာကြီးဖြစ်လာသလို၊ ပိုပိုပြီး တော့လည်း ချမ်းသာနေဆဲပါ။

ကနေ့ဆိုရင် ကျွန်တော်တို့ဟာ အချစ်ဆုံးငယ်သူငယ်ချင်းတွေ အနေဖြင့် တစ်ယောက်နှင့်တစ်ယောက် တွေ့နေကြတုန်းပါပဲ။ တွေ့တိုင်း လည်း လွန်ခဲ့တဲ့ အနှစ် ၄၀ ကျော်ကအတိုင်း ခင်မင်ရင်းနှီးလျက်ပါပဲ။

ခုအချိန်မှာ ရစ်ချီကတစ်ဖန် သူ့သားသမီးတွေကို စီးပွားရေးပညာ တွေကို လက်ဆင့်ကမ်း အမွေပေးနေပြန်တာ တွေ့ရပါတယ်။

ဒါပေမယ့် ငွေရှာနည်းထက် ငွေကို လိုရာပုံသွင်းပြီး စေလိုရာစေ နိုင်တဲ့ အစွမ်းတန်ခိုးတွေကိုသင်ပေးတာ ပိုများလာပါတယ်။ ဒီအတွက် သူတို့အုပ်စုဟာ ကျိကျိတက် ချမ်းသာသည်ထက် ချမ်းသာလာကြပြန်တာ ပဲပေါ့။

စင်စစ်အားဖြင့် ငွေချမ်းသာရုံသက်သက်မက စိတ်ချမ်းသာ ကိုယ် ချမ်းသာ ဘက်စုံချမ်းသာမှုတွေ ရခဲ့ကြတာလို့ ဆိုရပါလိမ့်မယ်။

ဒီစာအုပ်မှာ ငွေကို လွှမ်းမိုးစေစားနိုင်တဲ့ အစွမ်းတန်ခိုးတွေ စာဖတ် သူကို ပေးဝေမှာဖြစ်ပြီး၊ စာဖတ်သူရဲ့ရင်သွေးတွေကို လက်ဆင့်ကမ်း ပေးစေ ချင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'သူဌေးဖေဖေ ဆင်းရဲဖေဖေ'ထဲမှာ လုပ်ငန်းရှင် လူချမ်းသာဖေဖေက ကျွန်တော့်ကို တစ်နာရီ ၁၀ ဆင့်တောင် လုပ်ခမပေးဘဲ အလကားပဲ တင်းခိုင်းခဲ့တဲ့အပေါ် ပရိသတ်တွေဆီက မကျေလည်တဲ့အသံတွေ ပြန်ကြားခဲ့ပါတယ်။

မိတ်ဆွေဆရာဝန်တစ်ယောက်ကဆိုရင် 'သူဌေးဖေဖေဟာ အနိုင်ကျင့် ရက်စက်ရာကျတယ်။ ငွေရှာတဲ့လူကို ငွေပေးရမှာပဲ'လို့ မကျေမနပ်နှင့် အပြစ်တင် အရေးဆိုခဲ့ပါသေးရဲ့။

## သူဌေးတွေမှာ ငွေ မလိုပါ

တကယ့်တကယ်မှာ သူဌေးဖေဖေက ကျွန်တော့်လုပ်ခ တစ်နာရီ ၁၀–ပြားကို မပေးတော့တဲ့အတွက် ကျွန်တော့်အနေနှင့် ငွေကို အဓိကမထား, ငွေကို ဂရုမစိုက်တဲ့စိတ်နှင့် ငွေအပေါ် နိုင်နိုင်နင်းနင်း စီးပိုးနိုင်တဲ့ စွမ်းအားသတ္တိတွေ ရရှိခဲ့တာ ဖြစ်ပါတယ်။

သူက ငွေ မရှိဘဲနှင့် ငွေလုပ်နိုင်တယ်ဆိုတာ ကျွန်တော့်ကို သိစေချင်ခဲ့တာပါ။

သူက ငွေအတွက် ကျွန်ခံရမယ့်အစား အထက်စီးကနေ ငွေကို ကျွန်ပြုပြီး ငွေဖန်တီးနိုင်တဲ့ပညာကို သင်ပေးခဲ့တာပါ။

"မင်း ငွေ မလိုတော့ဘူးဆိုမှ ငွေတွေတစ်ပုံကြီးရအောင် လုပ်နိုင်လိမ့်မယ်။ ငွေ အမြဲလိုနေတဲ့ လူတွေဟာ တကယ်ချမ်းသာနေပြီလို့ မဆိုနိုင်ဘူး။ အဲဒီအလိုဆန္ဒက မင်းရဲ့စွမ်းအားတွေကို လုယူသွားမှာပဲ။ အလုပ်ကို အပင်ပန်းခံလုပ်ပြီး ဘယ်တော့မှ ငွေမလိုတတ်အောင် သင်ကြားဖို့ လိုတယ်"

သူဟာ တခြားကလေးတွေကို အပိုသုံးငွေ ပေးလေ့ရှိပေမယ့် သူ့သားဖြစ်တဲ့ မိုက်ကို ဘယ်တော့မှမပေးခဲ့ပါဘူး။ အဲ့ဒီအတိုင်းပဲ ကျွန်တော့်ကိုလည်း လုပ်ခ မပေးခဲ့တာပါ။

"ကလေးတွေကို ပိုက်ဆံအပိုပေးတာဟာ ငွေကို တမက်တမော ရှာခိုင်းရာသာရောက်ပြီး၊ ငွေကို အကျိုးရှိရှိ ဖန်တီးတတ်အောင် သင်ပေးတာ မဟုတ်ဘူး" ဆိုတဲ့စကားဟာ သူ့ဩဝါဒပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

အခု ကျွန်တော်ပြောနေတာဟာ မိတ်ဆွေရဲ့ကလေးတွေကို အခမဲ့ အလုပ်လုပ်ခိုင်းပါလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ပြီးတော့ သားသမီးတွေကို မုန့်ဖိုးပဲဖိုး အပိုအလျှံမပေးပါနှင့်လို့ ပိတ်ပင်တာလည်း မဟုတ်ပါဘူး။ ကလေး ချင်းမတူသလို အခြေအနေချင်း ကွာခြားတာကို ကောင်းကောင်း နားလည် ပါတယ်။

ကျွန်တော့်ဆိုလိုရင်းက ငွေဆိုတာ စဉ်းစားဉာဏ်၊ အကြံအစည်က ဖြစ်လာတာမို့ ကလေးတွေရဲ့ဦးနှောက်ထဲမှာ စီးပွားရေးပညာ အစပျိုး သွတ်သွင်းပေးချင်ရိုးမှန်ရင် ခင်ဗျားရဲ့ စဉ်းစားဉာဏ်နှင့် ကလေးတွေရဲ့ စဉ်းစားဉာဏ်ကို ပြုပြင်တီထွင် ထက်သန်နိုးကြားအောင် လုပ်ပေးဖို့ အသိပေး တာပါပဲ။

ရိုးအီနေတဲ့ ဆိုရိုးစကားတစ်ခွန်းတော့ ကြားဖူးမှာပါ။

'မိုင် ၁၀၀၀ ခရီးကို ခြေတစ်လှမ်းက စရတယ်'ဆိုတာလေ။

ပိုပြီးအသုံးဝင်တဲ့ အဆိုတစ်ရပ်အဖြစ်နှင့် 'မိုင် ၁၀၀၀ ခရီးကို အကြံကောင်း ၁–ချက်နှင့် စပါ'လို့ ကျွန်တော် ပြောပါရစေ။

ငွေနှင့်ပတ်သက်လာရင် လူတွေဟာ သူတို့ရဲ့ဘဝခရီးကို နှန့်နဲ့သေးဖွဲ့ တဲ့အကြံတွေနှင့် စ,လေ့ရှိပါတယ်။ ဒါမှမဟုတ် သူတို့ရဲ့ အကြံတွေဟာ သူတို့ရဲ့တစ်သက်တာဘဝကို ကန့်သတ်ဘောင်ခတ်ထားလိုက်တယ်လို့ ဆိုချင် ပါတယ်။

## ကလေးတွေကို
## ငွေအကြောင်း
## ဘယ်တော့ သင်ပေးရမှာလဲ

"ကျွန်တော့်ကလေးကို ငွေအကြောင်း စီးပွားရေးကိစ္စတွေ ဘယ် အရွယ်မှာ စ,သင်ပေးရပါ့သလဲ"

အဲဒါ ကျွန်တော် ခဏခဏအမေးခံရတဲ့ မေးခွန်းပါပဲ။

ကျွန်တော့်အဖြေကတော့ "ခင်ဗျားကလေး ငွေကို စိတ်ဝင်စားလာ တဲ့အချိန်ပေါ့"လို့ပါပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ဆက်တည်းမှာ...

"ကျွန်တော့်မိတ်ဆွေတစ်ယောက်မှာ ၅-နှစ်အရွယ်သားလေး ရှိမယ်။ ကျွန်တော်က ၅ ဒေါ်လာတန်နှင့် ဒေါ်လာ ၂၀ တန် ငွေစက္ကူတွေပြပြီး 'မင်း ဘာကို ယူမလဲ'လို့မေးရင်၊ ဒီကလေးက ဘယ်အရွက်ကို ယူမယ်ထင်ပါသလဲ"ဆိုတော့၊ ကျွန်တော့်ကို မေးခွန်းထုတ်တဲ့ပုဂ္ဂိုလ်က မဆိုင်းမတွဘဲ "၂၀ တန်ပဲ ယူမှာပေါ့"တဲ့။ ဒီတော့ ကျွန်တော်က...

"သိပ်ဟုတ်တာပေါ့ဗျာ။ ၅-နှစ်သားလေးတောင် ၅-ကျပ်တန်နှင့် ၂၀-တန်ကို ခွဲခြားတတ်သေးတာပဲ။ ဒါဆိုရင် ခင်ဗျား သဘောပေါက်လောက်ပြီပေါ့နော်"လို့ နိဂုံးချုပ်လိုက်ပါတယ်။

ကျွန်တော့်သူဌေးဖေဖေဟာ လုပ်ခ ၁ နာရီ ၁၀ ဆင့်ကို မပေးတဲ့အကြောင်းမှာ ကျွန်တော်က သူ့ကို ချမ်းသာအောင်လုပ်နည်း သင်ပေးဖို့တောင်းဆိုခဲ့လို့သာ ဖြစ်ပါတယ်။

ကျွန်တော်က အစကတည်းက ငွေရဖို့နည်းကို သင်ခိုင်းခဲ့တာမဟုတ်သလို၊ ဒီ၂-ချက်ဟာလည်း အကြီးအကျယ် ခြားနားပါတယ်။

ချမ်းသာနည်းကို မသင်လိုတဲ့ ကလေးတစ်ယောက်အဖို့လည်း သင်ခန်းစာတွေဟာ တူမှာမဟုတ်တာ သေချာပါတယ်။

သူဌေးဖေဖေက သူ့ တခြားသားသမီးတွေကို အပိုမုန့်ဖိုးတွေ ပေးတဲ့အကြောင်းရင်းက သူတို့ဟာ ချမ်းသာရေးကို စိတ်မဝင်စားကြလို့ပဲ ဖြစ်ပါတယ်။ ဒါနှင့်အမျှ သူတို့ကို ငွေအကြောင်းသာ တစ်နည်းတစ်ဖုံ သင်ပေးခဲ့ပြန်ပါတယ်။

သင်ခန်းစာတွေမတူကြပေမယ့် သူတို့ကိုလည်း ဘဝမှာ ငွေရှာဖို့သက်သက်သာ အချိန်မဖြုန်းဘဲ၊ ငွေကို ဩဇာလွှမ်းမိုးနိုင်တဲ့ စွမ်းအားတွေမွေးဖို့တော့ သင်ပေးတာပါပဲ။

သူ့စကားကို ထပ်ပြောပါဦးမယ်။

"မင်းတို့ ငွေတွေ ပိုလိုလာတာနှင့်အမျှ စွမ်းအားတွေ ပို လျော့သွားမှာပဲ"ဆိုတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

၉ နှစ်မှ
၁၅ နှစ်ကြား
အရွယ်များ

သင်ကြားရေးနှင့်ပတ်သက်တဲ့ စိတ်ပညာရှင်တွေက ၉ နှစ်မှ ၁၅ နှစ်ကြားအရွယ်ဟာ ကလေးတစ်ယောက်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆုံးအဖြတ်ပေးတဲ့ကာလပဲလို့ ပြောကြပါတယ်။

ကျွမ်းကျင်သူတွေက တစ်ယောက်တစ်မျိုး ပြောနေကြသလို ဒီအချက်ကိုလည်း အတိအကျယူလို့ ရမယ်မထင်ပါဘူး။

ကျွန်တော်ကိုယ်တိုင်ဟာလည်း ကလေးလူငယ် ဖွံ့ဖြိုးရေးပါရဂူမဟုတ်တော့ ကျွန်တော့်တင်ပြချက်တွေကိုလည်း ယေဘူယျလမ်းညွှန်မှုတွေလို့သာ ယူဆပါ။

ပညာရှင်တစ်ယောက်ရဲ့ အဆိုကတော့ ၉ နှစ်သားလောက်မှာ မိဘတွေရဲ့ လမ်းညွှန်ပဲ့ကိုင်မှုကို သွေဖည်ပြီး ကိုယ့်သဘောကိုယ့်ဆန္ဒအလျောက် လမ်းရှာသွားတတ်လေ့ ရှိပါသတဲ့။

ဒီအဆိုဟာ ကျွန်တော့်အတွက် တကယ်မှန်တယ် ဆိုရမှာပဲ။ ကျွန်တော်ကိုယ်တိုင်လည်း ၉ နှစ်အရွယ်မှာ သူငွေးဖေဖေနှင့် သွားပေါင်းခဲ့တာမဟုတ်လား။ မိဘတွေရဲ့ ပကတိပတ်ဝန်းကျင်က ဖောက်ထွက်ပြီး အခြေအနေသစ်ကိုဖန်တီးဖို့ ကြိုးစားခဲ့တာပဲ ဖြစ်ပါတယ်။

ပါရဂူတစ်ယောက်ကတော့ ဒီအသက်အရွယ်ပိုင်းမှာ ကလေးတွေဟာ သူတို့အခေါ် 'အောင်မြင်ရေးဖော်မြူလာ'ကို တိုးတက်ကြံဆနိုင်ကြတယ်လို့ ဆိုပါတယ်။ အဲဒီပုဂ္ဂိုလ်ကပဲ အောင်မြင်ရေးဖော်မြူလာဆိုတာ ကလေးဟာ 'သူ ဘယ်လိုရှင်သန်ပြီး ဘယ်လို အောင်မြင်နိုင်မလဲ'၊ အကောင်းဆုံး စိတ်ကူးကြံဆမှုပဲလို့ အနက်ဖွင့်ပါတယ်။

ကျွန်တော့်အဖို့ စာသင်ကျောင်းဟာ အောင်မြင်ရေးဖော်မြူလာရဲ့ အစိတ်အပိုင်းတစ်ခုမဟုတ်မှန်း ၉ နှစ်အရောက်မှာပဲ သိခဲ့ရတယ် ဆိုရမယ်။ အထူးသဖြင့် အင်ဒီ့ကို ဉာဏ်ကြီးရှင်လို့သတ်မှတ်ပြီး ကျွန်တော့်ကို လူညံ့စာရင်းသွင်းလိုက်တဲ့ နောက်ပိုင်းမှာ ပို ထင်ရှားလာပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒီလိုနှင့် ကျွန်တော်ဟာ အင်ဒီနှင့် ပညာရှင်ဆင်းရဲဖေဖေကြီးလို စာတော်သူတွေထက် သာအောင် နာမည်ကျော်အားကစားသမား၊ ဒါမှမဟုတ် လူချမ်းသာဖြစ်ဖို့ ကြိုးရမယ်လို့ တွေးခဲ့မိတာပါပဲ။

တစ်နည်းပြောရင် ကလေးတစ်ယောက်အနေနှင့် စာတော်ရင် သူ့အောင်မြင်ရေးပုံစံဟာ ကျောင်းမှာပဲရှိမှာဖြစ်ပြီး၊ ဘွဲ့တွေဂုဏ်ထူးတွေ ရတဲ့အထိ ကြိုးစားသွားရမှာပါပဲ။ ကျောင်းမှာ စာမလိုက်နိုင်တဲ့ကလေး၊ ကျောင်းမပျော်တဲ့ ကလေးဆိုရင်တော့ တခြားပုံစံကို ရှာရမှာ ဖြစ်ပါတယ်။

အဲဒီပါရဂူက အောင်မြင်ရေးပုံစံတွေနှင့် စပ်လျဉ်းပြီး တခြား မှတ်သားထိုက်တဲ့ အချက်တချို့လည်း ထုတ်ဖော်ခဲ့ပါသေးတယ်။ ကလေးရဲ့ အောင်မြင်ရေးပုံစံဟာ မိဘတွေရဲ့ပုံစံနှင့် တစ်ထပ်တည်းမကျရင် သူတို့ချင်း ကြားမှာ ပဋိပက္ခတွေ ဖြစ်တတ်ပါသတဲ့။

ပြီးတော့ ဒီလို မိသားစုပြဿနာပေါ်ရတာက မိဘတွေဟာ ကလေးရဲ့အနေအထားကို ဂရုမထားဘဲ သူတို့ပုံစံအတိုင်း ဖွတ်သွင်းမိကြတာ ကြောင့် ဖြစ်ပါသတဲ့။

မိဘတစ်ယောက်အနေနှင့် ကိုယ့်သားသမီးရဲ့ အောင်မြင်ရေးပုံစံကို အနီးကပ် ကြားနာဆင်ခြင်ဖို့ လိုအပ်ပါသတဲ့။

ဒီ့အပြင် သူတို့ချမှတ်ပေးလိုက်တဲ့ ကလေးတွေရဲ့ အောင်မြင်ရေးပုံစံ ဟာ ကလေးတွေနှင့်မကိုက်ညီမှန်း သိလိုက်တဲ့အခါမှာ အတော်ကြီး အချိန် နှောင်းသွားသလို ကလေးတွေလည်း ဒုက္ခတွေ့၊ မိဘတွေလည်း စိတ်ဆင်းရဲ ရတယ်လို့ ဆိုပြန်ပါတယ်။

တချို့မိဘတွေကတော့ ကလေးတွေရဲ့ အလုပ်နှင့် အသက်မွေး ဝမ်းကျောင်းပညာတွေကို အချိန်မီ လမ်းကြောင်း ပြောင်းပေးနိုင်ကြပါတယ်။

တချို့ကျတော့ အလုပ်မဖြစ်မှန်းသိလျက်နှင့် သူတို့ရဲ့ပုံစံဟောင်း အတိုင်း ကလေးတွေကို ခရီးဆက်ခိုင်းပါတယ်။

အဲဒီကလေးတွေခမျာ စိတ်ဓာတ်တွေကျပြီး ရှုံးနိမ့်သူတွေ ဖြစ်ကုန် ရတော့တာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

လူဆိုတာ ရှုံးရှုံးနိုင်နိုင်၊ လိုရာပန်းတိုင် ရောက်ရောက် မရောက်ရောက် ကိုယ့်ပုံစံနှင့်ကိုယ် ကိုယ်ကြိုက်တာ ကိုယ်လုပ်နေရရင် ပျော်နေတတ်ကြတာလည်း တွေ့ရပါတယ်။

ဒီစာအုပ်နောက်ပိုင်းမှာ ကလေးရဲ့ အောင်မြင်ပုံစံနှင့်ပတ်သက်လို့ အရေးကြီးပုံတွေကို နည်းနည်း ထပ်ရှင်းပြထားတာ ရှိပါသေးတယ်။

ကလေးတွေအနေနှင့် ငွေကို စိုးမိုးနိုင်စွမ်းပေးဖို့ အကြောင်းတွေ မပြောခင် လူကြီးမိဘတွေမှာ နားလည်မှုဗဟုသုတတွေ ပြည့်ထားဖို့ လိုတာတော့ အမှန်ပါပဲ။

## အယ်လ်ဘန်ဒီရဲ့ အောင်မြင်ရေးပုံစံ

ရေရှည်အလုပ်မဖြစ်တဲ့ အောင်မြင်ရေးပုံစံတွေကို ကိုင်စွဲထားသူတွေအကြောင်း ဥပမာကောင်းတစ်ခုအနေနှင့် 'သားသမီးတွေနှင့် ပေါင်းသင်းခြင်း'ဆိုတဲ့ တီဗွီဇာတ်လမ်းကို ကြည့်သင့်ပါတယ်။

ကျွန်တော်ကိုယ်တိုင် ကြည့်ခါစမှာ သိပ်မကြိုက်ပေမယ့်၊ ဘဝနှင့်အတော်လေးနီးစပ်တာတွေ့ပြီး သဘောကျလက်ခံလာမိပါတယ်။

အဓိကဇာတ်ဆောင်ဖြစ်တဲ့ အယ်လ်ဘန်ဒီဟာ ကျောင်းသားဘဝက ဘောလုံးသမားအကျော်အမော် ဖြစ်ခဲ့ပါတယ်။ ကျောင်းနေဖက် သူ့ဇနီးကလည်း အလှအပနှင့် အချစ်ကို အောင်မြင်ရေးလက်နက်သဖွယ် အသုံးချခဲ့သူပေါ့။

သူတို့ ၂-ယောက် ချစ်ကြိုက်လက်ထပ်ခဲ့ကြရာက သားသမီးတွေ ထွန်းကားလာတယ်။ အဲဒီမှာမှ တကယ့်ဇာတ်လမ်း စတော့တာကိုး။

အနှစ်-၂၀ ကြာတဲ့အချိန်။ အယ်လ်ဘန်ဒီဟာ ရှူးဖိနပ်ရောင်းသူဖြစ်လာတဲ့ကြားက ကျောင်းဘောလုံးသမားဘဝက ဗိုလ်စွဲခဲ့ရတာတွေကို တသသ စွဲလန်းနေခဲ့တယ်။ ဒါနှင့်အမျှ သူ့အတွေး အခေါ်၊ အပြုအမူ၊ အပြောအဆိုတွေဟာ နာမည်ကျော် ဘောလုံးသမားတစ်ယောက်ရဲ့ ပုံစံခလေ့ မပျောက်ဘဲရှိနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ဇနီးကလည်း ကျောင်းသူဘဝကစတိုင်အတိုင်းပဲ တီဗွီကြည့်လိုက်, အလှပြင်လိုက်နှင့်ပဲ အချိန်ကုန်ခဲ့တယ်။

သူတို့ရဲ့ ကလေး ၂–ယောက်ကလည်း မိဘခြေရာလိုက်နင်းပြီး ထောင့်မကျိုး အချိုးမကျ ကမောက်ကမတွေ ဖြစ်လာရတော့တာပေါ့။

ဒီဇာတ်လမ်းက ဟာသမြောက်တဲ့အချက်ကတော့ ကျွန်တော့်ကိုယ်ထဲမှာ အယ်လ်ဘန်ဒီ ရှိနေတာကို တွေ့ခဲ့ရခြင်းပါပဲ။

ကျွန်တော်ကိုယ်တိုင်လည်း ဘောစ်ဘောကွင်းနှင့် ကမ်းတက်မရင်းတပ်ဖွဲ့မှာ ရွှေထီးဆောင်းခဲ့ရတဲ့ဘဝကို စမြုံ့ပြန်ပြီး တမ်းတနေတတ်တာမဟုတ်လား။

သူတို့ဇာတ်လမ်းနှင့် ကိုယ့်ဘဝ ကိုယ် ပြန်လျှောင်ရယ်မိရင်းက လူ့လောကမှာလည်း အယ်လ်ဘန်ဒီနှင့် ပက်ဂ်ဘန်ဒီတွေ အများကြီးပါလားလို့ ဆင်ခြင်အတွေး ဝင်မိပါတော့တယ်။

ဒီ ဟာသ တီဗွီဇာတ်လမ်းလေးဟာ အောင်မြင်မှုတွေရပ်ဆိုင်းသွားတဲ့ အောင်မြင်ရေးပုံစံရဲ့ နမူနာကောင်းတစ်ခုပဲလို့ ဆိုရပါ့မယ်။

## စွမ်းအားပြည့် အောင်မြင်ရေးပုံစံ

ငွေနှင့်ပတ်သက်လာရင် လူတွေဟာ စွမ်းအားမပါတဲ့ အောင်မြင်ရေးပုံစံတစ်ရပ်ကို ချမှတ် ကျင့်သုံးမိကြပါတယ်။

တစ်နည်းဆိုရင် သူတို့ဆုံးရှုံးမယ့်ပုံစံကို ချမှတ်မိတာဟာ စွမ်းအားမရှိ, သုံးမရမှန်းလည်း မသိလို့ပါပဲ။

သူတို့အနေနှင့် ငွေဆုံးရှုံးစေတဲ့ နည်းတစ်ခုတည်းကိုသာ နားလည်ခဲ့ကြတာပါ။

ဥပမာပြစရာက သူကိုယ်တိုင် အခုလတ်တလော လုံးဝမကြိုက်တော့တဲ့ အသက်မွေးဝမ်းကျောင်းတစ်ခုကို ဆက်လုပ်နေရတဲ့လူတစ်ယောက်ကို တွေ့ခဲ့ရပုံပဲ ဖြစ်ပါတယ်။

ဒီလူက သူ့အဖေရဲ့ ကားအရောင်းအဝယ်လုပ်ငန်းကို အမွေခံခဲ့ရတယ်။ သူ့အဖို့ ဝင်ငွေဖြောင့်ပေမယ့် ဘယ်လိုမှ မပျော်နိုင်ခဲ့ပါဘူးတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

သူဟာ သူ့အဖေရဲ့ အလုပ်သမားတွေကိုမုန်းသလို၊ အလုပ်ပိုင်ရှင် သူဌေးရဲ့သားအဖြစ် ဆက်ဆံကြပုံတွေကိုလည်း မုန်းခဲ့တယ်။

ဒီကြားထဲကပဲ သူက အဲဒီအလုပ်မှာ ကုပ်ကပ်နေရတယ်။ သူ ဘာကြောင့် ဒီလို တွယ်ကပ်နေရတာလဲ။ ကျွန်တော်က မေးမိတယ်။ သူ ပြန်ဖြေတာတော့…

"ကျွန်တော့်အနေနှင့် ဒီဖို့ဒ်ကား အရောင်းကိုယ်စားလှယ် လုပ်ငန်း ကို ကိုယ်ပိုင်ထောင်နိုင်ဦးမယ် မထင်ပါဘူး။ ဒီတော့ အဘိုးကြီး အနား မယူမချင်း ဆက်လုပ်နေရမယ့်သဘောပေါ့။ ပြီးတော့ ဒီအလုပ်က လက်ဖျား ငွေသီးတာလည်း ပါတယ်လေ"တဲ့။

သူ့ဖော်မြူလာပုံစံက ငွေရဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ခုလို စိတ် ကျဉ်းကျပ်နေရတဲ့ အနှောင်အဖွဲ့ကရုန်းထွက်ပြီး ပိုမို လွတ်လပ်ပျော်ရွှင်တဲ့ဘဝ ကို ဖန်တီးနိုင်တဲ့စွမ်းအင်တွေ ဆုံးရှုံးကုန်ရတာတော့ သူ ထည့်မတွက်ပါဘူး။

အောင်မြင်မှုပုံစံ ပျောက်ဆုံးရတဲ့ နောက် ဥပမာတစ်ခုကတော့ မိတ်ဆွေတစ်ဦးရဲ့ ဇနီးပါပဲ။ သူကတော့ အလုပ်ကို ကြိုက်တယ်။ သို့ပေမယ့် အလုပ်က စီးပွားမဖြစ်ဘူး။

တကယ်ဆို အကြံသစ်ဉာဏ်သစ်နှင့် ပုံစံသစ်၊ ဒါမှမဟုတ် အလုပ် သစ်ကိုပြောင်းဖို့ ဆည်းပူးသင်ကြားသင့်တယ်။ ဒါပေမယ့် 'ကလေးတွေရှိလို့၊ အချိန်မရဘူး' ဆိုတဲ့ အကြောင်းပြချက် ပေးတယ်။ ဉာဏ်သစ်လောင်းဖို့ မကြိုးစားဘဲနှင့် ရှိရင်းစွဲအလုပ်ကိုပဲ အရှုံးခံဘက် တွယ်လုပ်နေတယ်။ သူ့ လက်စွဲ ဖော်မြူလာကတော့…

"ကိုယ်ကြိုက်တဲ့အလုပ်ကို အပြင်းအထန်လုပ်ရင် တစ်နေ့တော့ အောင်မြင်မှုရမှာပဲတဲ့"

အင်း။ ဒါလည်း တကယ်တမ်းကျတော့ မှန်ချင်မှ မှန်တာက လားလို့။

mgyoe.com

mgyoe.com SAMPLE BOOK

**တကယ်အောင်မြင်မယ့်**
**အောင်မြင်မှုလမ်းစဉ်ကို**
**ရှာနိုင်တဲ့စွမ်းအား**

မိဘတွေအတွက် အရေးကြီးတဲ့အချက်တစ်ခုကတော့ သားသမီးတွေကို တကယ်အောင်မြင်နိုင်တဲ့ အောင်မြင်ရေးပုံစံ, အောင်မြင်မှုလမ်းစဉ်ကို ဖန်တီးပေးရေးပါပဲ။

ပြီးတော့ ပိုပြီးအရေးကြီးတာက ဒီလို လမ်းစဉ်ချမှတ်ပေးရာမှာ ကလေးရဲ့ ရှိရင်းစွဲတိုးတက်မှု၊ သို့မဟုတ် ကိုယ်ပိုင်အရည်အသွေး ဖွံ့ဖြိုးမှုကို မထိခိုက်စေဖို့ပါပဲ။ မထိခိုက်အောင် ဂရုစိုက်ရမှာလည်း ဖြစ်ပါတယ်။

ထင်ရှားကျော်ကြားတဲ့ ဂိုဏ်းအုပ်ဘုန်းတော်ကြီးတစ်ပါးက သူ့ဘုရားကျောင်းမှာ ဟောပြောပေးဖို့ ကျွန်တော့်ကို မကြာခင်က ကမ်းလှမ်းဖိတ်ကြားခဲ့ပါတယ်။

ဒီနေရာမှာ ကြားဖြတ်ပြီး ကျွန်တော်နှင့် ဘာသာရေးအကြောင်း ပြောလိုပါတယ်။

ကျွန်တော့်မိဘတွေဟာ မက်သဒစ်ဘုရားကျောင်းတက်သူတွေပါ။ ဒါပေမယ့် ကျွန်တော်ကတော့ ၁၀–နှစ်သားအရွယ်မှာပဲ ဂိုဏ်းပေါင်းစုံက ဘုရားကျောင်းပေါင်းစုံ လိုက်တက်ခဲ့ပါတယ်။ ဒါကလည်း အမေရိကန် အခြေခံဥပဒေအကြောင်း လေ့လာနေတဲ့ ကျွန်တော့်အဖို့ ဘာသာရေးလွတ်လပ်ခွင့်နှင့် ဂိုဏ်းတွေကွဲနေပုံကို စိတ်ဝင်စားလို့ပဲ ဖြစ်ပါတယ်။

ဒီလိုနှင့် ဇရပ်သာသာ ၄–တိုင်စင် သွပ်မိုးကျောင်းလေးကအစ၊ အိမ်ကို ကျောင်းအမှတ်ထားလုပ်တဲ့ ဝတ်ပြုပွဲတွေအလယ်၊ နန်းတော်တမျှကြီးကျယ်ခမ်းနားလှတဲ့ ဘုရားကျောင်းကြီးတွေအဆုံး ဘုရားကျောင်းပေါင်းစုံနှံ့ခဲ့ပါတော့တယ်။

ဒါတင် ဘယ်ကဦးမလဲ။ လူသီရန်, ဘက်ပတစ်စ်, ဗုဒ္ဓဘာသာ, ဂျူး, ကက်သလစ်, မူစလင်, ဟိန္ဒူ စတဲ့ ဘာသာခြားတွေ စုဝေးရာဌာနတွေအထိ လိုက်လေ့လာဖူးခဲ့ပါတယ်။

၁၅ နှစ်သားလောက်ရောက်တော့ ဘုရားကျောင်းသွားတဲ့ အလေ့အထတွေ နည်းသွားပြီး၊ တစ်ခါတလေမှ ရောက်ပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီကြားထဲက ဂိုဏ်းအုပ်ဘုန်းတော်ကြီး တွမ်အင်ဒါဆင်က သူ့ဘုရားကျောင်းမှာဟောပြောပေးဖို့ လာဖိတ်တာဆိုတော့ ကျွန်တော် ရှုံ့တွန့်တွန့်ဖြစ်သွားမိတယ်။ ကျွန်တော့်ထက် ဘာသာရေးအဟော အပြောကောင်းသူတွေအများကြီးပါလို့ ဆင်ခြေကန်မိတော့၊ သူက...

"ကျုပ်က ဘာသာရေးတရားတွေ ဟောခိုင်းတာ မဟုတ်ပါဘူး။ ငွေနှင့် စီးပွားရေးပညာတွေ ပို့ချပေးဖို့ ဖိတ်တာပါ"တဲ့။

အတော်တော့ ဆန်းနေပြီ။ ဂိုဏ်းဝင် ၁–သောင်းခွဲလောက်ရှိတဲ့ ခရစ်ယာန်ဂိုဏ်းအုပ်ကြီးရဲ့စကားကြောင့် ကျွန်တော် ပြုံးရမလို ရယ်ရမလို အနေခက်သွားရပါတယ်။

"ဘုရားကျောင်းမှာ ငွေကိုတပ်မက်တာဟာ မကောင်းတဲ့ အကုသိုလ်ပဲလို့ အရှင်ဘုရား ဟောနေကျပဲ။ ပြီးတော့ ဆင်းရဲနွမ်းပါးသူတွေဟာ လူချမ်းသာတွေထက် ကောင်းကင်ဘုံတက်လှမ်းဖို့ အခွင့်အရေးပိုများတယ်လို့ ပြောခဲ့တာပဲ မဟုတ်လား။ ကုလားအုတ်တစ်ကောင်, သူဌေးကြီးတစ်ယောက်နှင့် အပ်နဖားပေါက်လေးအကြောင်း သင်ခန်းစာပေး ပုံပြင်တောင် ရှိပါသေးတယ်။ ကျွန်တော့်လို သူဌေးဖြစ်ကြံနေတဲ့လူတွေနှင့်တော့ ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲ။ ဒါကြောင့် ဘုရားကျောင်းတက်ဟောဖို့ ဖြစ်ပါ့မလားလို့"

ဘုန်းတော်ကြီးက ခပ်ဟက်ဟက်ကလေး ရယ်လိုက်ပါတယ်။

"ဒကာကြီး လောလောဆယ် ဘယ်ဘုရားကျောင်းတွေ တက်နေတယ်ဆိုတာ ကျုပ် မသိပါဘူး။ ဒါပေမယ့် ကျုပ်ဘုရားကျောင်းမှာတော့ အဲသလိုဟောတာ မဟုတ်ပါဘူး။ ဘုရားကျောင်းတစ်ခုနှင့် တစ်ခု သင်ကြားပို့ချတာတွေလည်း တူတာမှ မဟုတ်တာ။ ကျုပ်ကတော့ ဘုရားသခင်ဟာ ချမ်းသာ,ဆင်းရဲ မခွဲဘဲ လူသားအားလုံးကို ချစ်တယ်, မေတ္တာထားတယ်လို့ပဲ ဟောတာပါ"

ဒီဂိုဏ်းအုပ်ဆရာတော် တွမ်နှင့် တွေ့ခါမှပဲ ကျွန်တော် တစ်သက်လုံး အသိမှား, အမှတ်မှား, အယူမှားခဲ့တဲ့အဖြစ်ကို သိလိုက်ရပါတော့တယ်။

ဘုန်းတော်ကြီး နောက်ဆုံးပြောသွားတဲ့စကားကတော့ တစ်သက်စာမှတ်လောက်ပါပေရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

"အိမ်း။ တစ်ခါတလေ သူ့အလိုလို စိတ်ထဲကသိတဲ့ ထိုးထွင်းဉာဏ် ၁-အောင်စဟာ ပညာဗဟုသုတ ၁-တန်လောက်ကို ပြောင်းလဲပစ်နိုင်စွမ်း ရှိသကွယ့်"တဲ့။

ပညာသားပါတဲ့ ဒီစကားလုံးတွေဟာ ကျွန်တော့်အသည်းထဲ စွဲနစ်ဝင်ခဲ့ရတာ အမှန်ပါ။

ဒီစကားလုံးတွေထဲမှာ နက်ရှိုင်းတဲ့အတွေးအမြင်နှင့် တိကျမှန်ကန်မှုတွေ တကယ် ပါပါတယ်။

၃ လကြာတဲ့နောက် ကျွန်တော်ဟာ ဆရာတော်ရဲ့ ကျောင်းကို သွားပေးလှောပေးခဲ့ပါတယ်။ ဘုရားကျောင်း တရားဟောစင်မြင့်က ဟောပြောရင်းက ကျွန်တော့်ရဲ့ ကိုယ်ပိုင်ထိုးထွင်းသိစိတ် ၁-အောင်စကို ပြောင်းလဲပစ်ပေးလိုက်တဲ့ အတွေ့အကြုံကို ခံစားလိုက်ရတော့တာပါပဲ။

၁-အောင်စနှင့်
၁-တန်
အားပြိုင်ပွဲ

သူဌေးဖေဖေ ပြောတတ်ပါတယ်။

"မင်း လူဆင်းရဲတွေကို ချမ်းသာအောင်လုပ်ဖို့ သင်ပေးလို့ ဘယ်တော့မှ မရဘူးကွ။ ချမ်းသာပြီးသားလူကို ပိုချမ်းသာအောင်ပဲ သင်ပေးနိုင်မယ်"

ဆင်းရဲဖေဖေ ပြောနေကျကတော့…

"ငါ တစ်သက်လုံး ချမ်းသာမှာ မဟုတ်ဘူး။ ငါမှ ငွေကို စိတ်မဝင်စားတာ"။ ပြီးတော့ "ငါ တတ်နိုင်မှာ မဟုတ်ဘူး"တဲ့။

ဆေးကုသစရိတ်အကြွေးတွေ တင်တာနှင့် အသက်ကြီးတဲ့အထိ ငွေရေးကြေးရေး အဆင်မပြေမှုတွေကြောင့် ဒီလေသံ ထွက်လာတာလို့ ယူဆစရာပါပဲ။

ကျွန်တော်ကတော့ ဒီလို မထင်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ရဲ့ ၁–အောင်စလောက်ရှိတဲ့ အသိအမြင်က မပြေလည်တဲ့ ငွေကြေးပြဿနာတွေကို သယ်ဆောင်လာတာပဲ ဖြစ်မယ်လို့ အောက်မေ့ပါတယ်။

ကျွန်တော်ဟာ ဂိုဏ်းအုပ်ဘုန်းတော်ကြီး တွမ်အင်ဒါဆင်းနှင့် တွေ့ပြီးတဲ့နောက်မှာ ဒီစာအုပ်ကိုရေးထုတ်ဖို့ အာသီသပြင်းခဲ့ပါတယ်။

ဒီစာအုပ်ရဲ့ ရေးဖော်ရေးဖက် ရှရွန်လက်ချ်တာက...

"ဒီစာအုပ်ကို မိဘတွေအတွက် ရည်ရွယ်ရေးမှာလား"ဆိုတော့ ဝမ်းသာအားရ ခေါင်းညိတ်ခဲ့မိတာပေါ့။

စင်စစ်မှာလည်း ကလေးတစ်ယောက်ရဲ့ ထိုးထွင်းဉာဏ်နှင့် ဘဝ အသိအမြင်ကို အဓိကကြီးစိုးလွှမ်းမိုးထားသူတွေဟာ မိဘတွေပဲ မဟုတ်ပါလား။

ပြောခဲ့သလို ကျွန်တော်နှင့် ကမ်တို့မှာ သားသမီး မထွန်းကားခဲ့လေတော့ 'မိဘကောင်းဖြစ်နည်း'ရယ်လို့ မပြောရပါဘူး။

ကလေးတွေရဲ့ စီးပွားရေးအသိဉာဏ်ကို အားဖြည့်တည့်မတ်ပေးနိုင်ဖို့သာ ရည်ရွယ်ခဲ့တာပါ။

အရေးကြီးဆုံးအချက်က မိဘတစ်ယောက်အနေနှင့် ငွေကြေး စီးပွားရေးဆိုင်ရာ ထိုးထွင်းဉာဏ်နှင့် အသိအမြင်တွေကို ဖန်တီးပေးနိုင်တယ် ဆိုတာပါပဲ။

မိဘတွေက သူတို့ရဲ့သားသမီးတွေအပေါ် 'ငွေကျွန်'ဖြစ်မယ့် အစား၊ 'ငွေသခင်'ဖြစ်ရေးဆိုတဲ့ အမြင်ဉာဏ်ကို ပေးတတ်စေချင်ပါတယ်။

သူဌေးဖေဖေ စကားအရ...

"ငွေတွေ ပိုပို လိုလာတာနှင့်အမျှ ငွေအပေါ်မှာ လွှမ်းမိုးအနိုင် ယူနိုင်တဲ့စွမ်းအားတွေ လျော့လျော့သွားမယ်"ဆိုတာ သတိပြုဆင်ခြင်ဖို့ လိုပါတယ်။

ဒီနေ့လူငယ်တွေဟာ အရွယ်မတိုင်မီမှာပဲ ခရက်ဒစ်ကတ်တွေ ကိုင်ခွင့်ရနေကြပါတယ်။

ကျွန်တော့်ရဲ့ လုပ်ငန်းဖော်ဖြစ်တဲ့ ရှရွန်လက်ချ်တာရဲ့သား ကိုယ်တိုင်

mgyoe.com

mgyoe.com SAMPLE BOOK

ကောလိပ်ကျောင်းက ခရက်ဒစ်ကတ်တွေရဲ့ အကြွေးထောင်ချောက်ထဲ ကျခဲ့ရပါတယ်။ ဒါတောင် CPA ဘွဲ့ရ စီးပွားရေးပညာရှင် သူ့အမေက ငွေနှင့်ပတ်သက်လို့ သုံးတတ်စွဲတတ်အောင် သင်ပေးထားတဲ့ကြားက ဖြစ်ခဲ့ရတာပါ။

ရှုရှန်က ငွေကျွမ်းကျွမ်းကျင်ကျင် သုံးစွဲတတ်ရေး သင်ပေးထားခဲ့ပေမယ့် နောက်ပိုင်းမှာ သားဖြစ်သူက ခရက်ဒစ်ကတ်တွေရဲ့ ရင်တသိမ့်သိမ့်ဖြစ်အောင်ညှို့ဆွဲမှုကို ခံခဲ့ရတာပဲ ဖြစ်ပါတယ်။

ရှုရှန်အနေနှင့်လည်း သူ့သားတောင် ဒုက္ခတွေ့ရတဲ့နောက်တော့ တခြားကလေး သန်းပေါင်းများစွာနှင့် မိဘတွေဟာလည်း ဘဝအစမှာတင် စီးပွားရေးပြဿနာ တွေ့နေရမှာ မလွဲဘူးဆိုတာ သိလိုက်ပါသတဲ့။

ဒါဟာ ၁ အောင်စကို မသိလို့ ၁ တန် အဖိခံရတဲ့သဘောပါပဲ။

ဆင်းရဲဖို့
ဆင်းဆင်းရဲရဲ မွေးလာတာ
မဟုတ်ကြပါဘူး

လူဆင်းရဲအများအပြား ဆင်းရဲရတဲ့အကြောင်းရင်းက သူတို့အိမ်ထဲမှာ, သူတို့မိသားစုထဲမှာ ဆင်းရဲဖို့ပညာသာ သင်ခဲ့ရလို့ပါပဲ။

လူချမ်းသာတွေနှင့် လူလတ်တန်းစားတွေဟာလည်း ဆင်းရဲမယ့်အသိဉာဏ်, အတွေးအမြင်တွေ ဝင်လာတာနှင့် ဆင်းရဲသွားနိုင်ပါတယ်။

'တစ်သက်လုံး ချမ်းသာမှာ မဟုတ်ဘူး။ ဆင်းရဲတွင်း နက်နေမှာပဲ'ဆိုတဲ့ အသိကို စွဲထားတာကြောင့် ပါမောက္ခဖေဖေကြီး ဒုက္ခရောက်ခဲ့ရတာ ဖြစ်ပါတယ်။ ဘုန်းတော်ကြီးအင်ဒါဆင်း ပြောသလိုဆိုရင် ဒီအသိလေးကိုပြောင်းပစ်ဖို့ သင်ခန်းစာတွေ, ပညာတွေ ၁–တန်လောက် လိုပါလိမ့်မယ်။

ဆင်းရဲဖေဖေအနေနှင့် ငွေတွင်းတူးရင်း ဆင်းရဲတွင်းနက်ခဲ့ရတဲ့အဖြစ်၊ သို့မဟုတ် သင်ခန်းစာတွေနှင့်အတူ ငွေတွေ တန်ချီရခဲ့ပေမယ့် သူ့အမြင် အယူအစွဲ ၁–အောင်စလေးကို မပြုပြင် မပြောင်းလဲခဲ့တာကြောင့် လူလုံးမလှ အပူလုံးကြွခဲ့ရတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် စီးပွားပျက်ပြီး ကုမ္ပဏီပြုတ်သွားတဲ့အချိန်မှာ အသည်းအသန် အခက်အခဲဆုံးလုပ်ခဲ့ရတာက ကျွန်တော့်အမြင် အသိတွေကို တိမ်းပါးမသွားအောင် ထိန်းသိမ်းဖို့ပဲ ဖြစ်ခဲ့ပါတယ်။

သူဌေးဖေဖေရဲ့ ဆုံးမသွန်သင်ချက်တွေအရ ထိုးထွင်းဉာဏ်နှင့် ကိုယ်ပိုင်အသိအမြင်တွေသာ အခိုင်အမာ ရမထားခဲ့ရင် ကျွန်တော် ယိုင်လဲသွားရာက ပြန်ထောင်ထလာနိုင်မှာ မဟုတ်ပါဘူး။

ဒီနေ့ ကျွန်တော့်မိတ်ဆွေတွေ စီးပွားပျက်သွားရာက ပြန်မတ်လာတာ ရှိကြပါတယ်။ သူတို့ဟာလည်း အတွေ့အကြုံက သင်ခန်းစာထုတ်ပြီး အားနည်းတဲ့ ကိုယ်ပိုင်အမြင်တွေကို စွန့်လွှတ်ခဲ့တာကြောင့် နလန်ပြန်ထူလာတာပဲ ဖြစ်ပါတယ်။

ဒီစာအုပ်ရဲ့ အကြောင်းအရာအများစုဟာ မှန်ကန်ထက်မြက်တဲ့ ကိုယ်ပိုင်အသိဉာဏ်တွေကို လောကဓံတွေ ဘယ်လိုပဲကြုံကြုံ မလွှတ်တမ်း ကိုင်ဆုပ်ထားဖို့ မိဘတွေကတစ်ဆင့် ကလေးတွေကို သင်ကြားပေးရေး ဦးစားပေးထားပါတယ်။

ကလေးတွေကို စီးပွားရေး၊ ပညာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသက်မွေးဝမ်းကျောင်းရေးနှင့် ဘဝခရီးမှာ ကြုံတွေ့လာသမျှ စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံ တွန်းလှန်ရပ်တည်နိုင်မယ့် စွမ်းအားရှိတဲ့ အသိအမြင်တွေ သွတ်သွင်းပေးထားဖို့ အရေးကြီးကြောင်း ပြဆိုနေတာဆိုလည်း မမှားပါဘူး။

အထူးသဖြင့် ကြည်လင်ပြတ်သားပြီး ခိုင်မာတဲ့စီးပွားရေး အမြင်တွေရှိထားရင် ဘယ်ဘဝပဲရောက်ရောက် ကြောက်စရာမလိုဘူးဆိုတာ သိစေချင်ပါတယ်။

ကျွန်တော့်ရဲ့ ကိုယ်ပိုင်ထိုးထွင်းဉာဏ်နှင့် အသိအမြင်တွေကို မယိမ်းမယိုင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတာ အဖေ ၂–ယောက်စလုံးက သင်ပေးခဲ့တဲ့ သင်ခန်းစာတွေပါပဲ။

အဖေတစ်ယောက်က ကျွန်တော် နောက်ပြန်တပ်လန်သွားတဲ့အချိန်မှာ စာသင်ကြားချင်စိတ် အားကောင်းလာအောင် ဖေးမပေးခဲ့သလို၊ ကျန်တဲ့အဖေကလည်း စီးပွားရေးပညာ အားကောင်းလာအောင် ပံ့ပိုးခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘဝလမ်းတစ်လျှောက်မှာ ကိုယ်ပိုင်ဉာဏ်, ကိုယ်ပိုင်အသိစွမ်းအား တွေကို ပျောညှံ့စေတဲ့အဖြစ်တစ်ခုခုတော့ လူတိုင်း ကြုံရစမြဲပါ။ အဲဒီအခါတိုင်း ခုလိုအသံတွေ ကြားရပါတယ်။

* ငါ့မှာ ကြွေး လည်ပင်းခိုက်နေပြီ။ အလုပ် ဆက်မလုပ်လို့ မဖြစ်ဘူး။
* ငါ လုပ်လက်စကြီးနှင့် ပစ်သွားလို့ မရတော့ဘူး။
* ငွေလေးနည်းနည်းပါးပါး ပိုရရင် တော်ပါပြီ။
* ကလေးတွေသာ မရှိရင် ငါ့ဘဝ ဒီထက်ပိုကောင်းမှာ။
* တစ်သက်လုံး ချမ်းသာစရာအကြောင်း မမြင်တော့ပါဘူး။
* ကိုယ်ပိုင်လုပ်ငန်း စချင်ပေမယ့် ပုံမှန်ဝင်ငွေ မရမှာစိုးတယ်။
* အကြွေးတောင် မဆပ်နိုင်တဲ့ဘဝမှာ ဘယ်လိုလုပ် ရင်းနှီးမြှုပ်နှံမှု လုပ်မလဲ။
* ငွေ အရှုံးမခံနိုင်ဘူး။
* ခရက်ဒစ်ကတ်ကြွေးတွေရှင်းဖို့ အိမ်ပေါင်မှ ဖြစ်တော့မယ်။
* ချမ်းသာတယ်ဆိုတာ လူတိုင်းအတွက် မဟုတ်နိုင်ပါဘူး။
* ငွေကို ဂရုမစိုက်ဘူးကွ။ ငွေဟာ ငါ့အတွက် အဓိကမဟုတ်ဘူး။
* ဘုရားသခင်က ငါ ချမ်းသာစေချင်ရင် ငွေတွေ ပုံပေးမှာပေါ့။

ဒီနေရာမှာ သူဌေးဖေဖေရဲ့စကားကို ပြန်ကောက်ချင်ပါတယ်။

"မင်း ငွေတွေ ပိုလိုတာနှင့်အမျှ အစွမ်းသတ္တိတွေ လျော့လျော့ သွားမှာပဲ"တဲ့။

ကျောင်းမှာ ပညာတော်ခဲ့ပြီး လခကောင်းတဲ့အလုပ်တွေ ရနေတဲ့ လူတွေ တစ်ပုံကြီး ရှိပါတယ်။

ဒါပေမယ့် သူတို့ဟာ ငွေရှာနည်း, ငွေသုံးနည်း, ငွေကိုင်နည်းတွေ မတတ်တာကြောင့် ငွေအတွက် ဆင်းရဲပင်ပန်းစွာလုပ်ပြီး နှစ်ရှည် ကြွေး သံသရာထဲမှာ မလွတ်တမ်း ပိတ်မိနေကြရရှာပါတယ်။

သူတို့တွေ ငွေ ပိုလိုလာလေ အချိန်တွေ ပိုလိုလာလေဖြစ်ပြီး၊ သူတို့ရဲ့ ကိုယ်ပိုင်ဉာဏ်ဖွံ့ဖြိုးမှုတွေ ပိုကျလာရလေပဲပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်သူငယ်ချင်းတွေထဲမှာ ကျောင်းသားလုပ်စားနေသူတွေ အများကြီးရှိပါတယ်။ တချို့ဆိုရင် ကျောင်းဆွေးလူဆွေးနေရင်းနှင့် ခုထိ အလုပ်လက်မဲ့ ဖြစ်နေတုန်းပါပဲ။

သူငယ်ချင်းတစ်ယောက်ဆိုရင် မဟာဘွဲ့ ၂–ထပ် ရထားတဲ့အပြင်၊ ဒေါက်တာဘွဲ့ပါ ယူထားသူ ဖြစ်ပါတယ်။

သူ့ဝတ်ထားတဲ့ပညာတွေဟာ ၁–တန်မက ၁၀–တန် လောက်တောင် ရှိတယ်လို့ ဆိုရပါ့မယ်။ ဒါပေမယ့် စီးပွားရေးအရရော အသက်မွေးဝမ်းကျောင်း လုပ်ငန်းအရပါ ရုန်းကန်လှုပ်ရှားနေရဆဲပါ။ ဒါဟာ သူ့မှာ ထိုးထွင်းဉာဏ် ၁–အောင်စတောင် ရှိပါ့မလားလို့ သံသယဖြစ်စရာပဲ ဆိုပါတော့။

ငွေက
ချမ်းသာအောင်
လုပ် မပေးနိုင်ပါ

လူတွေဟာ တချို့က ထိပ်တန်းရောက်ဖို့မျှော်လင့်ပြီး အောင်မှတ်ကောင်းဖို့နှင့် တက္ကသိုလ်ကဘွဲ့တွေကို စုဆောင်းသလိုပဲ၊ တချို့ကလည်း ချမ်းသာရေးမျှော်မှန်းပြီး ငွေစုကြပါတယ်။

ကျွန်တော့်ရဲ့ ယုံကြည်မှုအရကတော့ ထိုးထွင်းဉာဏ်နှင့် ငွေကြေးဆိုင်ရာအသိဉာဏ် နည်းပါးမှုကို ကျော်လွှန်နိုင်ရေးပဲ ဖြစ်ပါတယ်။

ကျွန်တော်ဟာ တခြားလူတွေလို ပညာမတော်တာကို အောင်မှတ်တွေအရ သိခဲ့ရပါတယ်။

အဲဒီလိုပဲ ပိုက်ဆံရှိတဲ့ မိသားစုတွေကိုတွေ့မှ ကိုယ့်ကိုယ်ကိုယ် ဆင်းရဲကြောင်း သိခဲ့ရတာပါ။

ဒါဟာ ဒီစာအုပ်ကို 'ချမ်းသာတဲ့ကလေး ပါးနပ်တဲ့သူငယ်'လို့ နာမည်ပေးခဲ့ရခြင်း အကြောင်းတစ်ရပ်ပါပဲ။

ကျွန်တော်က သားသမီးတိုင်းဟာ ချမ်းသာဖို့နှင့် ပညာတော်ဖို့ အစွမ်းအစတွေရှိတယ်လို့ ရိုးသားစွာ ယုံကြည်ခဲ့ပါတယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

သူတို့ဟာ ထိုးထွင်းသိမြင်နိုင်တဲ့ ဉာဏ်စွမ်းတွေရှိနေသမျှ ကျောင်းသင်ပညာရေးက ဘယ်လောက်ပဲ ကြီးမားတဲ့အင်အားတွေနှင့် 'တန်'ချိပြီး ဖိနှိပ်ထားပေမယ့်၊ ရုန်းထဖောက်ထွက်ပြီး ဘဝအောင်မြင်ရေးကို လုပ်ဆောင်နိုင်မှာပဲလို့ ခံယူခဲ့ပါတယ်။

ဘဝဆိုတာ ကြမ်းတမ်းလှတဲ့စစ်မြေပြင်နှင့် မခြားပါဘူး။ ဒါပေမယ့် ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စ မရှိဘူးဆိုရင်တော့ ပညာရည် မချွန်နိုင်သလို၊ ချမ်းသာနိုင်မှာလည်း မဟုတ်တဲ့အတွက် ပို ကြမ်းတမ်းခက်ထန်တဲ့ တိုက်ပွဲတွေကို ရင်ဆိုင်ရမှာ သေချာပါတယ်။

မိဘတစ်ယောက်ရဲ့ အရေးကြီးဆုံး အပိုင်းကဏ္ဍကတော့ သားသမီးတွေရဲ့ ကိုယ်ပိုင်အသိဉာဏ်ကို အပွေးတက်အောင် ပြုစုပျိုးထောင် ကာကွယ်စောင့်ရှောက်ပေးဖို့ပါပဲ။

## လူကြီးပိုင်းများ
## သူတို့ သိထားတာတွေကို
## မေ့ပစ်စေခြင်း

လူကြီးသင် ဆရာတစ်ယောက်အနေနှင့် လူချမ်းသာတစ်ယောက်ကို ပိုချမ်းသာအောင်နှင့် လူတော်တစ်ယောက်ကို ပိုတော်အောင် သင်ကြားရတာ လွယ်တာ တွေ့ရပါတယ်။ ဒါပေမယ့် အောက်ပါဆင်ခြေတွေနှင့် တင်းခံနေတဲ့လူမျိုးကိုတော့ ချမ်းသာအောင်သင်ဖို့ အလွန်ခက်ခဲပါတယ်။

* ကျူပ်ငွေကွေ့ ဆုံးသွားရင် ဘယ့်နှယ်လုပ်မလဲ။
* လုံခြုံရေးနှင့် အလုပ်မြဲရေး အာမခံချက်ရှိဖို့တော့ လိုတယ်မလာ။
* ဘာပြောတယ်။ အခမဲ့ ဝင်လုပ်ရမယ်။ ဟုတ်လား။
* အကြွေးနွံထဲ မနစ်စေနှင့်။
* အလုပ်ကြိုးစားပြီး ပိုက်ဆံစုတာ မှန်တယ်။
* အေးအေးလူလူနေတာ ကောင်းပါတယ်။ အန္တရာယ်ရှိတဲ့ အလုပ်မျိုးတော့ မစွန့်စားသင့်ဘူး။
* ချမ်းသာလာရင် ပို ဆိုးသွမ်းယုတ်မာပြီး မောက်မာရုံ ရှိတော့မပေါ့။

mgyoe.com

mgyoe.com

* လူချမ်းသာတွေဟာ လောဘ သိပ်ကြီးတယ်။
* ညစာထမင်းဝိုင်းမှာ ငွေကိစ္စ ဘယ်တော့မှ မဆွေးနွေးသင့်ပါဘူး။
* ကျွန်တော်တော့ ငွေကို စိတ်မဝင်စားဘူး။
* ကျုပ် တတ်နိုင်မယ် မထင်ပါဘူးဗျာ။
* ဒီအလုပ်က ကုန်ကျစရိတ် သိပ်များတယ်။

ဒီစကားတွေဟာ တစ်ယူသန်မှုအမြစ်တွယ်နေတဲ့ လူတွေရဲ့ အသံတွေပါပဲ။

ကျွန်တော်က အတန်းကြေးကို ဒေါ်လာ ရာနှင့်ထောင်နှင့်ချီ တင်လိုက်တဲ့အခါကျတော့မှ အဲဒီလိုလူစားတွေ ပြေးကုန်ကြပြီး၊ ဖြောင့်ဖြောင့်တန်းတန်း ဆက်သင်လို့ရတာ တွေ့ရပါတယ်။

'မတတ်နိုင်ဘူး'
ဆိုတဲ့စကား
မပြောကြေး

သူဌေးဖေဖေဟာ ဝါရင့် ကုထုံးပညာရှင် မဟုတ်တဲ့တိုင်အောင် 'ငွေဆိုတာ စိတ်ကူးတစ်ခုပဲ'လို့ သိရာမှာ အတော်လေးကျွမ်းပါတယ်။

သူက ကျွန်တော်နှင့် မိုက်ခ်ကို ကိုယ်ပိုင်အသိအမြင် ဉာဏ်စွမ်းတွေနှင့် ပြုပြင်ပြောင်းလဲနိုင်အောင် 'ကျွန်တော်တော့ တတ်နိုင်မှာ မဟုတ်ဘူး'ဆိုတဲ့ စကားကို ဘယ်တော့မှမပြောနှင့်လို့ တားမြစ်ခဲ့ပါတယ်။

အဲဒီအစား 'ငါ ဘယ်လို တတ်နိုင်မလဲ။ ဘာလုပ်နိုင်မလဲ' ဆိုတာမျိုးပဲ တွေးခိုင်းခဲ့ပါတယ်။

ဒါဟာ ကျွန်တော့်ကိုယ် ကျွန်တော် သူဌေးစိတ်ပေါက်အောင်၊ လူတော်တစ်ယောက်ရဲ့ ဉာဉ်ဝင်အောင် ကိုယ်ပိုင်အသိဉာဏ်ကို အားမြှင့်ရိုက်သွင်းခဲ့တဲ့ သူဌေးဖေဖေရဲ့ ပညာခန်းတစ်ခုပါပဲ။

တကယ်လို့ မိတ်ဆွေရဲ့ကလေးက ပိုက်ဆံတောင်းလာရင် ခုလို ပြောကြည့်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းအနေနှင့် သိက္ခာရှိရှိနှင့် တရားသဖြင့် ငွေရှာနိုင်မယ့် နည်း ၁၀–မျိုးလောက် အဖြေကို ရေးပြစမ်းကွာ။ ဒါဆို မင်း အဖြေဆီမှာ အောက်ကျ နောက်ကျ လက်ဖြန့်တောင်းစရာ မလိုတော့ဘူးပေါ့"လို့။

"ကျွန်တော် မတတ်နိုင်ဘူး" ဆိုတာနှင့် "ကျွန်တော် ဘယ်လို တတ်နိုင်မလဲ"ဆိုတဲ့ စကား ၂–ရပ်ကို ဆန်းစစ်ကြည့်ရင်၊ ဒုတိယစကားက ခင်ဗျားဦးနှောက်ထဲမှာ ချမ်းသာရေးလမ်းစကို ဖွင့်ပေးတာပဲဆိုတာ သိပါ လိမ့်မယ်။

ပထမစကားကတော့ ခင်ဗျားရဲ့လိုအင်ဆန္ဒ ပြည့်ဝရေးကို ပိတ်ပင် လိုက်တာပဲဖြစ်ကြောင်း တွေ့ရမှာပါ။

ဒီစာအုပ်အစမှာ 'ပညာရေး'ဆိုတဲ့ ဝေါဟာရဟာ လက်တင်စကား က လာတာဖြစ်ပြီး 'ဆွဲထုတ်တာ'လို့ အဓိပ္ပာယ်ရတဲ့အကြောင်း ပြောခဲ့ပါပြီ။

ကျွန်တော်တို့ရဲ့ စကားအသုံးအနှုန်းတွေကိုကြည့်ရင် ကိုယ်ပိုင် ဉာဏ်စွမ်းဉာဏ်စ, အသိတရားတွေကို လှုံ့ဆော်ဖန်တီးပေးနေတာမှန်း အရှင်း သား သတိပြုမိနိုင်ပါတယ်။

စကားအသုံးအနှုန်း ပြောင်းရုံလေးနှင့် (လိုလိုလားလားရှိရင်) ကျွန်တော်တို့ရဲ့ အသိအမြင်တွေကို ပြောင်းပြီးသား ဖြစ်သွားမှာပါပဲ။

ဒီလိုနှင့် ကျွန်တော့်ကိုယ် ကျွန်တော် "ငါ ဘယ်လိုတတ်နိုင်မလဲ" လို့ ပြန်မေးပြီး အားပေးခဲ့တာပါ။

ဒါနှင့်ပဲ ကျွန်တော့်ကိုယ်ထဲက ဉာဏ်ကြီးရှင်သူဌေးတစ်ဦးကို ဆွဲ ထုတ်လိုက်နိုင်ပါတယ်။

"ငါ တတ်နိုင်မှာ မဟုတ်ဘူး'ဆိုလိုက်တာနှင့် အသင့်စောင့်နေတဲ့ ငမွဲကောင်ဟာ က,ပြီးထွက်လာတော့မှာအမှန်ပါပဲ။

mgyoe.com